ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

### ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 11 September 2022 ၁၀၈၅၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။
၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Ulan-Ude မြို့ရှိ ရုရှားသိပ္ပံအကယ်ဒမီ၊ မွန်ဂို၊ တိဘက်နှင့် ဗုဒ္ဓဘာသာလေ့လာရေးအင်စတီကျု၊ ဆိုက်ဘေးရီးယားဌာနခွဲ၊ ဈူကလီးယားဆေးဘက်ဆိုင်ရာစင်တာ၊ ကင်ဆာဌာနနှင့် ရထားစက်ခေါင်းပြင်ဆင်ရေးအလုပ်ရုံတို့သို့ သွားရောက်ကြည့်ရှုလေ့လာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ Ulan-Ude မြို့ရှိ မီးရထားစက်ခေါင်းပြင်ဆင်ရေး အလုပ်ရုံတွင် ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Republic of Buryatia ပြည်နယ် အစိုးရအဖွဲ့အကြီးအကဲ Aleksey Sambuyevich Tsydenov နှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် Ulan-Ude မြို့ရှိ ရုရှားသိပ္ပံအကယ်ဒမီ၊ ဈူကလီးယားဆေးဘက်ဆိုင်ရာစင်တာ၊ ကင်ဆာဌာနနှင့် ရထားစက်ခေါင်းပြင်ဆင်ရေးအလုပ်ရုံတို့သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

**ဆိုဗီယက်ရင်ပြင်သို့ ရောက်ရှိလေ့လာ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Ulan-Ude မြို့ရှိဆိုဗီယက်ရင်ပြင်သို့ရောက်ရှိလေ့လာကြရာ Buryatia ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲက ရှင်းလင်းပြောကြားခဲ့ပြီး ဆိုဗီယက်ပြည်ထောင်စု၏ သမိုင်းဝင် အမျိုးသားခေါင်းဆောင်ကြီး လီနင်၏ ဦးခေါင်းပုံရုပ်တုရှေ့တွင် မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

## ယနေ့ ဖတ်စရာ

ပညာရည်မြင့်မားရေးမှသည် ဒီမိုကရေစီနှင့် အနာဂတ် နိုင်ငံတော်ဆီသို့
ဆောင်းပါး စာမျက်နှာ » ၆

ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၊ လက်လီလက်ကား အခွန်လွတ်ဈေး နေပြည်တော် မြို့မဈေးတွင်ဖွင့်လှစ်
စာမျက်နှာ » ၈

လူကုန်ကူးမှုဖြစ်ပွားရခြင်းဇာစ်မြစ်များ
ဆောင်းပါး စာမျက်နှာ » ၁၁

ရိုးရာအစဉ်အလာ ဂုဏ်ယူစွာဖြင့်
ဆောင်းပါး စာမျက်နှာ » ၁၈

ကြေးမုံ

# ပညာသင်ယူမှုပတ်ဝန်းကျင်လွှမ်းခြုံချဲ့ထွင်

မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင် စာမတတ်သူနှင့် ပညာကိုဆုံးခန်းတိုင်အောင် မသင်ယူနိုင်ကြသူများရှိနေသည်။ နိုင်ငံတစ်နိုင်ငံတွင် ပညာသင်ယူသူများပေါများမှ၊ ပညာတတ်နှုန်း၊ ပညာတတ်မှုအဆင့်အတန်း မြင့်မားတိုးတက်မှ အဆိုပါနိုင်ငံသည်ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်မည်။ ထို့ကြောင့် နိုင်ငံတိုင်းသည် ပညာရေးကိုဦးစားပေးပြီး ပညာသင်ကြားရေးတွင် အားလုံးပါဝင်နိုင်ရေး စီးပွားရေးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ပညာသင်ကြားမှုနှုန်း နိမ့်ကျနေခြင်း၏ အဓိကအကြောင်းရင်းမှာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေခြင်းသည် အဓိကအချက်ဖြစ်၍ လူမှုစီးပွားမြင့်မားတိုးတက်လာစေမည့် အခြေအနေကောင်းများကို နိုင်ငံတော်အစိုးရက ဖန်တီးဖော်ဆောင်ပေးနေသည်။ အားလုံးပါဝင်သည့် လက်လှမ်းမီသော ပညာသင်ကြားမှုပတ်ဝန်းကျင်ကို ချဲ့ထွင်နိုင်ရန်အတွက် အမျိုးသားပညာရေးဥပဒေ (၂၀၁၄)တွင် အခမဲ့ပညာရေးကိုထည့်သွင်းပြီး အဆင့်ဆင့်တိုးချဲ့ဦးတည် မျှော်မှန်းလုပ်ကိုင်လျက်ရှိသည်။ နိုင်ငံသားတိုင်း ပြောင်းလဲလာသော ခေတ်စနစ်၏လိုအပ်ချက်အရ KG+9 ဖြစ်သော အခြေခံပညာအလယ်တန်းအဆင့်ပြီးမြောက်ရေး၊ စိုက်ပျိုးရေးပညာနှင့် နည်းပညာဆိုင်ရာကျွမ်းကျင်သူများဖြစ်လာစေရန် ဆက်လက်သင်ယူသွားနိုင်ရေးကို ဦးတည်လုပ်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့်သန်းခေါင်စာရင်းအရ အသက် (၁၅) နှစ်နှင့်အထက် စာမတတ်သူ ၃ ဒသမ ၅ သန်းရှိပြီး အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာကို ပြီးဆုံးအောင်မသင်ကြားနိုင်ခဲ့သည့် ကလေးသူငယ် ၂ ဒသမ ၇ သန်းရှိကြောင်းသိရသည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ အသက် (၁၅)နှစ်နှင့်အထက် စာမတတ်သူများကို နှစ်အလိုက်လျှော့ချနိုင်ရေးအတွက် အမျိုးသားပညာရေးအထူးစီမံကိန်းများကို ထည့်သွင်းရေးဆွဲပြီး အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံသားတိုင်း စာတတ်မြောက်မှ၊ နိုင်ငံသားတိုင်း ပညာတတ်မြောက်မှ၊ ကျွမ်းကျင်လူ့စွမ်းအားအရင်းအမြစ်များပေါများမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀)တွင် ကျောင်းပြင်ပရောက်ကလေးငယ်များအတွက် ကျောင်းပြင်ပမူလတန်းပညာရေး၊ ကျောင်းပြင်ပ အလယ်တန်းပညာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးနှင့် စာမတတ်သူများအတွက် အခြေခံစာတတ်မြောက်ရေးအစီအစဉ်များကို ရေးဆွဲအကောင်အထည်ဖော်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိရာ အဆိုပါအစီအစဉ်အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အဆိုပါအစီအစဉ်သည် မြန်မာနိုင်ငံတွင် မျက်မှောက်ကာလ၏ ပညာရေးကဏ္ဍလိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြစ်ပြီး ပညာသင်ကြားမှုအခွင့်အလမ်း ဆုံးရှုံးနေသော ပြည်သူများအတွက် ပညာဖြည့်ဆည်းပေးသည့် မွန်မြတ်သည့် လုပ်ငန်းစဉ်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်း မြင့်မားနေဆဲဖြစ်ပြီး ပြည်သူအများစုတွင် ဝင်ငွေရလမ်းနည်းပါးသော အလုပ်အကိုင်များလုပ်ကိုင်နေကြသည်။ မိသားစုပညာရေးကို အလေးမထားနိုင်ဘဲ ကလေးသူငယ်များပါမကျန် ဝင်ငွေရမည့် အလုပ်အကိုင်များကို ရှာဖွေလုပ်ကိုင်နေကြရသည်။ ထို့ကြောင့် ပညာရေးအပေါ် အလေးမထားနိုင်၊ ပညာရေးကိုဆုံးခန်းတိုင်အောင် မသင်ကြားနိုင်သဖြင့် ပညာရေးတိုးတက်မှုနှုန်း လျော့ကျနေခြင်းဖြစ်သည်။ ယခုအစီအစဉ်သည် ဆင်းရဲနွမ်းပါးသော မိသားစုပညာရေးကို မြှင့်တင်ပေးသည့်အစီအစဉ်ဖြစ်ပြီး အလုပ်အကိုင်မပျက် ပညာသင်ကြားနိုင်သည့် အစီအစဉ်ဖြစ်၍ အားလုံးဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအစီအစဉ်သည်ပြည်သူများအကျိုးအတွက် အမျိုးသားရေးအစီအစဉ်ဖြစ်၍ လူထုလှုပ်ရှားမှု၊ အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ရှေးယခင်က တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အလိုက် ကျေးရွာစာတတ်မြောက်ရေးကော်မတီ အဆင့်ဆင့်ဖွဲ့စည်းပြီး တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ စေတနာရှင်စေတနာ့ဝန်ထမ်းဆရာများဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလတိုင်း စာတတ်မြောက်ရေးအမျိုးသားရေးလှုပ်ရှားမှုပြုလုပ်ခဲ့ရာ အောင်မြင်မှုများစွာရရှိခဲ့သည်။ စာတတ်မြောက်ရေးလှုပ်ရှားမှုများကြောင့် စာမတတ်သူ သန်းပေါင်းများစွာ စာတတ်မြောက်ခဲ့ကြသည်။

သို့ဖြစ်ရာ နိုင်ငံသားတိုင်း စာတတ်မြောက်ရေး၊ နိုင်ငံသားတိုင်း မူလတန်းပညာပြီးဆုံးအောင်သင်ယူနိုင်ရေး၊ နိုင်ငံသားတိုင်း အလယ်တန်းပညာ ပြီးဆုံးအောင်သင်ယူပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားနိုင်ရေးအတွက် ယခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် "သင်ယူမှုပတ်ဝန်းကျင်များချဲ့ထွင်သင်ယူကြပါစို့" ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံပညာရေးမြှင့်တင်မှု အခန်းကဏ္ဍကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ပြည်သူလူထုအားလုံးဝိုင်းဝန်းပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## မှော်ဘီမြို့နယ်၌ (၇၄)ကြိမ်မြောက် ဆီ၊ ဆွမ်းလောင်းလှူပွဲ ကျင်းပ

**မှော်ဘီ စက်တင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ (၇၄)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ဆီ၊ ဆွမ်းလောင်းလှူပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် သမိုင်းဝင်ဆံတော်ရှင်ရွှေမော်တင် စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်ပြည်သူများက စုပေါင်းလောင်းလှူကြသည်။



**ကုသိုလ်ယူလောင်းလှူ**

အဆိုပါ ဆီ၊ ဆွမ်းလောင်းလှူပွဲတွင် မှော်ဘီမြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ ဝါဆိုသံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များက သမိုင်းဝင်ဆံတော်ရှင်ရွှေမော်တင် စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ လှည့်လည်၍ ဆီ၊ ဆွမ်းအလှူခံခဲ့ရာ စေတနာရှင် အလှူရှင်များက ဆီ၊ ဆွမ်းများကို ကုသိုလ်ယူလောင်းလှူပူဇော်ခဲ့ကြသည်။ မှော်ဘီမြို့နယ် (၇၄) ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ဆီ၊ ဆွမ်းလောင်းလှူပွဲကြီးကို နှစ်စဉ်ကျင်းပလျက်ရှိပြီး မြို့နယ်အတွင်းရှိ ကျောင်းတိုက်ပေါင်း ၁၄၁ ကျောင်းမှ ရဟန်း၊ သံဃာအပါး ၃၁၁ ပါးကျော်နှင့် သီလရှင်အပါး ၁၅၀ ကျော်တို့အတွက် လောင်းလှူခဲ့ကြကြောင်း သိရသည်။

၂၂၂

## သထုံမြို့နယ်၌ ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းခြင်းများ ဆောင်ရွက်

**သထုံ စက်တင်ဘာ ၁၀**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ စာအုပ်စာစောင်များကို အလွယ်တကူငှားရမ်း ဖတ်ရှုနိုင်ပြီး အသိပညာဗဟုသုတများ တိုးပွားစေရေးအတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင် ငှားရမ်းခြင်းများကို စက်တင်ဘာ ၉ ရက် မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့ကြသည်။



ထိုသို့ဆောင်ရွက်ရာတွင် သထုံမြို့နယ်အတွင်းရှိ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးတို့သို့ သွားရောက်၍ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ၊ ရသစာအုပ်စာစောင်များကို ငှားရမ်းပေးခဲ့ကြသည်။

အကြောင်းအမျိုးမျိုးကြောင့် ပြည်သူ့စာကြည့်တိုက်သို့ လာရောက်နိုင်ခြင်းမရှိသူများအတွက် ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး အခြေခံပညာ ကျောင်းများ၊ ဌာနဆိုင်ရာရုံးများသို့ အပတ်စဉ် ပုံမှန်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - | ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - | ဦးနိုင်လင်းကြည် | စာပြင် | - | ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| စာတည်းများ | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





## ကြည့်ရှုလေ့လာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Ulan-Ude မြို့ရှိ ဆိုဗီယက်ရင်ပြင်တွင် ကြည့်ရှုလေ့လာကြစဉ်။

✪ ရှေ့ဖုံးမှ

ထို့နောက် ရုရှားသိပ္ပံအကယ်ဒမီ၊ မွန်ဂို၊ တိဘက်နှင့် ဗုဒ္ဓဘာသာ လေ့လာရေးအင်စတီကျူ့ဆိုက်ဘေးရီးယားဌာနခွဲသို့ ရောက်ရှိကြရာ အကယ်ဒမီမှ Director ဖြစ်သူ Mr.Bazarov Bois Vandanovich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အကယ်ဒမီအတွင်း လှည့်လည်၍ ရှေးဟောင်းဘာသာစာပေ ယဉ်ကျေးမှုအနုပညာများ၊ ပန်းချီများ၊ တိဘက်လက်ရေးမူဖြင့် ရေးသားထားသည့် ဗုဒ္ဓမြတ်စွာဘုရား၏ပိဋကတ်သုံးပုံတော်လာ အဆုံးအမကျမ်းစာများ၊ရှေးဟောင်း နက္ခတ္တဗေဒဆိုင်ရာကျမ်းများ၊ တိဘက်၊ မွန်ဂိုဘာသာစကားများ၏ အဆင့်ဆင့်ပြောင်းလဲမှုကို မှတ်တမ်းတင်ထားသည့် စာပေများ၊ မြန်မာနိုင်ငံမှ ရရှိထားသည့် ထန်းပုရပိုက်အပါအဝင် အခြားသော ရှေးဟောင်းပုရပိုက်စာပေများကို စနစ်တကျ ထိန်းသိမ်းထားရှိမှုတို့အား လိုက်လံရှင်းလင်းပြသကြသည်။ ရှင်းလင်းပြသမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိတ်ပါဝင်စားစွာဖြင့် လေ့လာခဲ့ပြီး သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ပြီး

**စာမျက်နှာ ၄ သို့ ✪**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ၊ ရုရှားသိပ္ပံအကယ်ဒမီ၊ မွန်ဂို၊ တိဘက်နှင့် ဗုဒ္ဓဘာသာ လေ့လာရေးအင်စတီကျူ့ ဆိုက်ဘေးရီးယားဌာနခွဲအတွင်း ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားသိပ္ပံအကယ်ဒမီမှ Director ဖြစ်သူ Mr.Bazarov Bois Vandanovich တို့ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

✪ စာမျက်နှာ ၃ မှ
ညွှန့်သည်တော်မှတ်တမ်းစာအုပ်တွင် အမှတ်တရ လက်မှတ်ရေးထိုးကာ အမှတ်တရ စုပေါင်းဓာတ်ပုံ ရိုက်ကြသည်။

### ကြိုဆိုနှုတ်ဆက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ချူကလီးယားဆေးဘက်ဆိုင်ရာစင်တာ ကင်ဆာရောဂါကုသမှုဌာနသို့ရောက်ရှိကြရာ Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့မှ ကျန်းမာရေးဝန်ကြီး Ms. Ludupova Evgenya နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေခြင်းနှင့် ဆေးကုသခြင်းဆောင်ရွက်နိုင်မှုအခြေအနေများ၊ စက်ကိရိယာများ၏ အသုံးပြုနိုင်မှု စွမ်းဆောင်ရည်များကို လိုက်လံရှင်းလင်းပြသသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျန်းမာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် အခြားသိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

### လိုက်လံရှင်းလင်းပြသ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Ulan-Ude မြို့ ရထားပြင်ဆင်ရေးအလုပ်ရုံသို့ ရောက်ရှိကြရာ Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့မှ ပို့ဆောင်ရေးဝန်ကြီး Mr. Olovyannikov Aleksei ကအလုပ်ရုံအတွင်း၌ ဆောင်ရွက်လျက်ရှိသည့် မီးရထားခေါင်းတွဲအမျိုးအစား အမျိုးမျိုးကို ထုတ်လုပ်ပြင်ဆင်နိုင်မှုနှင့် စက်ခေါင်းများ၏ စွမ်းဆောင်နိုင်မှုများ၊ အင်ဂျင်ပိုင်းဆိုင်ရာ တပ်ဆင်ရေးလုပ်ဆောင်နေမှုများ၊ ဆက်စပ်ပစ္စည်းများ တပ်ဆင်ရေးဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းပြသသည်။ ရှင်းလင်းပြသမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ပြီး အလုပ်ရုံရှေ့တွင် အမှတ်တရဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရုရှားသိပ္ပံအကယ်ဒမီ၊ မွန်ဂို၊ တိဘက်နှင့် ဗုဒ္ဓဘာသာ လေ့လာရေးအင်စတီကျု့ ဆိုက်ဘေးရီးယားဌာနခွဲအတွင်း ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နျူကလီးယားဆေးဘက်ဆိုင်ရာ စင်တာ ကင်ဆာရောဂါကုသမှုဌာနတွင် ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ Ulan-Ude မြို့ ရထားစက်ခေါင်းပြင်ဆင်ရေးအလုပ်ရုံတွင် ကြည့်ရှုလေ့လာကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Republic of Buryatia အစိုးရအဖွဲ့အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Aleksey Sambuyevich Tsydenov တို့ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာ ၉ ရက် ညနေပိုင်းတွင် Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Aleksey Sambuyevich Tsydenov နှင့် ခေတ္တတည်းခိုလျက်ရှိသည့် Ulan-Ude မြို့ Mergen Bator ဟိုတယ် Tengeri ညီလာခံခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် နိုင်ငံတော်အဆင့်၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး Republic of Buryatia အစိုးရအဖွဲ့ အကြီးအကဲနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စီးပွားရေးဆိုင်ရာ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Aleksey Sambuyevich Tsydenov တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် အဏုမြူ နည်းပညာအသုံးပြု၍ ရောဂါ ရှာဖွေစမ်းသပ်နိုင်မှုနှင့် ရှာဖွေတွေ့ရှိလာသည့် ရောဂါများကို ခေတ်မီနည်းပညာများ အသုံးပြု၍ ကုသမှုများဆောင်ရွက်ပေးနိုင်သည့် အခြေအနေများ အပါအဝင် ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆေးပညာရှင်အချင်းချင်း၊ ဆေးရုံများအချင်းချင်း အပြန်အလှန်ဖလှယ်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ သဘာဝသယံဇာတ တွင်းထွက်ပစ္စည်းများ တူးဖော်မှုဆိုင်ရာ နည်းပညာရပ်များကို ရှာဖွေထုတ်လုပ်ရာတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရထားသယ်ယူပို့ဆောင်ရေးဆိုင်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်စွမ်းအင်သုံး ခေါင်းတွဲများ၊ ဒီဇယ်ခေါင်းတွဲများ၊ ဓာတ်ငွေ့သုံး ခေါင်းတွဲများ၊ ကိုယ်ထည်တွဲများ ထုတ်လုပ်ခြင်းနည်းပညာဆိုင်ရာများ၊ မောင်းနှင်ခုတ်မောင်းမှုဆိုင်ရာ နည်းပညာများ၊ မီးရထားနှင့်ဆက်စပ်သည့်လုပ်ငန်းဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးမှု အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Republic of Buryatia အစိုးရအဖွဲ့အကြီးအကဲတို့သည် ခင်မင်ရင်းနှီးစွာ အပြန်အလှန် နှုတ်ဆက်ကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် Republic of Buryatia အစိုးရအဖွဲ့အကြီးအကဲက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ ညစာသုံးဆောင်နေစဉ်အတွင်း Buryatia ပြည်နယ်မှ နာမည်ကျော် အနုပညာရှင်များက ရိုးရာတေးသီချင်းများ၊ အကအလှများဖြင့် သီဆိုကပြ တီးမှုတ်ဖျော်ဖြေခဲ့ကြသည်။

ညစာ သုံးဆောင်အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Republic of Buryatia အစိုးရအဖွဲ့အကြီးအကဲတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြပြီး သီဆိုကပြဖျော်ဖြေခဲ့ကြသည့် ရိုးရာအကအလှအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**သဘာဝသယံဇာတ တွင်းထွက်ပစ္စည်းများ တူးဖော်မှုဆိုင်ရာ နည်းပညာရပ်များကို ရှာဖွေထုတ်လုပ်ရာတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရထားသယ်ယူပို့ဆောင်ရေးဆိုင်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်စွမ်းအင်သုံး ခေါင်းတွဲများ၊ ဒီဇယ်ခေါင်းတွဲများ၊ ဓာတ်ငွေ့သုံး ခေါင်းတွဲများ၊ ကိုယ်ထည်တွဲများ ထုတ်လုပ်ခြင်း နည်းပညာဆိုင်ရာများ၊ မောင်းနှင်ခုတ်မောင်းမှုဆိုင်ရာ နည်းပညာများ၊ မီးရထားနှင့် ဆက်စပ်သည့်လုပ်ငန်းဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Aleksey Sambuyevich Tsydenov တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

# ပညာရည်မြင့်မားရေးမှသည် ဒီမိုကရေစီနှင့်အနာဂတ်နိုင်ငံတော်ဆီသို့

**ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး၌ နေထိုင်ကြသော နိုင်ငံသားတိုင်းသည် ကိုယ့်နိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အလယ်တွင်ထည်ဝါသော နိုင်ငံတော်ကြီးတစ်ခု ဖြစ်စေချင်ကြသည်မှာ နိုင်ငံသားတိုင်း၏ ရင်တွင်းဆန္ဒတစ်ခုပင်ဖြစ်သည်။ ထို့အတွက် စာရေးသူတို့အမိမြန်မာနိုင်ငံတော်ကြီး၏ ပညာရည်မြင့်မားရေးကို အထူးအလေးထားဆောင်ရွက်နေသည့် သတင်းကောင်းများကို မျှဝေပေးလိုပါသည်။**

**ကျော်တေဇ(ဥက္ကလာ)**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပညာရေးနှင့် ဒီမိုကရေစီ၊ ပညာရေးနှင့် အနာဂတ်နိုင်ငံတော်အတွက် အတိုဆုံးနှင့် အထိမိဆုံး အမှာစကားကို ပြောကြားခဲ့ဖူးသည်။ ထိုသည်ကား အနာဂတ်နိုင်ငံတော်မှာ ကျွန်တော်တို့သွားချင်တဲ့ ဒီမိုကရေစီဟာ ပညာတတ်တွေပေါကြွယ်ဝမှသာ ဒီမိုကရေစီဆိုတာလည်း အဓိပ္ပာယ်ရှိမှာ။ တိုင်းပြည်တိုးတက်ဖို့ဆိုတာကလည်း ပညာတတ်တွေရှိမှပဲ စိတ်ချရလိမ့်မယ်။

ဒါကြောင့် ပညာရေးဟာ တိုင်းပြည်တိုးတက်ရေးအတွက်ရော၊ ဒီမိုကရေစီအရေးအတွက်ရော တိုင်းပြည်အတွက် အဓိကကျတာကို တွေ့ရပါတယ်။ ပညာရေးမူဝါဒဟာ မဖြစ်မနေချမှတ်ပြီး ဆောင်ရွက်ဖို့ လိုတယ်ဆိုတာကို သွားတွေ့ပါတယ်ဟု ၂၀၂၂ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် ကျင်းပသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၃/၂၀၂၂) တွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ တစိမ့်စိမ့်တွေးလိုက်တိုင်း တန်ဖိုးရှိပါပေသည်ဟူသော ယုံကြည်ချက်က အတွင်တွင်ထင်ဟပ်လာခဲ့ပေသည်။ မြန်မာ့ပညာရေးဟု အစချီလိုက်သည်နှင့် စာရေးသူ၏အတွေးတို့သည် မြန်မာ့ပညာရေး၏ သမိုင်းအဆက်ဆက်ဆီသို့ ပျံ့လွင့်သွားလေတော့သည်။

### ပညာရေး၏အတိတ်သမိုင်းအစ

မြန်မာ့ပညာရေး၏ အတိတ်သမိုင်းအစသည် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ မွေးဖွားခဲ့ခြင်းပင် ဖြစ်သည်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဟူသည် ဗုဒ္ဓဝါဒကို အခြေခံထားသည်။ ထိုမှသည်မြန်မာ့ပညာရေးသည် မြန်မာ့သမိုင်းခေတ်အဆက်ဆက် ဒွန်တွဲဖြစ်တည်လာလေ၏။ မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် ဗုဒ္ဓဘာသာနှင့် နိုင်ငံရေး၊ ဗုဒ္ဓဘာသာနှင့် မျိုးချစ်စိတ်၊ ဗုဒ္ဓဘာသာနှင့် တိုင်းရင်းသားသွေးစည်းညီညွတ်ရေး၊ ဗုဒ္ဓဘာသာနှင့် လွတ်လပ်ရေးတိုက်ပွဲ၊ ဗုဒ္ဓဘာသာနှင့် အနုပညာ၊ ဗုဒ္ဓဘာသာနှင့် ပညာရေးတိုးတက်မှုသမိုင်းစဉ်များသည် အမိနိုင်ငံတော်၏ သမိုင်းကြောင်းတွင် ဒွန်တွဲဖြစ်တည်လာခဲ့လေ၏။ ပုဂံခေတ်ဟူသည်ကား မြန်မာနိုင်ငံဟု အုတ်မြစ်ချခဲ့သော ခေတ်တစ်ခေတ်ဖြစ်သည်။

ပုဂံခေတ်ပညာရေးတွင်လောကီ၊လောကုတ္တရာ ပညာနှစ်မျိုးကို သင်ကြားပေးခဲ့သည်ဟု သမိုင်းသုတေသီတို့က ရှာဖွေပြုစုရေးသားခဲ့မှုများကို စာရေးသူလေ့လာမိခဲ့သည်။ ခရစ်နှစ် ၁၀၄၄ ခုနှစ်မှ ၁၂၈၇ ခုနှစ်အထိ ဘုန်းတော်ကြီးသင်ပညာရေးဖြစ်ပြီး အတွေးအခေါ်ပညာရှင် သင်ကြားပြသသူတို့မှာ ယေဘုယျအားဖြင့် ရဟန်းတော်များဖြစ်ပြီး ထိုရဟန်းတော်များ၏ ဩဝါဒဖြင့် ပညာရေးမူဝါဒချမှတ်သူများသည် ဘုရင်(မင်း)တို့သာဖြစ်ခဲ့သည်ကို သမိုင်းစဉ်များက သက်သေတည်ထားပြီးလည်းဖြစ်သည်။ ထိုသည်ကား ပုဂံခေတ်မြန်မာ့ပညာရေးအကျဉ်းပင်။

မြန်မာ့ပညာရေးသည် ဘုန်းတော်ကြီးကျောင်းပညာရေးအဖြစ်နှင့်ပင် ပင်းယခေတ်သို့တိုင်ခဲ့ပြန်ပါပြီ။ ပင်းယခေတ်မှ ညောင်ရမ်းခေတ်အထိဆိုလျှင် ခရစ်နှစ် ၁၂၈၇ ခုနှစ်မှ ၁၇၅၂ ခုနှစ်အထိဟု ဆိုရမည်။ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းခေတ်တစ်လျှောက်တွင် နိုင်ငံတော်ကိုဦးဆောင်သူ သာသနာစာပေဦးဆောင်သူတို့၏ အရည်အသွေးနှင့် နိုင်ငံတော်၏အခြေအနေများအရ စာပေထွန်းကားမှု အတက်အကျရှိခဲ့သည်ဟု သမိုင်းပညာရှင်များက ပြုစုမှတ်တမ်းတင်ခဲ့သည်လည်းရှိသည်။ ထို့အတူ ပညာရေးသဘောတရားရည်မှန်းချက်နှင့် သင်ရိုးများ ဖြစ်ပေါ်ခဲ့သည်ဟုလည်း ဆိုထားသည်။ ပင်းယ၊ စစ်ကိုင်းခေတ်များတွင် မြန်မာ့ပညာသင်ကြားရေး၌ ဂါမဝါသီ(ပွဲကျောင်း)များက တာဝန်ယူလာခဲ့၏။ ဘာသာရေးစာပေသက်သက်သာမက အသက်မွေးဝမ်းကျောင်းအတတ်ပညာများ၊ ကျမ်းဂန်များ၊ လက်မှုအတတ်ပညာများ၊ ဆေး၊ ဗေဒင်သေနင်္ဂဗျူဟာကျမ်း စသောကျမ်းများအပြင် စစ်ရေးစစ်ရာ အတတ်ပညာများကိုပါ သင်ကြားပေးခဲ့သည်ဟု သမိုင်းက ဆိုထားပြန်သည်။ ထိုခေတ်ကျောင်းများရှိ စာသင်သားတို့မှာ မင်းညီမင်းသားများအပြင် ပြည်သူပြည်သားများ၏ သားသမီးများပါ တက်ရောက်ကြသည်ကိုလည်း သမိုင်းမှတ်တမ်းများကို တွေ့ရပြန်သည်။ ပင်းယခေတ်မှ ညောင်ရမ်းခေတ်အထိ ဘုန်းတော်ကြီးကျောင်းပညာရေးကဏ္ဍသည် မြန်မာစာပေလောကတွင် ကြီးကျယ်ထင်ရှားသော စာပေခေတ်ကြီးတစ်ခေတ်ဖြစ်ခဲ့ပြီး စာပေအတတ်ပညာများအပြင် စာသင်သားဖြစ်သူ မင်းညီမင်းသားတိုင်းသူပြည်သားများအတွက် လိမ္မာရေးခြားရှိစေရန် စာရိတ္တမဏ္ဍိုင်ကိုလည်း သွန်သင်ပေးခဲ့ကြောင်း လေ့လာတွေ့ရှိရပြန်ပါသည်။ ထိုသည်ကား ပင်းယခေတ်မှ ညောင်ရမ်းခေတ်အထိ မြန်မာ့ပညာရေးခရီး၏ အကျဉ်းဟု ဆိုရမည်။

### ကုန်းဘောင်ခေတ်သို့တိုင်ခဲ့ပြန်

ထိုမှသည် မြန်မာ့ပညာရေးသည် ဘုန်းတော်ကြီးကျောင်းပညာရေးဖြင့် ကုန်းဘောင်ခေတ်သို့တိုင်ခဲ့ပြန်ပါပြီ။ ၁၇၅၂ ခုနှစ်မှ ၁၈၈၅ ခုနှစ်အထိဟု ဆိုရမည်။ ကုန်းဘောင်ခေတ်သည် မြန်မာတို့အတွက် အတွေ့အကြုံစုံလင်လှသော ခေတ်ဟု ဆိုထားသည်။ မင်းတုန်းမင်းကြီးသည် စစ်ပွဲများကြားတွင် စစ်ပြေငြိမ်းမှုများကို ဆောင်ရွက်ခဲ့ပြီး နိုင်ငံခြားသို့ ပညာတော်သင်များစေလွှတ်ခြင်း၊ နိုင်ငံခြားသို့ သံအဖွဲ့များစေလွှတ်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့၏။ အလျဉ်းသင့်၍ မင်းတုန်းမင်းကြီး၏ အတ္ထုပ္ပတ္တိအကျဉ်းကို ဘုန်းတော်ကြီးသင်ပညာရေးနှင့်ယှဉ်ကာ တင်ပြလိုပါသေးသည်။ မင်းတုန်းမင်းကြီးသည် ငယ်စဉ်အခါကပင် မောင်လွင်ဘဝဖြင့် မဟာဇောတိကာရာမတိုက် ရတနာစံကျောင်းတော်တွင် သီတင်းသုံးတော်မူသော စံကျောင်းဆရာတော်ဦးစန္ဒိမာထံတွင် ပညာသင်ကြားခဲ့သည်။ ဆရာတော်က မောင်လွင်အား ပညာသင်ကြားပေးရုံသာမက မင်းတုန်းမင်းဟူသော နိုင်ငံ့ခေါင်းဆောင်မင်းတစ်ပါးဖြစ်တော်မူသည်အထိ သွန်သင်ဆုံးမနိုင်ခဲ့သည်ဟု ဆိုသည်။ ထိုသည်ကား မြန်မာ့ပညာရေးသမိုင်းထဲက သမိုင်းတစ်ခုဟု ဆိုရပေမည်။ ထိုခေတ်တွင်လည်း ကျမ်းဂန်များအပြင် ဆေးအတတ်၊ နက္ခတ်အတတ်၊ ဗေဒင်အတတ်နှင့် လောကဓာတ်ပညာရပ်တို့ကို သင်ကြားပေးခဲ့သည်ဟု လေ့လာခဲ့ရပါသည်။ ထင်ရှားသော စာဆိုတော်ကြီးများ များစွာပေါ်ထွက်ခဲ့သလို ပုံနှိပ်စက်များပေါ်ပေါက်ခဲ့သည်အထိ တိုးတက်ခဲ့ပေ၏။ မြန်မာမင်းများခေတ်မှ စတင်ပေါ်ပေါက်ခဲ့သော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှာ ဗုဒ္ဓသာသနာကိုအခြေခံသော ပညာရေးမှသည် စာပေ၊ အနုပညာ၊ ဗိသုကာနှင့် အတတ်ပညာများစွာအပြင် အသိပညာရပ်များရရှိခြင်းတို့ဖြင့် ပြည်သူပြည်သားများနှင့် နိုင်ငံတော်ကို ကောင်းကျိုးပြုခဲ့သည်။

### နှောင်းတစ်ခေတ်အတွက် အစကောင်းခဲ့

မြန်မာ့ပညာရေးသမိုင်းတွင် မြန်မာ့ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသည် နှောင်းတစ်ခေတ်အတွက် အစကောင်းခဲ့သည့် မြန်မာ့ပညာရေးအခြေခံအဆောက်အအုံကြီးတစ်ခုဟု တင်စားရမည်။ ထိုဘုန်းတော်ကြီးသင်ပညာရေးကြောင့် သမိုင်းအဆက်ဆက် မင်းမြတ်များစွာ ပေါ်ထွက်ခဲ့သည်။ ကျမ်းဂန်ပညာရှင်များစွာ ပေါ်ထွက်ခဲ့သည်။ စာဆိုတော်အကျော်အမော်များစွာ ပေါ်ထွက်ခဲ့သည်။ စာပေအနုပညာရှင်များစွာ ပေါ်ထွက်ခဲ့ဖူးသည်။ တစ်ဝမ်းတစ်ခါးလှဖို့အပြင် ခေတ်အဆက်ဆက် နိုင်ငံတော်ကို အထောက်အကူပြုနိုင်မည့် လက်မှုအတတ်ပညာရှင်များလည်း ပေါ်ထွန်းခဲ့သည်။ ခေတ်အလိုက် မျိုးဆက်သစ်လူငယ်များအား ဘာသာ၊ သာသနာကို ကြည်ညိုလေးစားပြီး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ် ရှိသေတတ်သော၊ မြန်မာ့ယဉ်ကျေးမှုကို ဖော်ဆောင်ပြသနေသော မြန်မာပြည်သားများဖြစ်တည်လာခဲ့သည်အထိ မြန်မာ့ဘုန်းတော်ကြီး ပညာရေးစနစ်ကြီးက ဆောင်ကြဉ်းထုဆစ်ပေးနိုင်ခဲ့သည်။ ဗုဒ္ဓဘာသာကောင်းများ မွေးဖွားပေးနိုင်ခဲ့သလို မြန်မာလူမျိုးတို့၏ စာရိတ္တယဉ်ကျေးမှု မဏ္ဍိုင်ကြီးကိုလည်း ခိုင်ခိုင်မာမာတည်ဆောက်ပေးနိုင်ခဲ့သည်။ ထိုသို့ပေါ်ထွန်းခဲ့သော အတတ်ပညာရှင်များ၊ အသိပညာရှင်များ၊ မင်းကောင်းမင်းမြတ်များကပင် တစ်ဖန်ပြန်၍ နိုင်ငံတော်အသီးသီးကို ကောင်းကျိုးပြုထုဆစ်သွားကြပြန်သည်။ ထိုသည်ကား ပညာရေးရေချိန် မြင့်တက်မှုမှသည် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ခဲ့သည်။ ပညာရည်မြင့်မားသော လူသားအရင်းအမြစ်ကောင်းများမှသည် နိုင်ငံတော်တိုးတက်ရေးကို ပြန်လည်အထောက်အကူပြုခဲ့သည်ဟူသော သော့ချက်ကို မြန်မာ့ပညာရေးသမိုင်းဦးကပင် ညွှန်းဆိုပြသထား၏။

### ကိုလိုနီခေတ်ပညာရေး

ခေတ်များအလီလီပြောင်းလဲလာသလို မြန်မာ့ပညာရေးသမိုင်းသည်လည်း ဒွန်တွဲကပ်ပါလာခဲ့သည်။ ခေတ်ကာလသည်ကား တိုင်းတစ်ပါးအုပ်ချုပ်မှုအောက် ကျရောက်ခဲ့ရသည့်ခေတ် ကိုလိုနီခေတ်ပညာရေးဟု ဆိုထားသည်။ နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာနိုင်ငံအား ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်နှင့် ၁၈၈၅ ခုနှစ်တို့တွင် တစ်ရစ်ပြီးတစ်ရစ် သိမ်းပိုက်ခဲ့သည်။ ၁၈၆၆ ခုနှစ်တွင် ဗြိတိသျှတို့က ပညာရေးဌာနကို ဖွဲ့စည်းခဲ့၏။ ထိုနည်းတူ ကာလရှည်စွာ အုပ်ချုပ်နိုင်မည့် အုပ်ချုပ်မှုစနစ်ကိုလည်း ရေးဆွဲခဲ့ကြသည်။ ကိုလိုနီခေတ်ပညာရေးဟူသည် ဗြိတိသျှတို့၏ ခြားနားခြင်းမူဝါဒနှင့် ကျွန်ပညာရေး မူဝါဒသက်သက် ချမှတ်ကျင့်သုံးခဲ့သည်ဟု မြန်မာ့သမိုင်းပညာရှင်များက တစ်ထစ်ချမှတ်တမ်းထားရှိခဲ့သည်။ ထို့ကြောင့်ပင်လျှင် ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်ကျောင်းသားသပိတ်မှသည် အမျိုးသားပညာရေးလှုပ်ရှားမှုဟုဆိုကာ ကိုလိုနီပညာရေးစနစ်ကို တွန်းလှန်ဖယ်ရှားပစ်ခဲ့ကြသည်။

ကိုလိုနီပညာရေးစနစ်ကြားကာလများတွင် ဘုန်းတော်ကြီးသင်ပညာရေးသည် အနောက်တိုင်းပညာရေး၊ ခရစ်ယာန်သာသနာပြုလုပ်ငန်းစဉ်များနှင့် ကိုလိုနီပညာရေးမူဝါဒစနစ်များဖြင့် စိန်ခေါ်မှုအသွင်များစွာကို ရင်ဆိုင်ခဲ့ရ၏။ လွတ်လပ်ရေးရပြီးစခေတ်များတွင် ယခင်ကျင့်သုံးခဲ့သည့် အင်္ဂလိပ်ကျောင်း၊ အင်္ဂလိပ်မြန်မာစာသင်ကျောင်းနှင့် တိုင်းရင်းသားမြန်မာစာသင်ကျောင်းဟု မခွဲခြားတော့ဘဲ နိုင်ငံတော်အစိုးရကျောင်း တစ်မျိုးတည်းဖြစ်လာသည်။ ထိုမှသည် မြန်မာဟူသည် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ကျောင်းများနှင့် ကိုယ်ပိုင်ပညာရေးတစ်ခေတ်ပိုင်ဆိုင်ခဲ့သည်ဟု အကျဉ်းချုံးရတော့မည်။ ထိုမှ တက္ကသိုလ်ပညာရေးဥပဒေများပြဋ္ဌာန်းခြင်း၊ ယခင်ကျင့်သုံးခဲ့သော အထွေထွေပညာရေးအစား အခြေခံပညာရေး ပြုပြင်ပြောင်းလဲ ခေါ်ဝေါ်သုံးစွဲခြင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေးဥပဒေသစ်များ ရေးဆွဲခြင်းတို့ကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ကြသည်။ ထိုမှသည် ဦးတည်ချက် (၁၂)ရပ်ရှိလူမှုရေးဦးတည်ချက်(၄)ရပ်တွင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသော မူဝါဒတစ်ရပ်အဖြစ် ထင်ထင်ရှားရှား တွေ့မြင်လာကာ လက်တွေ့ပညာရေးနယ်ပယ်အထိ အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ကြသည်။ ထိုအချက်ကို ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် ၉ ရပ်တွင်လည်း တွေ့နိုင်ပေသည်။

မြန်မာ့ပညာရေး၏ မျှော်မှန်းချက်သည် မျက်မှောက်ခေတ်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကိုရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော

> **ဘုန်းတော်ကြီးပညာရေးမှစတင်ခဲ့သော မြန်မာ့ပညာရေးခေတ်ဦးတွင် ခေတ်အဆက်ဆက် နိုင်ငံတော်များကို ကောင်းကျိုးပြုနိုင်ခဲ့သော ပညာရှင်အမြောက်အမြားကို စာပေနှင့်လက်တွေ့ နယ်ပယ်အသီးသီးရှိ ပညာရပ်များတွင် မျက်ဝါးထင်ထင်တွေ့မြင်နိုင်ပါသည်။ မြန်မာ့မြေပေါ်တွင် မြန်မာ့ပညာရေးသည် အရှိန်အဝါ လင်းလက်နေဆဲဖြစ်သည်။ ပိုမိုတောက်ပရန်သာ အနာဂတ်မျိုးဆက်သစ်များက ကြိုးစားသွားကြရမည်။ ညွှန်းဆိုခဲ့သော ပညာရေးသမိုင်းကြောင်းကောင်းများသည် မျိုးဆက်သစ်တို့အားလုံးအတွက် အားတက်စရာ၊ ဂုဏ်ယူဖွယ်ရာမှတ်တမ်းများပင်ဖြစ်**

စာမျက်နှာ ၇ သို့

# ပန်းတနော်မြို့နယ်၌ လူထုအခြေပြုဗဟိုဌာန ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပန်းတနော်မြို့နယ် လူထုအခြေပြုဗဟိုဌာန တည်ဆောက်ရေးအတွက် မင်္ဂလာပန္နက်တိုင်စိုက်ထူပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၀**

လူထုအခြေပြုဗဟိုဌာန ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မြို့ကွက်သစ်ရပ်ကွက် အကွက်အမှတ်(၁)၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် မင်္ဂလာအချိန်တွင် သတ်မှတ်နေရာများ၌ မင်္ဂလာပန္နက်တိုင်များစိုက်ထူ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး လူထုအခြေပြုဗဟိုဌာန ဆောက်လုပ်ရေးကော်မတီတာဝန်ခံက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။

**သတင်းအချက်အလက်များ ရယူ**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က တိုင်းဒေသကြီးအကျိုး သယ်ပိုးနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုမွေးထုတ်ပေးနိုင်မည့် လူထုအခြေပြုဗဟိုဌာနကို တိုင်းဒေသကြီးတွင် တည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ လူထုအခြေပြုဗဟိုဌာနဆိုသည်မှာ ပြည်သူလူထုက စိတ်ဝင်စားသော၊ အကူအညီတောင်းခံနိုင်သော၊ ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်ပေးနိုင်သော၊ အသိပညာဗဟုသုတများ ဆည်းပူးဖလှယ်နိုင်သော၊ ဒေသအတွက် အကျိုးရှိရာရှိကြောင်း ဆွေးနွေးနိုင်ရန် သတင်းအချက်အလက်များရယူနိုင်သော အသိပညာဗဟုသုတများ တည်ရှိရာနေရာဖြစ်ကြောင်း။

လူထုအခြေပြု ဗဟိုဌာနတွင် စာကြည့်တိုက်၊ အစည်းအဝေးခန်းမ၊ သင်တန်းခန်းမ၊ ကလေးစာဖတ်ခန်း၊ အားကစားခန်း စသည့်ကဏ္ဍစုံပါဝင်သဖြင့် ဒေသခံပြည်သူများအတွက် များစွာအကျိုးရှိကြောင်း၊ လူထုအခြေပြုဗဟိုဌာန သတ်မှတ်အရည်အသွေးများ ပြည့်မီစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် ပိုမိုတိုးတက်ဖွံ့ဖြိုးစေရေး အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် လူထုအခြေပြုဗဟိုဌာန တည်ဆောက်နိုင်ရေးအဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသူများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီးသည် ကျေးလက်ဒေသကို အခြေခံပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် နိုင်ငံတော်တာဝန်များ သယ်ပိုးဆောင်ရွက်ပေးနေသည့် တိုင်းဒေသကြီးဖြစ်ကြောင်း၊ ယနေ့ပြုလုပ်သည့် လူထုအခြေပြုဗဟိုဌာန တည်ဆောက်ပြီးစီးပါက ဒေသအတွက် စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်အသိပညာဗဟုသုတများကို ရှာဖွေလေ့လာနိုင်ကာ ဆွေးနွေးဖလှယ်နိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး ဖျော်ဖြေရေးအဖွဲ့များ၏ ကပြမှုများကို ကြည့်ရှုအားပေးကြကာ ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့သည် ဓနုဖြူမြို့နယ် နန်းတော်ကုန်းကျေးရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ ဧက ၁၀၀ စံပြကွက်သို့ သွားရောက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ အဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ၊ ဧက ၁၀၀ စံပြကွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးနှင့် ဗဟိုဒေသသုတေသနဗဟို(မြောင်းမြ) တာဝန်ခံတို့က မျိုးသန့်မျိုးစပါးထုတ်လုပ်မှု၊ စိုက်ပျိုးရေးနည်းစနစ်များ အသုံးပြု၍ စမ်းသပ်ယှဉ်ပြိုင်ကွက်များ ဆောင်ရွက်ထားရှိမှုနှင့် သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ မျိုး၊ မြေ၊ ရေ၊ နည်း မှန်ကန်စွာအသုံးပြုစေရေး၊ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းအသုံးပြုမှုများ ပိုမိုဆောင်ရွက်စေရေး၊ တောင်သူအသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်စေရေးနှင့် သုတေသနပြုလုပ်ငန်းများပိုမိုကောင်းမွန်အောင် ဆောင်ရွက်၍ တောင်သူများထံ ချပြဆွေးနွေးစေရေးမှာကြားခဲ့ကာ တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် အဖွဲ့တို့သည် ပန်းတနော်မြို့နယ်ရှိ စူပရင်းဘိုင်အိုတတ် ဇီဝမြေဩဇာစက်ရုံ အမှတ်(၁)ပသွယ်သို့ သွားရောက်ရာ ကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်နှင့် Dy. CEO ဦးထူးထူးအောင်တို့က စူပရင်းဘိုင်အိုတတ်၏ဦးတည်ချက်များ၊ ဘိုင်အိုစူပရင်းဇီဝမြေဩဇာ အကြောင်းအရာအချက်အလက်များ၊ ဇီဝမြေဩဇာထုတ်လုပ်မှုအဆင့်ဆင့်နှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စူပရင်းဘိုင်အိုတတ် ဇီဝမြေဩဇာစက်ရုံ အမှတ်(၁)ပသွယ်မှ လစဉ်ဇီဝမြေဩဇာ ၅၀ ကီလိုဂရမ် အိတ် ၂၀၀၀၀ မက်ထရစ်တန် ၁၀၀၀ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မိတ္ထီလာမြို့နယ်၌ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ



**မိတ္ထီလာ စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်က မိတ္ထီလာမြို့နယ် အထွေထွေရောဂါကုဆေးရုံကြီးရှိ သွေးလှူဘဏ်တွင် လှူဒါန်းခဲ့ကြောင်း သိရသည်။

စုပေါင်းသွေးလှူဒါန်းပွဲကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်ထွဋ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးအောင်မြင့်သန်း၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးဇော်ဝင်းလှိုင်၊ အမှတ်(၂)နယ်မြေရဲစခန်းမှူး ရဲအုပ်အောင်ဇော်မင်းနှင့် တပ်ဖွဲ့ဝင်များ၊ မိတ္ထီလာမြို့နယ် အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန် ဒေါက်တာနှင်းနှင်းအောင်၊ အထူးကုဆရာဝန် ဒေါက်တာပြုံးဇာခြည်အောင်နှင့် သူနာပြုဆရာမများ တက်ရောက်ကြပြီး ရဲတပ်ဖွဲ့ဝင် ၁၅ ဦးတို့က သွေးပေါင်ချိန်ခြင်း၊ သွေးစစ်ခြင်းများ ပြုလုပ်ပြီး သွေးလှူဒါန်းခဲ့ကြသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းခဲ့ကြသည့် တပ်ဖွဲ့ဝင်များအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်ထွဋ်က ကြက်ဥ၊ အချိုရည်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး အောင်မြင့်သန်းက ကြက်ဥ စသည့် ဖြည့်စွက်အာဟာရတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

○ စာမျက်နှာ ၆ မှ

လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်ဖြစ်ပြီး ပညာရေးဆောင်ပုဒ်မှာ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့ဟု စာရေးသူ လေ့လာခဲ့ဖူးသည်။ ထိုမျှော်မှန်းချက်နှင့် ဆောင်ပုဒ်သည် လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက မိမိတို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြန်မာ့ဒီမိုကရေစီ၏အတောက်ပဆုံးအနာဂတ်တို့နှင့်အတူ ရွှေရောင်ဝင်း၍ တွေ့မြင်ရမည်မှာ ဧကန်မလွဲပင်ဖြစ်သည်။

**ကြီးစွာသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း သတိချပ်သင့်**

နိုင်ငံတစ်နိုင်ငံ၏ လက်ရှိလူဦးရေနှင့် ပညာတတ်လူဦးရေကွာဟမှုသည် ထိုနိုင်ငံအတွက် ကြီးစွာသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း နိုင်ငံသားတိုင်း၊ နိုင်ငံသားမိဘတိုင်း သတိချပ်သင့်ပေသည်။ ထို့ကြောင့် နိုင်ငံ့ပညာရေးမူဝါဒများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်ကာ အစိုးရအဖွဲ့ဝင်များနှင့် ပြုပြင်ချမှတ် ပြင်ဆင်ခြင်းများကို စတင်အကောင်ထည်ဖော်နေပြီဖြစ်၏။ သင်ကြားပေးမည့် ဆရာ ဆရာမများကဏ္ဍဘက်ကိုလည်း ဆောင်ရွက်ပေးသင့်သည့် facilities ပိုင်းဆိုင်ရာများအတွက် စီစဉ်ဆောင်ရွက်ပေးဦးမည်ဟုလည်း နေ့စဉ်ထုတ် မြဝတီသတင်းစာပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးမှတ်တမ်းသတင်းများတွင် ဖတ်ရှုရပါသဖြင့် နိုင်ငံ့အကြီးအကဲတစ်ယောက်၏ ပညာရေးအပေါ်ထားရှိသော စိတ်ရင်းစေတနာ၊ ကောင်းမွန်အောင်မြင်စွာ တိုးတက်စေလိုမှု၊ အလေးထားဆောင်ရွက်ပေးနေမှုများအတွက် လေးစားဂုဏ်ယူမိပါတော့သည်။ နိုင်ငံတော်တွင် ပညာရည်မြင့်မားသော လူသားအရင်းအမြစ်ကောင်းများ မွေးဖွားလာဖို့သည် နိုင်ငံ့ခေါင်းဆောင်ကောင်း၊ နိုင်ငံ့အစိုးရကောင်း၊ နိုင်ငံ့ဆရာ ဆရာမကောင်း၊ မိဘကောင်းများနှင့် သားသမီးကောင်းများမှာ အခြေခံအုတ်မြစ်ဖြစ်သည်။ နိုင်ငံ့ခေါင်းဆောင်ကောင်းသည် အစိုးရအဖွဲ့ဝင်ကောင်းများဖြင့် ပညာရေးစနစ်ကောင်းများကို ခေတ်အဆက်ဆက်မူဝါဒချမှတ်သွားကြမည်။ ဆရာ ဆရာမကောင်းများက သင်ကြားမှုစနစ်ကောင်းများဖြင့် မြန်မာ့ပညာရေး၏ အနာဂတ်နှင့် မျိုးဆက်သစ် ပညာတတ်များကိုမွေးထုတ်ပုံဖော်သွားရမည်။ မိဘကောင်းများက မိမိတို့သားသမီးများ၏ ပညာရေးအရှိန်ကို မျက်ခြည်မပြတ်စောင့်ကြည့်၍ ထောက်ပံ့ပေးနေရမည်။ ကျောင်းသားလူငယ်များကလည်း ကျောင်းစာနှင့် မိမိဘဝကို ထပ်တူထပ်မျှ ကြိုးစားသင်ယူပုံဖော်ရင်း ကိုယ်တိုင်ကိုယ်ကျ မိမိအနာဂတ်ကို လှပအောင်ခြယ်မှုန်းကြရမည်။ ထိုသို့ နိုင်ငံ့ခေါင်းဆောင်ကောင်း၊ အစိုးရကောင်းများ၊ ဆရာ ဆရာမကောင်းများ၊ မိဘကောင်းများနှင့် ကျောင်းသားကောင်းများ၏ စုပေါင်းအားဖြင့် နိုင်ငံတော်ကောင်းတစ်ခုကို ထုဆစ်ပုံဖော်သွားကြရမည်။

ဘုန်းတော်ကြီးပညာရေးမှ စတင်ခဲ့သော မြန်မာ့ပညာရေးခေတ်ဦးတွင် ခေတ်အဆက်ဆက် နိုင်ငံတော်များကို ကောင်းကျိုးပြုနိုင်ခဲ့သော ပညာရှင်အမြောက်အမြားကို စာပေနှင့်လက်တွေ့ နယ်ပယ်အသီးသီးရှိ ပညာရပ်များတွင် မျက်ဝါးထင်ထင်တွေ့မြင်နိုင်ပါသည်။ မြန်မာ့မြေပေါ်တွင် မြန်မာ့ပညာရေးသည် အရှိန်အဝါ လင်းလက်နေဆဲဖြစ်သည်။ ပိုမိုတောက်ပရန်သာ အနာဂတ် မျိုးဆက်သစ်များက ကြိုးစားသွားကြရမည်။ ညွှန်းဆိုခဲ့သော ပညာရေးသမိုင်းကြောင်းကောင်းများသည် မျိုးဆက်သစ်တို့အားလုံးအတွက် အားတက်စရာ၊ ဂုဏ်ယူဖွယ်ရာမှတ်တမ်းများပင် ဖြစ်သည်။

သို့တည်းကြောင့် စာရေးသူတို့ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံးသည် ပညာရည်မြင့်မားသည့် လူသားအရင်းအမြစ်ကောင်းများ စဉ်ဆက်မပြတ်မွေးဖွားရေးကို အစဉ်တစိုက် ဦးတည်နေရပေမည်။ ပညာရည်မြင့်မားရေးပကတိတရားမှ တစ်ဆင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ဟူသည့် ပန်းတိုင်ဆီသို့ လက်တွဲပူးပေါင်း လျှောက်လှမ်းသွားကြရမည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရနှင့် တိုင်းရင်းသားပြည်သူလူထုအားလုံးတို့၏ ခိုင်မာသော တွဲလက်များကို မဏ္ဍိုင်ပြုလျက် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးမှသည် ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်ပြည်ထောင်စုနိုင်ငံတော်ကြီးဆီသို့ လျှောက်လှမ်းသွားကြပါစို့ဟုသာ တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၊ လက်လီလက်ကား အခွန်လွတ်ဈေး နေပြည်တော် မြို့မဈေးတွင်ဖွင့်လှစ်





**နေပြည်တော် စက်တင်ဘာ ၁၀**

ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၊ လက်လီလက်ကား အခွန်လွတ်ဈေးကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းမှစတင်၍ နေပြည်တော် မြို့မဈေးတွင် ဖွင့်လှစ်ထားပြီဖြစ်ရာ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ အသားနှင့် ကြက်ဥ အရောင်းဆိုင်ခန်းများ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ရောင်းချသူများ၏ အရောင်းဆိုင်ခန်းများ၊ အိမ်နောက်ဖေး ဈေးဆိုင်တည်လိုသူများအတွက် မျိုးစေ့ပျိုးပင် အရောင်းဆိုင်များတွင် ဝယ်ယူကြသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

အဆိုပါ အခွန်လွတ်ဈေးကို နေ့စဉ် နံနက် ၆ နာရီမှ ၉ နာရီအထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ မြို့မဈေးနှင့် အထက(၅)လမ်းဆုံထောင့်ရှိ အအေးခန်းစက်ရုံတွင် နွားနို့၊ ငါးခြောက်၊ ပုစွန်ခြောက်နှင့် ကြက်သွန်၊ ငရုတ်သီးခြောက်၊ အာလူး စသည့် ကုန်ခြောက်များကို ညနေပိုင်းအထိရောင်းချပေးလျက်ရှိကြောင်း၊ စားသုံးသူများ၏ လိုအပ်ချက်ပေါ်မူတည်၍ ဝန်ထမ်းအိမ်ရာများနှင့် ရုံးဌာနများတွင် ရွှေ့လျားဈေးရောင်းစနစ်ဖြင့် ရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးအားပေးကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ သုတေသနခြံများ၊ နည်းပညာပေးလုပ်ငန်းအတွက် စံနမူနာပြစိုက်ခင်းများမှ ထွက်ရှိသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိပြီး ကိုယ်တိုင်စီးပွားဖြစ် စိုက်ပျိုးမွေးမြူထုတ်လုပ်နေသူများ လက်လီလက်ကားရောင်းချနိုင်ရေး စီမံဆောင်ရွက်ပေးခြင်းဖြင့် စားသောက်ကုန်များထုတ်လုပ်သူမှ စားသုံးသူလက်ဝယ်သို့ လတ်ဆတ်စွာဖြင့် တိုက်ရိုက်ရောက်ရှိရေး၊ နိုင်ငံ့ဝန်ထမ်းများ သက်သာချောင်ချိရေး၊ အစားအစာ ဘေးကင်းလုံခြုံမှုရှိပြီး အာဟာရပြည့်ဝလတ်ဆတ်သော သား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို မိသားစုတိုင်း ဖူလုံစွာစားသုံးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုလုပ်ငန်း၏အတွေ့အကြုံများဖြင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေကို Green City၊ Clean City၊ Smart City အဖြစ် အကောင်အထည်ဖော်ရေးလုပ်ငန်းတွင် အပါအဝင်ဖြစ်သည့် အရည်အသွေးပြည့်ဝပြီး ဘေးဥပဒ်ကင်းရှင်းသော စိုက်ပျိုးမွေးမြူရေးထုတ်ကုန်လုပ်ငန်းများ ဈေးကွက်ရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အဆင့်မြင့်သိုလှောင်ခြင်း၊ ပြုပြင်ထုပ်ပိုးရောင်းချခြင်းများ ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေးထွက်ကုန်ဈေးကွက်ဗဟိုဌာန အအေးခန်းသိုလှောင်ရုံကို နေပြည်တော် ပုဗ္ဗသီရိဈေးအနီးတွင် တည်ထောင်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများကို ၂၀၂၃ ခုနှစ်တွင် စတင်နိုင်မည်ဖြစ်ရာ ဒေသခံစိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများသာမက စားသုံးသူများအတွက်ပါ အကျိုးရှိစေမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ (၁၆)ကြိမ်မြောက် ဟိုချီမင်း နိုင်ငံတကာခရီးသွားပြပွဲနှင့် အဆင့်မြင့်ဖိုရမ်ကျင်းပ




**နေပြည်တော် စက်တင်ဘာ ၁၀**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်မြှင့်တင်ရေးတွက် နိုင်ငံတကာနှင့် ဒေသတွင်းအဆင့် ပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာခရီးသွားပြပွဲများတွင် ပါဝင်၍ မြန်မာနိုင်ငံ၏ပုံရိပ်နှင့် ခရီးစဉ်ဒေသများ မြှင့်တင်ကြော်ငြာခြင်းလုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်သည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ စက်တင်ဘာ ၈ ရက် မှ ၁၀ ရက်အထိ ကျင်းပသော (၁၆)ကြိမ်မြောက် ဟိုချီမင်း နိုင်ငံတကာခရီးသွားပြပွဲနှင့် အဆင့်မြင့်ဖိုရမ်သို့ တက်ရောက်သည်။

အဆိုပါခရီးသွားပြပွဲကို “Growth Forward Together” ခေါင်းစဉ်နှင့်အတူ ခရီးသွားလုပ်ငန်းဆိုင်ရာ အဆင့်မြင့်ဖိုရမ်ကို ပူးတွဲကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် ကိုဗစ်-၁၉ ကာလအတွင်း “စီးပွားရေး-အပန်းဖြေခရီးသွားလုပ်ငန်း အလားအလာများကို ဟိုချီမင်းမြို့နှင့် ဗီယက်နမ်နိုင်ငံတွင် မြှင့်တင်ဖော်ထုတ်ခြင်း” အခမ်းအနားသို့ ပါဝင်တက်ရောက်သည်။ “စီးပွားရေး-အပန်းဖြေခရီးသွားလုပ်ငန်း”သည် အပန်းဖြေခရီးသွားစဉ်အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ပူးတွဲဆောင်ရွက်ခြင်းဖြစ်ပြီး ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် အချိန်နှင့် ကုန်ကျစရိတ်များကို ချွေတာနိုင်ပြီး လုပ်ငန်းခွင်နှင့် နေ့စဉ် လူမှုဘဝမျှတစေနိုင်သဖြင့် ကိုဗစ်-၁၉ ကာလအတွင်း အဆိုပါ ခရီးသွားလာမှုပုံစံသစ်များ ဖွံ့ဖြိုးတိုးတက်လာခြင်း ဖြစ်ကြောင်း၊ အဆိုပါခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှု၊ သဘာဝအရင်းအမြစ်၊ ဆန်းသစ်သော လူနေမှုအတွေ့အကြုံများသည် အထောက်အကူဖြစ်စေကြောင်း၊ ထို့အပြင် တည်းခိုနေထိုင်ရေးကဏ္ဍတွင်လည်း အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုများ ပေးစွမ်းနိုင်ခြင်းသည်လည်း အဆိုပါခရီးသွားလုပ်ငန်းအတွက် များစွာအရေးကြီးသော သွင်းအားစုတစ်ခုဖြစ်ကြောင်း၊ လေဆိပ်များနှင့် လေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍများမှလည်း ခရီးသွားဧည့်သည်များတွက် ဘေးကင်းလုံခြုံပြီး လျင်မြန်ချောမွေ့သောခရီးစဉ်များကို ဖန်တီးပေးနိုင်ရန်လည်း လိုအပ်ကြောင်း၊ ၂၀၂၅ ခုနှစ်တွင် ဟိုချီမင်းမြို့နှင့် ဗီယက်နမ်နိုင်ငံတွင် စီးပွားရေး-အပန်းဖြေခရီးသွားဧည့်သည် ၁ ဒသမ ၇ သန်း ရရှိရေး မျှော်မှန်းချက်အရ ဟိုတယ်၊ ခရီးသွားကဏ္ဍနှင့် လေကြောင်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နေမှုကို သက်ဆိုင်ရာ အစိုးရ-ပုဂ္ဂလိက ကိုယ်စားလှယ်များက ဆွေးနွေးပြောကြားသည်။

ထို့နောက် ဗီယက်နမ်နိုင်ငံတွင် စီးပွားရေး-အပန်းဖြေခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည့် အိမ်ရာစီမံကိန်းရေးဆွဲဖော်ဆောင်နေမှုကို လေ့လာကြည့်ရှုခဲ့ပြီး သက်ဆိုင်ရာ စီမံကိန်းတာဝန်ခံများက ရှင်းလင်းတင်ပြချက်များအပေါ် သိရှိလိုသည်များကိုပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ညနေပိုင်းတွင် တက်ရောက်လာသည့် ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ပြည်တွင်းပြည်ပ ခရီးစဉ်ဝယ်ယူသူများအတွက် ဗီယက်နမ်နိုင်ငံက တည်ခင်းဧည့်ခံသည့် “ဗီယက်နမ်ည” ညစာစားပွဲအခမ်းအနားကို ဟိုချီမင်းမြို့ရှိ GEM စင်တာတွင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး တက်ရောက်သည်။ အဆိုပါအခမ်းအနားသို့ တက်ရောက်လာသည့် လာအို၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် ဗီယက်နမ် ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ခရီးစဉ်ဝယ်ယူသူများကို ဟိုချီမင်းပြည်သူ့ကော်မတီဥက္ကဋ္ဌ မစ္စတာဖန်မိုင်က ကြိုဆိုအဖွင့်အမှာစကားပြောကြားပြီး ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်တော်များကို ဗီယက်နမ်နိုင်ငံက နိုင်ငံဖြစ်တည်လာမှုသမိုင်းကြောင်းများနှင့် ရိုးရာယဉ်ကျေးမှုများကို သရုပ်ဖော်ကပြ ဖျော်ဖြေတင်ဆက်ခဲ့သည်။

စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဟိုချီမင်းမြို့ရှိ ဆိုင်းဂုံပြခန်းနှင့် ကွန်ဗင်းရှင်းစင်တာတွင် (၁၆)ကြိမ်မြောက် ဟိုချီမင်း နိုင်ငံတကာခရီးသွားပြပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပြည်တွင်းပြည်ပပြခန်းများ ပါဝင်ပြသနေမှုကို လိုက်လံကြည့်ရှုသည်။ ထို့နောက် ဖိုရမ်သို့ တက်ရောက်လာသည့် ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စီးပွားရေးလုပ်ငန်းများမှ “နိုင်ငံတကာခရီးသွားလုပ်ငန်းများ ပြန်လည်ထူထောင်မှု အဖြေရှာရေးနှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးရေး” အဆင့်မြင့်ဖိုရမ်ကို ဆက်လက်ကျင်းပသည်။ အဆိုပါဖိုရမ်တွင် ကိုဗစ်-၁၉ ကာလအတွင်း ခရီးသွားလုပ်ငန်းများပြန်လည်ထူထောင်ရေးနှင့်စပ်လျဉ်း၍ တက်ရောက်လာသည့် ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် မိုက်(စ်)ခရီးသွားလုပ်ငန်းဖြစ်သည့် Meeting၊ Incentive၊ Convention၊ Exhibition များဖြင့် ခရီးသွားလုပ်ငန်းများ ပိုမိုကောင်းမွန်လာစေရေး အထူးပြုဆောင်ရွက်ရန် လိုအပ်သည်များကို မျှဝေခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါ ခရီးသွားပြပွဲတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်းမှ မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်း ခင်းကျင်းပြသနေမှုများနှင့် ပြည်တွင်းပြည်ပမှ စိတ်ပါဝင်စားသူများ မြန်မာပြခန်းသို့ လာရောက်လေ့လာကြည့်ရှုနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံနှင့် နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ မြှင့်တင်ရေးအတွက် ခရီးသွားလုပ်ငန်းဝန်ကြီး ဒေါက်တာသွန်ခွန်းနှင့် ကိုယ်စားလှယ်အဖွဲ့ကို ဟိုချီမင်းမြို့ရှိ ရိနေဆန်းဟိုတယ်တွင် လက်ခံတွေ့ဆုံသည်။ တွေ့ဆုံစဉ် ကမ္ဘောဒီးယား-မြန်မာ နှစ်နိုင်ငံ အပြန်အလှန်လေ့လာရေးအဖွဲ့(FAM Trip)များ စေလွှတ်ခြင်း၊ နှစ်နိုင်ငံ ခရီးသွားမြှင့်တင်ရေးအမှတ်တံဆိပ် ဖော်ဆောင်ခြင်းနှင့် ၂၀၂၃ ခုနှစ် မတ်လတွင် ဂျာမနီနိုင်ငံ၌ ကျင်းပမည့် ITB Berlin ခရီးသွားပြပွဲတွင် မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံပူးပေါင်းကာ နှစ်နိုင်ငံ ခရီးစဉ်ဒေသတစ်ခုအဖြစ် ခရီးသွားပြခန်း ဖွင့်လှစ်ပြသရေးကိစ္စတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် ညနေပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံမှ ခရီးသွားပြပွဲသို့ တက်ရောက်လာသော ကိုယ်စားလှယ်များအတွက် တည်ခင်းဧည့်ခံသော “ကမ္ဘောဒီးယားည” အခမ်းအနားကို ဟိုချီမင်းမြို့ရှိ ရက်(စ်)ဟိုတယ်တွင် ကျင်းပရာ အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့သည်။

အဆိုပါ (၁၆)ကြိမ်မြောက် ဟိုချီမင်းနိုင်ငံတကာခရီးသွားပြပွဲနှင့် အဆင့်မြင့်ဝန်ကြီးများဖိုရမ်သို့ နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ပြည်တွင်းပြည်ပ ပြခန်း ၂၆၀ ပါဝင်ပြသခဲ့ပြီး အစိုးရ-ပုဂ္ဂလိက ခရီးသွားလုပ်ငန်းဆိုင်ရာဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိများ၊ ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ထုတ်ကုန်နှင့် ခရီးစဉ်ရောင်းချသူ/ဝယ်ယူသူများ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ဒလသင်္ဘောကျင်းနှင့် ဒဂုံဆိပ်ကမ်းသင်္ဘောကျင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယနေ့တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဒလသင်္ဘောကျင်းနှင့် ဒဂုံဆိပ်ကမ်းသင်္ဘောကျင်းတို့ထံ သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စု ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ဒလသင်္ဘောကျင်းသို့ရောက်ရှိပြီး ဒလသင်္ဘောကျင်းအစည်းအဝေးခန်းမ၌ ဒလသင်္ဘောကျင်း အင်ဂျင်နီယာမှူးကြီးက ရေယာဉ်များ လွှန်းတင်ပြင်ဆင်နေမှု၊ ဒလသင်္ဘောကျင်းရှိ သက်တမ်း ကြာမြင့်နေပြီး ဖျက်သိမ်းသင့်သည့် သံရည်ကျိုအလုပ်ရုံ၊ ပန်းပဲအလုပ်ရုံ၊ ကျောက်မီးသွေးဂိုဒေါင်တို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဖျက်သိမ်းရေးဆောင်ရွက်ထားရှိမှု၊ ဒလသင်္ဘောကျင်း ရှေးဟောင်းအဆောက်အအုံ (ဒီဇယ်ရုံ)၏အမိုးများ ပြင်ဆင်ပြီးစီးမှုနှင့် ဆေးသုတ်ပြုပြင်ထားမှု၊ သင်္ဘောကျင်းဝင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေး၊ ရေနုတ်မြောင်းများ ပြုပြင်ခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ထားမှု အခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဒလသင်္ဘောကျင်းရှိ စက်ရုံ၊ အလုပ်ရုံများ၊ သင်္ဘောကျင်းဝင်းအတွင်း ပတ်လမ်းများ၊ လွှန်းလမ်းများ အစဉ်သန့်ရှင်းသပ်ရပ်မှုရှိအောင် ဆောင်ရွက်ထားရန်၊ ပုံမှန်ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ပြီး လက်ရှိအခြေအနေထက်ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ထားရန် မှာကြားပြီး လုပ်ငန်းဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။





**ရှင်းလင်းပြောကြား**

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သိမ်ဖြူလမ်းရှိ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ ရောက်ရှိပြီး ရေကြောင်းပို့ဆောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ ရေလုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဌာနရှိ အရာထမ်း/ အမှုထမ်းများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် မိမိတို့ ကျင့်သုံးလိုက်နာရသော ဥပဒေ၊ နည်းဥပဒေနှင့် သက်ဆိုင်ရာ ဘာသာရပ်များကို ကျွမ်းကျွမ်းကျင်ကျင်နှင့် ကိုင်တွယ်ဆောင်ရွက်နိုင်သူများဖြစ်အောင် အစဉ်လေ့လာဆည်းပူးနေကြရန်၊ ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တက်ညီလက်ညီဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရန်၊ လုပ်ငန်းဆောင်ရွက်မှုအပိုင်းတွင် အဆင့်အတန်းအားလုံး ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ကြရန်၊ ဝန်ထမ်းဆန္ဒဖော်ထုတ်ပွဲ(ဒါဘာ)များပုံမှန်ဆောင်ရွက်ကြရန်၊ ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေး ဝန်ကြီးဌာနက သတ်မှတ်ထားသော SOP များနှင့်အညီ ရုံးဌာနများတွင် လိုက်နာကျင့်သုံးရေး အဆင့်အလိုက် ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဒဂုံဆိပ်ကမ်းသင်္ဘောကျင်းသို့ရောက်ရှိပြီး သင်္ဘောကျင်းစက်ရုံ အလုပ်ရုံများ၊ ရေယာဉ်များ လွှန်းတင်ပြင်ဆင်နေမှု၊ အသစ်တည်ဆောက်ပြီးစီးသော Liquid Oxygen စက်ရုံ၏ အောက်ဆီဂျင်ထုတ်လုပ်ဖြန့်ဖြူးမှု၊ ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက သင်္ဘောလွှန်းကျင်း စံချိန်စံညွှန်း (Yard Standard)နှင့် အညီ တည်ဆောက်ပြုပြင်ကြရန်နှင့် စီးပွားရေးအရ တွက်ခြေကိုက်သည့်သင်္ဘောကျင်းအဖြစ်ရပ်တည်နိုင်ရေးကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် ရှေးဦးပြုစုခြင်းဆိုင်ရာ ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၀**

၂၀၂၂ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ်ရှေးဦးပြုစုခြင်းဆိုင်ရာပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်၌ hybrid စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ၂၀၀၃ ခုနှစ်မှ စတင်၍ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပခဲ့ရာ ယခုအကြိမ်သည် အကြိမ် (၂၀)မြောက်ဖြစ်ကြောင်း၊

**အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုဖြစ်**

ဆေးရုံမရောက်မီ အသက်ကယ်ကုသခြင်း၏ အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုဖြစ်သည့် ရှေးဦးကူညီပြုစုပေးခြင်းဖြင့် လူနာ၏ ထိခိုက်ဒဏ်ရာများနှင့် နာကျင်ခံစားရမှုများကို လျော့နည်းသက်သာစေပြီး အသက်ရှင်သန်စေရန်အခွင့်အလမ်းများ ပိုမိုရရှိစေမည်ဖြစ်ကြောင်း၊

မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် နိုင်ငံအတွင်း လူမှုကရုဏာဆိုင်ရာ အကူအညီလိုအပ်သူများအတွက် အကူအညီများပေးခြင်း၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြုံတွေ့စဉ် ကူညီဆောင်ရွက်ပေးခြင်း၊ စေတနာသွေးလှူရှင်လုပ်ငန်းများ၊ အရေးပေါ်လူနာတင်ယာဉ်လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံအသက်စွန့်၍ ဆောင်ရွက်ပေးလျက်ရှိခြင်း၊ အာဆီယံသဘောတူညီချက်တစ်ခုဖြစ်သည့် လူမှုကရုဏာအကူအညီများပေးရေးအစီအစဉ်များ၌လည်း ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာ ဆောင်ရွက်ပေးခဲ့ခြင်းများအတွက် ကျေးဇူးတင်ရှိကြောင်း၊ လူမှုကရုဏာဆိုင်ရာ လုပ်ငန်းများတွင် အရန်အင်အားအဖြစ် ဆက်လက်ပါဝင်ဆောင်ရွက်နိုင်စေလိုကြောင်း၊

**တစ်ပြိုင်တည်းချီးမြှင့်ပေးမည်**

ရှေးဦးပြုစုခြင်းဆိုင်ရာပြိုင်ပွဲ အမျိုးအစား ၁၀ မျိုးကို တိုင်းဒေသကြီးနှင့်ပြည်နယ်တို့မှ ကြက်ခြေနီစေတနာ့လုပ်အားရှင်များအတွက် ကျင်းပပေးခဲ့ပြီး ထူးချွန်ဆုပေါင်း ၆၀ ကို ချီးမြှင့်ပေးသွားခြင်းဖြစ်၍ ထူးချွန်ဆုရရှိသူများကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တစ်ပြိုင်တည်းချီးမြှင့်ပေးမည်ကို သိရကြောင်း၊

ကြက်ခြေနီမောင်မယ်တို့အနေဖြင့် ရှေးဦးပြုစုခြင်းနည်းစနစ်များကို အများပြည်သူအားလုံးလက်လှမ်းမီသိရှိသင်ယူနိုင်ရန် ဆောင်ရွက်ကြစေလိုကြောင်း၊ ကြက်ခြေနီစေတနာ့လုပ်အားရှင်များအားလုံး ယခုထက်ပိုမို၍ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးပြု လူမှုကရုဏာလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ပါစေကြောင်း ပြောကြားသည်။




**ရှင်းလင်းပြောကြား**

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌက ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အခမ်းအနား ကျင်းပရခြင်းကို ရှင်းလင်းပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ Deputy Health Coordinator, Ms. Rose Caroline နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း Programme Coordinator, Ms. Marie Jean Manrigue တို့က အမှာစကားပြောကြားကာ ရှေးဦးပြုစုခြင်းဆိုင်ရာ လှုပ်ရှားမှုပုံရိပ်မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ၂၀၂၂ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် ဂုဏ်ပြုလွှာပေးအပ်ခြင်း၊ ထူးချွန်ဆုပေးအပ်ခြင်းနှင့် ပြိုင်ပွဲတွင်ဆုရရှိသူများကို ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ပြုလုပ်ရာ ဒုတိယဝန်ကြီး၊ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး ၂၀၂၂ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ်ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုသည်။

ယခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ဆောင်ပုဒ်မှာ "ရှေးဦးပြုစုအတတ်ပညာ ဘဝတစ်သက်တာသင်ယူပါ" ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လှည်းကူးမြို့နယ်၌ ကမ္ဘာ့ဆရာများနေ့နှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပ

**လှည်းကူး စက်တင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ကမ္ဘာ့ဆရာများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက် ၉ နာရီတွင် လှည်းကူးအခြေခံပညာအထက်တန်းကျောင်း၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြို့နယ်အဆင့် အထက်တန်း၊ အလယ်တန်း စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲများ ကျင်းပကြောင်း သိရသည်။

အဆိုပါ မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် "အကျွန်ုပ်ဆရာ" ခေါင်းစဉ်ဖြင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ကဗျာပြိုင်ပွဲ၌ "ဘဝလမ်းညွှန်ဆရာမွန်" ခေါင်းစဉ်ဖြင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ရှစ်ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၃ ဦး၊ ဆောင်းပါးပြိုင်ပွဲတွင် အထက်တန်းအဆင့် လေးဦး၊ အလယ်တန်းအဆင့် ခုနစ်ဦး စုစုပေါင်းကျောင်းသား ကျောင်းသူ ၈၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ကျောင်းသား ကျောင်းသူများ လူကုန်ကူးမှုဆိုင်ရာ အသိပညာ၊ ဗဟုသုတများရရှိစေရန် လူကုန်ကူးခံရနိုင်သည့် အခြေအနေမှ မိမိကိုယ်ကို ကာကွယ်တတ်စေရန်နှင့် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲနှင့် ပြိုင်ပွဲများကို ယနေ့ နံနက် ၁၀ နာရီတွင် လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနအစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ စက်မှုလက်မှုသမိုင်းပြုစုရေး ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၀

မြန်မာနိုင်ငံ စက်မှုလက်မှုသမိုင်းပြုစုရေးဦးစီးကော်မတီ၊ အကြံပေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ ပူးပေါင်းအစည်းအဝေး(၃၂/၂၀၂၂)ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သာလ္လာဝတီလမ်းရှိ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ မြန်မာနိုင်ငံ စက်မှုလက်မှုသမိုင်းပြုစုရေးဦးစီးကော်မတီနာယက၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စက်မှုဝန်ကြီးဌာနမှ အငြိမ်းစားအရာရှိကြီးများ၊ အကြံပေးအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သတင်းအချက်အလက်ရှာဖွေရေးနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများ၊ အထောက်အကူပြုအဖွဲ့ဝင်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။

အစည်းအဝေးကို မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြမည့် မျိုးဆက်သစ်လူငယ်များ၊ လေ့လာဖတ်ရှုသူများအနေဖြင့် သမိုင်းဖြစ်စဉ်များမှပြောသည့် သင်ခန်းစာယူဖွယ် အချက်အလက်များ၊ ယခင်က စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံခဲ့ရသည့် သင်ခန်းစာများ၊ အောင်မြင်ခဲ့သည့်အချက်များ၊ ဆုံးရှုံးနစ်နာခဲ့မှုများကို သင်ခန်းစာယူ ကိုးကားနိုင်ရေးအတွက် မြန်မာနိုင်ငံ စက်မှုလက်မှုသမိုင်းအား ပြုစုလျက်ရှိရာ ပါဝင်သင့်သည့် အချက်အလက်များ၊ သမိုင်းအထောက်အထားများကို ပိုမိုပြည့်စုံစွာ ပါဝင်နိုင်ရေးနှင့် သမိုင်းမှတ်တမ်း စာအုပ်ကောင်းတစ်အုပ်ဖြစ်မြောက်ပေါ်ထွန်းလာရေး ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။



အစည်းအဝေးတွင် တက်ရောက်လာကြသူများက မြန်မာနိုင်ငံ စက်မှုလက်မှု သမိုင်းတွင် ပါဝင်ရမည့်အချက်များ၊ ထပ်မံဖြည့်တင်းသင့်သည့်အချက်များ၊ အထောက်အထား ပိုမိုပြည့်စုံစေရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များကို အသေးစိတ်အပြန်အလှန် ညှိနှိုင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အားကစားနှင့် ကာယပညာသိပ္ပံ(လှိုင်ကော်)သို့ သွားရောက်ကြည့်ရှုစစ်ဆေး၊ ဆန်နှင့်ထောက်ပံ့ငွေများ ပေးအပ်

လှိုင်ကော် စက်တင်ဘာ ၁၀

ကယားပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် ယနေ့နံနက်ပိုင်းက အားကစားနှင့် ကာယပညာ သိပ္ပံကျောင်း (လှိုင်ကော်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး သင်တန်းသား သင်တန်းသူများအတွက် ဆန်နှင့် စားသောက်ရေးအတွက် ထပ်ဆောင်း ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

**ကြည့်ရှုအားပေး**

ရှေးဦးစွာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူတို့က အားကစားနှင့် ကာယပညာ သိပ္ပံကျောင်း (လှိုင်ကော်)မှ သင်တန်းသား သင်တန်းသူများ၏ ဘောလုံး၊ ပြေးခုန်ပစ်၊ ဂျူဒိုအားကစားနည်းများ လေ့ကျင့်နေမှု၊ ကိုယ်ကာယကြံ့ခိုင်ရေးအတွက် အားကစားလေ့ကျင့်နေမှုများအား ကြည့်ရှုအားပေးပြီး အားကစားကွင်း၊ အားကစားရုံနှင့် သင်တန်းသား သင်တန်းသူများ၏ အိပ်ဆောင်များ၊ သုံးရေလုံလောက်စွာထားရှိပေးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။




ဆက်လက်ပြီး ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများက ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများ၊ ချုံနွယ်ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်းနေမှုများ၊ ကျောင်းဝင်းအတွင်း စိုက်ပျိုးထားသော စားသုံးသီးနှံစိုက်ခင်းများကို ကြည့်ရှုအားပေးခဲ့သည်။

**လက်ခံရယူ**

ထို့နောက် ကယားပြည်နယ် ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအား စားသောက်မှုပြည့်စုံစေရေးနှင့် ထပ်ဆောင်းအာဟာရများ ကျွေးမွေးနိုင်ရန်အတွက် ဆန်အိတ် ၃၀ နှင့် ထောက်ပံ့ငွေကျပ် သိန်း ၃၀ ကို ပေးအပ်ရာ အားကစားနှင့် ကာယပညာသိပ္ပံကျောင်း (လှိုင်ကော်) ကျောင်းအုပ်ကြီး ဒေါ်စိုးစိုးမြဲက လက်ခံရယူသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းဦးက ကျောင်းတွင်းအခြေခံမြန်မာ့ရိုးရာသိုင်းနှင့် ကျွမ်းဘားအားကစားနည်း သင်တန်းများတွင် ထူးချွန်ဆုရရှိသူများကို ဆုချီးမြှင့်ရာ ဆုရရှိသော သင်တန်းသား သင်တန်းသူများက လက်ခံရယူခဲ့သည်။

**အတူတကွ သုံးဆောင်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အားကစားနှင့် ကာယပညာသိပ္ပံကျောင်း(လှိုင်ကော်)တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၌ တက်ရောက်နေသော သင်တန်းသား သင်တန်းသူ ၆၄ ဦး၊ နည်းပြဆရာ ဆရာမများနှင့် စုပေါင်းနေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ညောင်ရွှေမြို့နယ် နောင်တောကျေးရွာအုပ်စု ခတ်တော်ရေဦး အထက(ခွဲ)ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

ညောင်ရွှေ စက်တင်ဘာ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် နောင်တောကျေးရွာအုပ်စု ခတ်တော်ရေဦး အထက(ခွဲ) ကျောင်းဆောင်သစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ခတ်တော်ရေဦး အထက(ခွဲ)၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ခတ်တော်ရေဦး အထက(ခွဲ)ကျောင်းဆောင်သစ်ကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ညောင်ရွှေမြို့နယ် နောင်တောကျေးရွာအုပ်စု ခတ်တော်ရေဦး အထက(ခွဲ) ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် ဖျော်ဖြေကြပြီး ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ညောင်ရွှေမြို့နယ် နောင်တောကျေးရွာအုပ်စု ခတ်တော်ရေဦး အထက(ခွဲ)ကျောင်းအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က အလှူငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပေးအပ်၍လည်းကောင်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အတွင်းရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ကုမ္ပဏီအလှူရှင်များက အလှူငွေများပေးအပ်ရာ ခတ်တော်ရေဦး အထက(ခွဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြတ်ရတနာထွန်းမှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။



ထို့နောက် ရှမ်းပြည်နယ်ပညာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီလာက ဂုဏ်ပြုစကား ပြန်လည်ပြောကြား၍ ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မှု လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြကာ ကျေးရွာရပ်မိရပ်ဖ ဦးခွန်သူရအောင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကျဉ်းတင်ပြ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ခတ်တော်ရေဦး အထက(ခွဲ) Grade-10 ကျောင်းသား ကျောင်းသူများမှ ပအိုဝ်းရိုးရာ အကများဖြင့် ဖျော်ဖြေကြကာ ပြည်နယ်ဝန်ကြီးချုပ်က ဖျော်ဖြေပေးကြသော အဖွဲ့အား တစ်ဖွဲ့လျှင် ငွေကျပ်တစ်သိန်းစီ ဆုချီးမြှင့်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် ခတ်တော်ရေဦးကျေးရွာရှိ လယ်ငယ်ဘုန်းကြီးကျောင်းအား သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား သွားရောက်ဖူးမြော်ကာ လှူဖွယ်ပစ္စည်းနှင့်နဝကမ္မအလှူငွေ၊ ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းပေးကြသည်။ ၎င်းနောက် ရပ်ရွာလူထု အခြေပြုခရီးသွားလုပ်ငန်း(community BasedTourism-CBT)၊ ပအိုဝ်းCBT(အင်းနီ၊ လွယ်ခေါ်)ကျေးရွာများအား သွားရောက်ကြည့်ရှုကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၁၀

ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# လူကုန်ကူးမှုဖြစ်ပွားရခြင်းဇာစ်မြစ်များ

**ပေါက်ပေါက်**

**မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ပေါ်ပေါက်လာပုံ**

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ၁၉၉၇ ခုနှစ်မှစပြီး ဆောင်ရွက်လာခဲ့ပါသည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့က စတင်ပြဋ္ဌာန်းခဲ့ရာ ထိုနေ့ကို အစွဲပြု၍ နှစ်စဉ် စက်တင်ဘာလ ၁၃ ရက်နေ့ကို **"မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့"**အဖြစ် သတ်မှတ်ထားခြင်းဖြစ်ပါသည်။ ယခုဆိုလျှင် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ကျင်းပပြုလုပ်လာခဲ့သည်မှာ (၂၂) နှစ် ရှိလာပြီဖြစ်သည်။

**လူကုန်ကူးမှု အဓိပ္ပာယ်ဖွင့်ဆိုချက်**

လူတစ်ဦးတစ်ယောက်ကို အခြားသူတစ်ဦးက သော်လည်းကောင်း၊ တစ်ဦးထက်ပိုသောသူ (ဥပမာ လူကုန်ကူးအဖွဲ့/ လူဆိုးဂိုဏ်း)က သော်လည်းကောင်း၊ ကာယကံရှင်၏ သဘောတူညီသည်ဖြစ်စေ၊ မတူညီသည်ဖြစ်စေ စည်းရုံးခြင်း၊ သိမ်းသွင်းခြင်း၊ အကျပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း စသည်ဖြင့် ခေါင်းပုံဖြတ်၊ အမြတ်ထုတ်သည့် နည်းအမျိုးမျိုးတို့ဖြင့် လူအချင်းချင်း အရောင်းအဝယ်ပြုလုပ်ကြခြင်းကို **"လူကုန်ကူးခြင်း"** ဟု ခေါ်သည်။

**ပစ်မှတ်ထားခံရသူများ**

စားဝတ်နေရေးကျပ်တည်းသူများ၊ ကြွေးမြီနှောင်ဖွဲ့ခိုင်းစေခံရသူများ၊ ဝင်ငွေလစာများများ ရချင်သဖြင့် မိမိအရပ်ဒေသကိုစွန့်ခွာ၍ အခြားတစ်နေရာသို့ ရွှေ့ပြောင်းလုပ်ကိုင်ကြသူများ၊ အကြားအမြင် ဗဟုသုတနည်းပါးပြီး အယုံလွယ်သူများ၊ ငွေမက်ပြီး အန္တရာယ်ကိုမမြင်သူများ၊ တချို့မိန်းကလေးများက ချစ်သူဟန်ဆောင်ခံရပြီး သွေးဆောင်ရာကို အလွယ်တကူ လိုက်ပါမိသူများ၊ မိသားစုနှင့် အဆင်မပြေသည့် ဆယ်ကျော်သက် အိမ်ပြေးလူငယ်များ၊ တို့ဆေး သို့မဟုတ် အိပ်ဆေးမိခံရသူများ၊ တချို့မိန်းကလေးများက ဆင်းရဲတွင်းမှ လွတ်ချင်၍ သို့မဟုတ် အကြွေးများဆပ်လို၍ စသည့် အခြေအနေတစ်မျိုးမျိုးဖြင့် လူကုန်ကူးခံရမည်ကို သိသော်လည်း (ဥပမာ တရုတ်ပြည်ကိုသွားပြီး တရုတ်နိုင်ငံသားနှင့် နှစ်နှစ်ခန့် အတူနေပေးလျှင် ငွေမည်ရွေ့မည်မျှရမည်ဟူသော စိတ်ကူးဖြင့်) လူကုန်ကူးခံကြရပါသည်။ ငွေကြေးအခက်အခဲကို ဖြတ်လမ်းနည်းဖြင့် ဖြေရှင်းချင်သောသူများလည်း လူကုန်ကူးခံရတတ်ပါသည်။

လေ့လာကြည့်ရာ ကိုဗစ်-၁၉ မတိုင်ခင် ၂၀၁၉ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံး လူကုန်ကူးမှု ၂၃၉ မှုဖြစ်ပွားခဲ့ပြီး လူကုန်ကူးခံရသူဦးရေ ၃၅၈ ဦး အနက် အမျိုးသမီးက ၂၉၇ ဦး ရှိနေသည်ကို တွေ့ရပါသည်။ ထိုအမျိုးသမီးအားလုံးသည် နိုင်ငံဖြတ်ကျော်မှုခင်းအဖြစ် လူကုန်ကူးခံခဲ့ရပါသည်။ အမျိုးသမီးများသာမက အမျိုးသားများနှင့် ကလေးသူငယ်များလည်း လူကုန်ကူးခံရသည်။ အဆိုပါ လူဦးရေကိန်းဂဏန်းသည် ကိုဗစ်-၁၉ မတိုင်ခင်က အရေအတွက်မျှသာဖြစ်ပါသည်။ ယခုဆိုလျှင် ကပ်ရောဂါ ကိုဗစ်ဖြစ်လာသည်မှာ သုံးနှစ်ကြာမြင့်လာပြီဖြစ်သည့်အလျောက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပြီး စားဝတ်နေရေးကျပ်တည်းနေကြသဖြင့် လူကုန်ကူးခံရမှုများမှာ ၂၀၁၉ ခုနှစ်ကထက် မှုခင်းပေါင်းနှစ်ဆကျော် တိုးလာဖွယ်ရှိကြောင်း လေ့လာသူပညာရှင်များက ခန့်မှန်းထားကြပါသည်။

**အများဆုံး လူကုန်ကူးခံရသောနိုင်ငံများ**

တရုတ်၊ ထိုင်းနှင့် မလေးရှား ထိုသုံးနိုင်ငံသို့ လူကုန်ကူးမှုခံရလေ့ရှိပြီး တရုတ်နိုင်ငံက အများဆုံး၊ ထိုင်းနိုင်ငံက ဒုတိယအများဆုံးနှင့် မလေးရှားနိုင်ငံက တတိယအများဆုံးဖြစ်ပါသည်။ ခေတ်အဆက်ဆက် ရှမ်းပြည်မြောက်ပိုင်း မူဆယ်မြို့လမ်းကြောင်းမှတစ်ဆင့် တရုတ်ပြည်သို့ လည်းကောင်း၊ မြဝတီမြို့လမ်းကြောင်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့လမ်းကြောင်းမှတစ်ဆင့် မလေးရှားနိုင်ငံသို့လည်းကောင်း လူကုန်ကူးခံရကြောင်း တွေ့ရသည်။ မြန်မာနိုင်ငံတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၅ ခုရှိသည့်အနက် လူဦးရေထူထပ်သော ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်က အများဆုံးလူကုန်ကူးခံရပြီး ဧရာဝတီတိုင်းဒေသကြီးက ဒုတိယအများဆုံးနှင့် ကချင်ပြည်နယ်က တတိယအများဆုံးဖြစ်သည်။

**ကျား၊ မ (gender) လူကုန်ကူးခံရမှု အခြေအနေ**

လူကုန်ကူးခံရသူများကို အချိုးကျတွက်ကြည့်ရာ၌ အမျိုးသမီးဦးရေက ၄၈ ရာခိုင်နှုန်း၊ အမျိုးသားဦးရေက ၂၉ ရာခိုင်နှုန်းနှင့် ကလေးသူငယ်ဦးရေက ၂၃ ရာခိုင်နှုန်း တွေ့ရပါသည်။ မိန်းကလေးများက တရုတ်ပြည်သို့ အများဆုံးပို့ခံရသည်။

ထိုင်းနိုင်ငံရှိ စက်ရုံ၊ အလုပ်ရုံများအတွက် မြန်မာ အမျိုးသား၊ အမျိုးသမီးများကို လူကုန်ကူးကြသလို ငါးဖမ်းစက်လှေများအတွက် အမျိုးသားများကို လူကုန်ကူးကြသည်။ ထို့ပြင် ထိုင်းနိုင်ငံရှိ အနှိပ်ခန်းများ၊ ပြည့်တန်ဆာလုပ်ငန်းများမှာ လိင်လုပ်သားအဖြစ် မြန်မာမိန်းကလေးများကို လူကုန်ကူးကြသည်။ မလေးရှားနိုင်ငံသည် လောင်းကစားဝိုင်းများ၊ ဆီအုန်းစိုက်ခြံများအတွက် မြန်မာအမျိုးသားများကို လူကုန်ကူးကြသည်။ ကလေးသူငယ်များလည်း လူကုန်ကူးခံကြရရှာသည်။ မွေးစားရန်၊ ကလေးလုပ်သား၊ ကလေးသူတောင်းစား၊ ကလေးပြည့်တန်ဆာအဖြစ် လူကုန်ကူးခြင်းခံရသည်။

**မြန်မာနိုင်ငံနှင့် လူကုန်ကူးခံရမှု အခြေအနေ**

လူကုန်ကူးမှုပြဿနာကို အချက်သုံးချက် စံနှုန်းထား၍ နိုင်ငံတကာက ခွဲခြားသတ်မှတ်လေ့ရှိပါသည်။ ၎င်းတို့မှာ (၁) မူလဇာစ်မြစ်နိုင်ငံ၊ (၂)ဆိုက်ရောက်နိုင်ငံ၊ (၃)ကြားခံနိုင်ငံဟူ၍သတ်မှတ်သည်။ မူလဇာစ်မြစ်နိုင်ငံဆိုသည်မှာ လူကုန်ကူးမှုဖြစ်ပွားသည့် မူလအရင်းအမြစ် စတည်ရာနေရာတစ်ခုဖြစ်ပါသည်။ ဆိုက်ရောက်နိုင်ငံဆိုသည်မှာ ရောင်းစားရန် ပို့ဆောင်ခံရသည့် နိုင်ငံဖြစ်ပါသည်။ ကြားခံနိုင်ငံဆိုသည်မှာ သတ်မှတ်ထားသော နိုင်ငံမရောက်ခင် ကြားနေရာတစ်ခု၌ အခိုက်အတန့်အားဖြင့် ပုန်းလျှိုးကွယ်လျှိုးထားသည့်နေရာဖြစ်ပါသည်။

မြန်မာနိုင်ငံက နံပါတ်(၁) အုပ်စုဖြစ်သည့် လူကုန်ကူးမှု မူလအရင်းအမြစ် စတည်ရာနေရာတစ်ခုဖြစ်နေပါသည်။

အဓိကအားဖြင့် အစိုးရအဖွဲ့အစည်းနှင့် အရပ်ဘက်အဖွဲ့အစည်းများက ပြည်သူလူထုအတွက် (က) ဘေးကင်းလုံခြုံသော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ (ခ) ထိုက်သင့်သော လုပ်ခလစာရရှိရေးအတွက် ညှိနှိုင်းပေးခြင်း၊ (ဂ) အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်ပေးခြင်းနှင့် ၎င်းတို့အတွက် ထိရောက်သောဥပဒေတစ်ရပ်ဖြစ်တည်ရေးတို့ လိုအပ်ပါသည်။

နောက်တစ်ချက်အနေဖြင့် သတိထားရမည်မှာ မြန်မာနိုင်ငံသည် "လူကုန်ကူးမှုအဆိုးရွားဆုံး နိုင်ငံ အဆင့်သတ်မှတ်ချက် (၃) Tier-3 " အဖြစ် သတ်မှတ်ခံရသည်မှာ ယခုနှစ်အပါအဝင် ငါးနှစ်ဆက်တိုက်ရှိသွားပြီဖြစ်သည်။ မှုခင်းဖြစ်စဉ်များ လျော့ပါးသွားစေရန်အတွက် နိုင်ငံတော်နှင့် ပြည်သူလူထုတို့က ဟန်ချက်ညီညီပူးပေါင်းပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် လုပ်ဆောင်ကြဖို့လိုပါသည်။

နိုင်ငံတော်က ၂၀၂၂ ခုနှစ်အတွက် လူကုန်ကူးမှုတိုက်ဖျက်ရေးရည်ရွယ်ချက် (၄) ရပ်ကို ပြဋ္ဌာန်းဖော်ဆောင်နေသည်ကို တွေ့ရပါသည်။ ၎င်းတို့မှာ (၁) လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်၊ (၂) လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်၊ (၃) လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်ရန်၊ (၄) လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ဆိုသော ရည်ရွယ်ချက်များ ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် လူကုန်ကူးမှုဆိုသည်မှာ လူသားမျိုးနွယ်စုတစ်ခုလုံးနှင့် သက်ဆိုင်သော ရာဇဝတ်မှု ဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှုလည်းဖြစ်သလို နိုင်ငံတကာ ရာဇဝတ်ဂိုဏ်းများ ပါဝင်ပတ်သက်နေလေ့ရှိသဖြင့် အင်မတန်ရှုပ်ထွေးပွေလီသော နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်ပါသည်။ လူအချင်းချင်း ရောင်းဝယ်ဖောက်ကားခြင်းကို မည်သို့သောအကြောင်းကြောင့်မျှ မလုပ်သင့်၊ မလုပ်အပ်ဘဲ အပါယ်လားစေသည့် "မိစ္ဆာအာဇီဝ" ဖြစ်ကြောင်း ရှင်တော်မြတ်ဘုရားက မိန့်ကြားတော်မူထားပါသည်။ သို့ပါ၍ ယခုနှစ်ဆောင်ပုဒ်ဖြစ်သည့် "လူကုန်ကူးမှုတိုက်ဖျက်ဖို့ နည်းပညာအခန်းကဏ္ဍ မြှင့်တင်လုပ်ဆောင်စို့" ဟူသော နှိုးဆော်ချက်နှင့်အညီ လူထုအားလုံး ရှုထောင့်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံတို့ဖြင့် ချိတ်ဆက်ဖြေရှင်းပေးကြပါ၊ ဖြေရှင်းနိုင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ရပါသည်။ ။

■




**"မြန်မာနိုင်ငံသည် "လူကုန်ကူးမှုအဆိုးရွားဆုံးနိုင်ငံ အဆင့်သတ်မှတ်ချက် (၃) Tier-3 " အဖြစ် သတ်မှတ်ခံရသည်မှာ ယခုနှစ်အပါအဝင် ငါးနှစ်ဆက်တိုက်ရှိသွားပြီဖြစ်သည်။ မှုခင်းဖြစ်စဉ်များ လျော့ပါးသွားစေရန်အတွက် နိုင်ငံတော်နှင့် ပြည်သူလူထုတို့က ဟန်ချက်ညီညီပူးပေါင်းပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် လုပ်ဆောင်ကြဖို့လို"**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၈၀၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၆၂ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၀-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၉-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၈၀၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၂၆၂)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၄၃) ရာခိုင်နှုန်းရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၂၆၂)ဦးအနက်(၁၉)ဦး (၇.၃) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး(၂၄၃)ဦး (၉၂.၇)ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၈၃၄,၈၈၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၆,၆၆၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၉၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၄,၂၂၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၄၂) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ဖြစ်ပွားမှုများပြားလျက်ရှိပါသည်။ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးများကို ပြည်ပမှဝင်ရောက်လာသူများနှင့် ပြည်တွင်းကူးစက်ခံရသူများတွင် တွေ့ရှိနေရပြီး ယခုရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းအစုလိုက်ကူးစက်မှုများ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုများအား လျော့ကျစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် -

(က) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)တပ်ဆင်ခြင်းကို အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာရှိနေခြင်း၊ အများပြည်သူအသုံးပြုသောယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူ ဝင်/ထွက် သွားလာအသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာနများ၊ ရုံးများ၊ သင်တန်းများ၊ ကျောင်းများ၊ ဈေးများ၊ ဈေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာ အစရှိသော လူစုလူဝေးရှိရာနေရာများတွင် မဖြစ်မနေတပ်ဆင်ရန်၊

(ခ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်း စသည့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာ တစ်ခုခုရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ရန်လိုအပ်ပြီး ပါးစပ်နှင့် နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရန်၊

(ဂ) ရုံးဌာနများသို့ ဖြန့်ဝေထားပြီးဖြစ်သည့် ရုံးဌာနများ၊ လုပ်ငန်းခွင်များအတွက် ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာလိုက်နာရန်၊

(ဃ) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက်ရှိသူအားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးထိုးနှံပြီးစီးမှုကာလ ၆ လရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

### ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ (၁၀-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၁၉) ဦး | (၇.၃) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၂၄၃) ဦး | (၉၂.၇) % |
| စုစုပေါင်း | (၂၆၂) ဦး | (၁၀၀) % |

သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၇၀၂၆၀၀၁ | ၉၃၀၅၁၄၃၄ | ၁၀၇၅၃၃၈ |
| ၂။ | အိန္ဒိယ | ၄၄၄၉၀၂၈၃ | ၄၃၉၀၃၂၉၄ | ၅၂၈၀၃၉ |
| ၃။ | ပြင်သစ် | ၃၄၆၈၂၀၉၃ | ၃၄၁၈၅၃၂၄ | ၁၅၄၄၆၈ |
| ၄။ | ဘရာဇီး | ၃၄၅၆၃၉၂၀ | ၃၃၆၁၂၄၅၆ | ၆၈၄၈၆၆ |
| ၅။ | ဂျာမနီ | ၃၂၄၅၂၂၅၀ | ၃၁၆၅၂၈၀၀ | ၁၄၈၂၉၉ |
| ၆။ | တောင်ကိုရီးယား | ၂၃၉၇၆၆၇၃ | ၂၂၄၂၂၀၉၄ | ၂၇၄၂၉ |
| ၇။ | ဗြိတိန် | ၂၃၅၅၄၅၁၉ | ၂၃၂၆၁၅၅၀ | ၁၈၉၀၂၆ |
| ၈။ | အီတလီ | ၂၂၀၂၀၁၅၄ | ၂၁၃၄၁၁၈၆ | ၁၇၆၁၅၇ |
| ၉။ | ရုရှား | ၂၀၀၁၃၇၈၁ | ၁၉၀၂၃၇၁၈ | ၃၈၅၂၆၂ |
| ၁၀။ | ဂျပန် | ၁၉၉၈၂၀၅၆ | ၁၈၇၇၄၆၄၂ | ၄၂၃၁၃ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၃၇၉၇၀ | ၁၀၂၈၇၁၄၃ | ၄၃၁၂၆ |
| ၂။ | အင်ဒိုနီးရှား | ၆၃၉၀၅၅၃ | ၆၁၉၈၀၅၁ | ၁၅၇၇၅၇ |
| ၃။ | မလေးရှား | ၄၈၀၁၆၅၃ | ၄၇၃၈၀၀၉ | ၃၆၂၇၄ |
| ၄။ | ထိုင်း | ၄၆၆၆၄၅၃ | ၄၆၂၀၁၄၀ | ၃၂၅၂၃ |
| ၅။ | ဖိလစ်ပိုင် | ၃၉၀၄၁၃၃ | ၃၈၁၅၇၇၁ | ၆၂၂၈၈ |
| ၆။ | စင်ကာပူ | ၁၈၅၆၆၇၃ | ၁၇၇၈၂၇၂ | ၁၆၀၂ |
| ၇။ | မြန်မာ | ၆၁၆၆၆၃ | ၅၉၄၂၂၃ | ၁၉၄၄၂ |
| ၈။ | ဘရူနိုင်း | ၂၂၃၀၅၉ | ၂၁၉၅၆၁ | ၂၂၅ |
| ၉။ | လာအို | ၂၁၄၈၉၇ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၇၀၅ | ၁၃၄၅၇၃ | ၃၀၅၆ |

## ဖလမ်းမြို့၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသိပညာပေး

ဖလမ်း စက်တင်ဘာ ၁၀

ချင်းပြည်နယ် ဖလမ်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးကျော်ခေါင်၏ဦးဆောင်မှုဖြင့် ကိုဗစ်-၁၉ရောဂါကာကွယ်ရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို စက်တင်ဘာ ၈ ရက်က ဖလမ်းမြို့ပေါ်ရပ်ကွက်များတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများက မြို့ပေါ်လေးရပ်ကွက်အတွင်း လှည့်လည်ကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်၍ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုခြောက်လပြည့်ပြီးသော အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အတွင်းရှိ အခြေခံပညာကျောင်းသား ကျောင်းသူများ ရုံးဖွင့်ရက်များတွင် မြို့တော်ခန်းမ၌ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံနိုင်ကြောင်း အသိပေးဆော်ဩခြင်း၊ မြို့တွင်းဈေးရောင်း ဈေးဝယ်ပြည်သူများ ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်ညွှန်ကြားထားသည့် စည်းကမ်းချက်များနှင့် အညီ ရောင်းချမှုရှိ၊ မရှိ စစ်ဆေးခြင်း၊ လူစည်ကားသည့် မြို့လယ်ခေါင်ထီးရိပ်၊ မြို့မဈေးဝန်းကျင်ရှိ ဖြတ်သွားဖြတ်လာပြည်သူများအား နှာခေါင်းစည်းအခု ၅၀၀ နှင့် သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင် ၃၀၀ တို့ကို ဖြန့်ဝေဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ပန်းတောင်းမြို့နယ်၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများ ကျင်းပ

ပန်းတောင်း စက်တင်ဘာ ၁၀

ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများကို ယနေ့နံနက် ၈ နာရီက ပြည်ခရိုင် ပန်းတောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပညာရေးတိုးတက်ဖို့ "ဆရာအရည်အသွေးမြှင့်တင်စို့" ခေါင်းစဉ်ဖြင့် ဆောင်းပါးအား ထက်/လယ်/မူကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး စာစီစာကုံးပြိုင်ပွဲတွင် "အကျွန်ုပ်ဆရာ" ခေါင်းစဉ်ဖြင့် အထက်တန်း ၂၈ ဦး၊ အလယ်တန်း ၂၆ ဦး၊ ကဗျာပြိုင်ပွဲတွင် "ဘဝလမ်းညွှန်ဆရာမွန်" ခေါင်းစဉ်ဖြင့် အထက်တန်း ၁၂ ဦး ၊အလယ်တန်း ၁၂ ဦးယှဉ်ပြိုင်ကြကြောင်း သိရသည်။

အောင်မြင့်(ပန်းတောင်း)

# ချားလ်စ်ဘုရင် (၃) က ဘုရင်မကြီး၏ အတုယူဖွယ်စံနမူနာများကို လိုက်နာရန် ကြိုးပမ်းသွားမည်ဟု ပထမဆုံးအကြိမ် မိန့်ခွန်းတွင် ပြောကြား

**လန်ဒန် စက်တင်ဘာ ၁၀**

ဗြိတိန်ပြည်သူများနှင့် ကမ္ဘာတစ်ဝန်းရှိ ပြည်သူများက ဗြိတိန်ဘုရင်မကြီး အဲလိဇဘက် ကွယ်လွန်မှုအပေါ် ဝမ်းနည်းကြေကွဲလျက်ရှိပြီး တစ်ဖက်ကလည်း သားဖြစ်သူ ချားလ်စ်မင်းသား၏ ထီးနန်းဆက်ခံမှုကို ကြိုဆိုလျက်ရှိသည်။

ချားလ်စ်ဘုရင် (၃) အား St James's နန်းတော်၌ ယနေ့ကျင်းပသည့် နန်းတက်အခမ်းအနားတွင် ဗြိတိန်ဘုရင်အဖြစ် တရားဝင်ကြေညာခဲ့သည်။

အသက် (၇၃) နှစ် အရွယ်ရှိပြီဖြစ်သည့် ချားလ်စ်ဘုရင်က ဘုရင်မကြီး၏ အတုယူဖွယ်စံနမူနာများကို လိုက်နာရန် ကြိုးပမ်း သွားမည်ဖြစ်ကြောင်း နိုင်ငံရေးနှင့် ဘာသာရေးဆိုင်ရာ အကြံပေးအရာရှိကြီးများ တက်ရောက်သည့် နန်းတက်အခမ်းအနားတွင် ပြောကြားသည်။



နိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ကြီးလေးသည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားမည်ဖြစ်ကြောင်း ၎င်း၏ ပထမဆုံးအကြိမ် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

ထို့ပြင် ချားလ်စ်ဘုရင်က ဝေလမင်းသားဘွဲ့ကို သူ၏သားအကြီးဆုံးဖြစ်သည့် မင်းသားဝီလျံအား အပ်နှင်းခဲ့သည်။ ဝေလမင်းသားဘွဲ့ကို ချားလ်စ်ဘုရင်က နှစ်ပေါင်း ၅၀ ကျော် ထိန်းသိမ်းခဲ့သည်။ အဆိုပါ မင်းသားဘွဲ့သည် ဗြိတိန်ထီးနန်းဆက်ခံသူအတွက် သီးသန့်အပ်နှင်းသောဘွဲ့ဖြစ်သည်။

ချားလ်စ်ဘုရင်က ဝန်ကြီးချုပ် လစ်ဇ် ထရက်စ်နှင့်တွေ့ဆုံပြီး နန်းတော်အရှေ့တွင် ပြည်သူများက ဘုရင်မကြီးအတွက် ဝမ်းနည်းကြောင်း ပန်းစည်းများ လာရောက်ချထားမှုကို မြင်တွေ့ရသည့်အတွက် ဘုရင်မကြီးအဲလိဇဘက်အား သတိရလွမ်းဆွတ်မိပါကြောင်း ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံတစ်ဝန်း၌ ဘုရင်မကြီးကွယ်လွန်မှု ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တရားဝင်ရုံးပိတ်ရက် ၁၀ ရက်သတ်မှတ်ပေးခဲ့သည်။ Westminster Abbey ခရစ်ယာန်ဘုရားကျောင်း၌ ဘုရင်မကြီး၏ နိုင်ငံတော်စျာပနအခမ်းအနားပြီးနောက် ဘုရင်မကြီးအား Windsor ရဲတိုက်၌ သင်္ဂြိုဟ်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

❖

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၅၅၄ ဦးထပ်မံတွေ့ရှိ

**နယူးဒေလီ စက်တင်ဘာ ၁၀**

အိန္ဒိယနိုင်ငံ၏ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၅၅၄ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၄၄၉၀၂၈၃ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၄၈၈၅၀ ရှိကြောင်း သိရသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၈ ဦးထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၈၁၃၉ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၆၃၂၂ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၃၉၁၃၂၉၄ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၁၄၇၇၅၅၀၂၁ လုံးအသုံးပြုပြီးဖြစ်ကြောင်းနှင့် လက်ရှိအချိန်အထိ ပြည်သူ ၈၈၇ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူစက်ခံရမှုရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီးဖြစ်ကြောင်း အိန္ဒိယနိုင်ငံကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**



# ကင်ညာနိုင်ငံ၏ နိုင်ငံခြားသားခရီးသွားဝင်ရောက်မှု ၉၁ ရာခိုင်နှုန်းအထိမြင့်တက်လာ

**နိုင်ရိုဘီ စက်တင်ဘာ ၁၀**

ကင်ညာနိုင်ငံ၏ နိုင်ငံခြားသားခရီးသွားဝင်ရောက်မှုသည် ယခုနှစ်ဇန်နဝါရီလမှဩဂုတ်လအတွင်း မြင့်တက်မှုရှိခဲ့ပြီး ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၉၁ ရာခိုင်နှုန်းအထိ မြင့်တက်မှုရှိခဲ့ကြောင်း ကင်ညာနိုင်ငံအစိုးရထိပ်တန်းတာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၉ ရက်တွင် ပြောကြားသည်။

ကင်ညာနိုင်ငံသည် ယခုနှစ်ပထမရှစ်လအတွင်း နိုင်ငံခြားသားခရီးသွား ၉၂၄၈၁၂ ဦးအထိ ဝင်ရောက်မှုရှိခဲ့ကြောင်းနှင့် ယမန်နှစ်အလားတူကာလတွင် နိုင်ငံခြားသားခရီးသွား ၄၈၃၂၄၀ ဝင်ရောက်မှုရှိခဲ့ကြောင်း ကင်ညာနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် တောရိုင်းတိရစ္ဆာန်ဝန်ကြီးဌာနမှ တာဝန်ရှိသူ နာဂျစ်ဘာလာလာက ကင်ညာနိုင်ငံ၏ မြို့တော် နိုင်ရိုဘီ၌ သတင်းထောက်များအား ပြောကြားသည်။

ကင်ညာနိုင်ငံ၏ ခရီးသွားကဏ္ဍသည် နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်နိုင်ခဲ့ပြီးနောက် သိသိသာသာပြန်လည်ဦးမော့လာကြောင်း နာဂျစ်ဘာလာလာက ပြောကြားသည်။

ကင်ညာနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် တောရိုင်းတိရစ္ဆာန်ဝန်ကြီးဌာန၏ ပြောကြားချက်အရ ယခုနှစ်ဇန်နဝါရီလမှ ဩဂုတ်လအထိ ရှစ်လတာကာလအတွင်း ခရီးသွားလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၉ ဘီလီယံခန့်ရှိခဲ့ကြောင်းနှင့် ယမန်နှစ်အလားတူကာလက ခရီးသွားလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ဖ၉၁ သန်းရှိခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၉ ဦး ထပ်မံသေဆုံး

**မနီလာ စက်တင်ဘာ ၁၀**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၉ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၂၂၈၈ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၃၁၆၅ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၉၀၄၁၃၃ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၆၀၇၄ ဦးရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၂၂၀ သည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၇၂ ဒသမ ၇ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# ကနေဒါနိုင်ငံက အသက် ငါးနှစ်အောက်ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးရန် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို သုံးစွဲခွင့်အတည်ပြု

**အော့တဝါ စက်တင်ဘာ ၁၀**

ကနေဒါနိုင်ငံက အသက် ငါးနှစ်အောက် ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို သုံးစွဲခွင့် အတည်ပြုခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

**ဘေးကင်းလုံခြုံမှုကိုပါရရှိစေ**

အဆိုပါကာကွယ်ဆေးသည် အသက် ခြောက်လအရွယ်မှ လေးနှစ်အရွယ်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိရောက်စွာ ကာကွယ်ခုခံနိုင်စွမ်းရှိသည့်အပြင် ဘေးကင်းလုံခြုံမှုကိုပါရရှိစေနိုင်ကြောင်း ကနေဒါ ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

**သုံးကြိမ်ခန့်ထိုးနှံပေးရန် လိုအပ်**

ယင်း ကာကွယ်ဆေးသည် အဆိုပါ အသက်အရွယ်အုပ်စုအတွက် သုံးကြိမ်ခန့်ထိုးနှံပေးရန် လိုအပ်ပြီး ပထမအကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူပြီးနောက် ရက်သတ္တသုံးပတ် အကြာတွင် ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံမှုခံယူရမည်ဖြစ်ကာ အနည်းဆုံး ရက်သတ္တ ရှစ်ပတ်အကြာတွင် တတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုခံယူရန် သတ်မှတ်ထားသည်။



**သုံးစွဲခွင့် အတည်ပြု**

Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် ကလေးငယ်များအတွက် ကနေဒါကျန်းမာရေးအာဏာပိုင်များက သုံးစွဲခွင့်အတည်ပြုပေးခဲ့သည့် ဒုတိယမြောက်ကာကွယ်ဆေး ဖြစ်သည်။ Moderna ဆေးဝါးကုမ္ပဏီ၏ Spikevax ကာကွယ်ဆေးကို အဆိုပါ အသက်အရွယ်အုပ်စုအတွက် ဇူလိုင်လအတွင်း သုံးစွဲခွင့် အတည်ပြုပေးခဲ့ကြောင်း သိရသည်။

လွန်ခဲ့သော ရက်သတ္တပတ်အတွင်း ကနေဒါကျန်းမာရေးအာဏာပိုင်များက အသက် (၁၈) နှစ်အထက်ပြည်သူများ ကာကွယ်ဆေးထပ်ဆောင်းထိုးနှံမှုခံယူရန် အိုမီခရွန် ဗီဇပြောင်းမျိုးကွဲ ရပ်စ်များအား ခုခံနိုင်စွမ်းရှိသည့် Moderna Spikevax ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို သုံးစွဲခွင့် အတည်ပြုပေးခဲ့ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# ဖားကန့်မြို့နယ်၊ မိုးညှင်းမြို့နယ်နှင့် စစ်တွေမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



မျိုးသီဟနှင့် ဇော်ကိုမြင့်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၁၀

ဖားကန့်မြို့နယ်၊ မိုးညှင်းမြို့နယ်နှင့် စစ်တွေမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၉ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ဖားကန့်မြို့နယ် အေးမြသာယာကျေးရွာအနီးတွင် ဇော်ဒန်မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၂၅၀ ကိုလည်းကောင်း၊

စက်တင်ဘာ ၈ ရက် ညနေ ၃ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးညှင်းမြို့နယ် နန့်စီးအောင်ကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဇော်ကိုမြင့်မောင်းနှင်ပြီး မျိုးသီဟ လိုက်ပါလာသည့် ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၄ ဒသမ ၁၈ ကီလိုနှင့် ဘိန်းစိမ်း ကိုးကီလိုတို့ကိုလည်းကောင်း၊

စက်တင်ဘာ ၉ ရက် နံနက် ၈ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်တွေမြို့နယ် မှန်ဇီကျေးရွာအနီးရှိ မင်းဂံ-သင်္ကေပြင်ကျေးရွာသွား ကားလမ်းဆုံတွင် မောင်ဝင်းမြင့် မောင်းနှင်ပြီး အေးထွန်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၈၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ အိမ်တွင်းအလှဆင်ပစ္စည်း၊ မိုဘိုင်းဖုန်းအပိုပစ္စည်း၊ ယာဉ်အပိုပစ္စည်းနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၁၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ ID နှင့် ကိုက်ညီမှုမရှိသော ယာဉ်အပိုပစ္စည်းများနှင့် မိုဘိုင်းဖုန်းအပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၃၇၇၅၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စက်တင်ဘာ ၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မလစ်အနောက်ကျေးရွာ၌ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယာဉ်နှစ်စီးပေါ်မှ တရားမဝင် ကျွန်းပါကေးအကြမ်းတုံးများ ၁ ဒသမ ၄၅၇၂ တန်(ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၆၁၇၅၂)နှင့် အဆိုပါ သစ်များတင်ဆောင်လာသော ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၉၆၁၇၅၂ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၁၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော အကောက်ခွန်မဲ့ ကြမ်းခင်းဖယောင်းပုဆိုးများ ၅၅ လိပ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၁၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် ဘိုင်းဒါးကြိုးဝိုင်းအတွင်း တရားမဝင် ကျွန်းသစ်၊ ပျဉ်းကတိုး၊ တောင်ပိန်း၊ သပြေ၊ ပျဉ်းမနှင့် ထောက်ကြံ့ ၅ ဒသမ ၈၁၉၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၂၉၁၂)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၆ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၈၉၆၉၆၄)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်


ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ကုန်လှောင်ရုံ၌ သိမ်းဆည်းရမိမှု။

# လူထုအခြေပြုဗဟိုဌာန(ပျဉ်းမနား)၌ ပြည်ထောင်စုနယ်မြေ စာကြည့်တိုက်များဖောင်ဒေးရှင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ပျဉ်းမနား စက်တင်ဘာ ၁၀

ပြည်ထောင်စုနယ်မြေ စာကြည့်တိုက်များဖောင်ဒေးရှင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(ပျဉ်းမနား)၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုနယ်မြေ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်သင်းသင်းဇင်က ရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာစေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း (ကိုထွန်း-ကျယ်ဂေါင်)က ရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်များ လှူဒါန်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသည့် အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၉-၂၀၂၂ တနင်္ဂနွေနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | ပေဌာနသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၀ | တရုတ်ကာတွန်း "ပန်းနဂါးမိုးလေတံတား" (အပိုင်း-၈) |
| ၀၉:၁၀ | သတင်းသမားပြောတဲ့ သတင်းစကား |
| ၀၉:၄၀ | စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုသီချင်းဆိုပြိုင်ပွဲ 'တူယှဉ်နွဲပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ်(အုပ်စု-က)(ပွဲစဉ်-၂) |
| ၁၂:၃၀ | This Week's Special Interest |
| ၁၃:၀၀ | အသိပညာနှင့်အမှန်တရား |
| ၁၃:၁၀ | MRTV National News |
| ၁၃:၃၅ | မြန်မာဝန္တဝင်ရုပ်ရှင် "ချစ်ရေစင်" |
| ၁၆:၃၅ | Sports Diary |
| ၁၇:၁၀ | ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ် |
| ၁၇:၃၅ | ရာဇဝင်ထဲကသမိုင်းအနုပညာ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သုတစေဖြာသီရိဂေဟာ |
| ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဝါးဝါးအချစ်ချိုချို' (အပိုင်း-၇) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ဘဝနှင့်အနုပညာ |
| ၂၁:၃၀ | ဆေးရောင်စုံရုပ်ရှင် 'ချစ်ချစ် ချစ်တဲ့ကိုကို' |

### mitv

| | |
|---|---|
| 07:02 | Evergreen Classic: Myitta (Kyawt Kay Khaing) |
| 07:08 | The Hills OfPhowintaung And Shwebataung |
| 07:28 | Mote Khwe Late from Intaing Village |
| 07:38 | Myanmar Tradition of Lotus Flower |
| 08:01 | News |
| 08:27 | Lucrative Myanma Rattan Industry |
| 08:46 | SarpayBeikman Diamond Jubilee |
| 09:01 | Chef Life: Shaul Ben-Aderet (Israel) |
| 09:22 | Today Myanmar |
| 09:33 | Myanmar Traditional Instruments (MYANMA OBOE) |
| 10:01 | News |
| 10:27 | Global Partnership for Brighter Future: Hungary Pavilion at Expo 2020 Dubai |

### MRTV NRC

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၃)

**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
နာနတ်သီးနှင့်ကျန်းမာရေး

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
'ဝ' ဥစိုက်ပျိုးခြင်း

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွား လုပ်ငန်းလုပ်ကိုင်များ(တောင်ပလုရွာက ငှက်သိုက်လုပ်ငန်းနှင့်ရွာလွတ်ဆေးတံလုပ်ငန်း)

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
လခြမ်းမြေမှ ရိုးရာအလှ(အပိုင်း-၂)

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ရိုးရာခေါက်စီး(ခေါ်)ရှမ်းထမင်းသုပ်

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ကျိုင်းတုံ 'ဝ' ဆန်ပြုတ်ချက်နည်း

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၅)

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကယားရိုးရာကြက်သားဟင်းထုပ်

**ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
တစ်ပိုင်တစ်နိုင်စိုက်ပျိုးနိုင်တဲ့ငွေနှင်းပို

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
သဘာဝရဲ့အလှတရားများနဲ့ကျောက်ပုထိုးစေတီတော်

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၄၅ | News Desk |
| ၀၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း(LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လင်နဲ့ပယား ရှုပ်နဲ့သွားဆိုပေမယ့်' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၃) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၃) |

### MRTV FARMERS'

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၅၅ | အာဟာရကြွယ်ဝရောင်းပန်းလှကျန်းမာလုပဝင်ငွေရမြန်မာ့လိမ္မော်ရောက်မျိုးများရဲ့အလှ |
| ၀၇:၀၀ | 'စိုက်ပျိုးရေးရာအဖြေရှာ' မြန်မာ့ရှင်မတောင်သနပ်ခါး |
| ၀၈:၁၅ | ချိုမြိန်သောဘဝများရဲ့နှင်းဆီ |
| ၀၉:၂၀ | လယ်ဝေးမြို့နယ်ရှိကျေးရွာများ၏စိန်စီသောနေ့ရက်များ |
| ၀၉:၄၀ | ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ်(၁၆)ရပ်ကွက်နေ လဲ့လဲ့ဝင်းသည် ၎င်းအသုံးပြုသည့် “Lae Lae Win” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်နေ မင်းဇင်ဗိုလ်သော်သည် ၎င်းအသုံးပြုသည့် “Min Zin Bo Thaw” Facebook အကောင့်၊ ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၄)ရပ်ကွက်နေ မျိုးဖြူစင်မောင်သည် ၎င်းအသုံးပြုသည့် “Myo Phyu Sin Maung” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ရာဇသင်္ကြန်ရပ်ကွက်နေ အောင်ညီညီချစ်(ခ)မူနီးအာမတ်သည် ၎င်းအသုံးပြုသည့် “Aung Nyi Nyi Chit” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေနံမြေလုံခြုံရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူးဦးစီးအရာရှိ၊ အခြားအဆင့်တပ်ဖွဲ့ဝင် ၄၀ တို့က နေပြည်တော် ပုဗ္ဗသီရိမြို့နယ် လယ်သာကျေးရွာရှိ Yellow Generation Wave (YGW) မိဘမဲ့ကလေးစောင့်ရှောက်ရေးကျောင်းဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ ရဲပြန်ကြား



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ကဝမြို့ အမှတ်(၆) ရပ်ကွက် ပစ္ဆိမာရုံဘုန်းတော်ကြီးကျောင်း၌ ကဝမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းဇော်နှင့် တပ်ဖွဲ့ဝင် ၄၃ ဦးတို့က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

သန်းသန်းဝင်း(ပြန်/ဆက်)



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၀ ရက် နံနက် ၇ နာရီတွင် မော်ဘီ အမှတ်(၄)ရပ်ကွက်ရှိ သီရိမင်္ဂလာဘုန်းတော်ကြီးကျောင်း၌ မော်ဘီခရိုင်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကြီးဌေးတင်၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်အေး၊ မော်ဘီမြို့နယ် ရဲတပ်ဖွဲ့မှူးမြင့်အောင်နှင့် တပ်ဖွဲ့ဝင် ၅၀ တို့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ ဉာဏ်ဟိန်း



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့ ရဲအရာရှိအတတ်သင်ကျောင်းမှ သင်္ချေတပ်ဖွဲ့ဝင် ခြောက်ဦးနှင့် အမှုစစ်(အရာရှိ) သင်တန်းအမှတ်စဉ် (၇၅/၂၀၂၂)မှ သင်တန်းသား ၄၉ ဦးတို့က စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီတွင် မန္တလေးမြို့ ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြစဉ်။

မောင်အေးချမ်း



ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် သန့်ရှင်းသာယာလှပစေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီမံမှုဖြင့် စက်တင်ဘာ ၁၀ ရက် နံနက်တွင် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

တင်ဝင်းတင်



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၀ ရက် နံနက် ၇ နာရီတွင် အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက်ရှိ အလက(၄)ကျောင်း၌ အင်းစိန်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ငြိမ်းချမ်းအောင်၊ အင်းစိန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး သန့်ဇင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

မြင့်ဦး

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၀**

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

■

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၆၅ | ၂၄၁၅ | ၂၄၀၅ | ၂၃၇၅ | ၂၄၁၀ | ၂၄၃၅ | ၂၄၂၀ | ၂၄၀၀ | ၂၄၉၀ | ၂၅၀၅ | ၂၄၀၅ | ၂၄၁၅ | ၂၄၅၀ | ၂၄၅၀ | ၂၄၅၀ | ၂၆၇၀ | ၃၁၆၀ |
| 95 Ron | ၂၄၇၀ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၀ | ၂၅၁၅ | ၂၅၄၀ | ၂၅၂၅ | ၂၅၀၀ | ၂၅၉၅ | ၂၆၁၀ | ၂၅၁၀ | ၂၅၂၅ | ၂၅၅၀ | ၂၅၅၀ | ၂၅၅၅ | ၂၇၇၅ | ၃၂၂၅ |
| HSD (500 ppm) | ၂၉၉၀ | ၃၀၃၅ | ၃၀၃၀ | ၂၉၉၅ | ၃၀၃၅ | ၃၀၅၅ | ၃၀၅၀ | ၃၀၂၀ | ၃၁၃၅ | ၃၁၃၀ | ၃၀၂၅ | ၃၀၃၅ | ၃၀၇၀ | ၃၀၇၀ | ၃၀၇၀ | ၃၂၉၀ | ၃၈၉၅ |
| HSD (50 ppm) | ၃၀၇၅ | ၃၁၂၀ | ၃၁၁၅ | ၃၀၈၀ | ၃၁၂၀ | ၃၁၄၀ | ၃၁၃၅ | ၃၁၀၅ | ၃၂၂၀ | ၃၂၁၅ | ၃၁၁၀ | ၃၁၂၀ | ၃၁၅၅ | ၃၁၅၅ | ၃၁၅၅ | ၃၃၇၅ | ၃၉၃၀ |
| HSD (10 ppm) | ၃၀၇၅ | ၃၁၂၀ | ၃၁၁၅ | ၃၀၈၀ | ၃၁၂၀ | ၃၁၄၀ | ၃၁၃၅ | ၃၁၀၅ | ၃၂၂၀ | ၃၂၁၅ | ၃၁၁၀ | ၃၁၂၀ | ၃၁၅၅ | ၃၁၅၅ | ၃၁၅၅ | ၃၃၇၅ | ၃၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၅၇ | ၂၃၃၆ |
| 95 Ron | ၂၃၅၈ | ၂၄၃၉ |
| HSD (500 ppm) | ၂၈၆၃ | ၂၉၅၀ |
| HSD (50 ppm) | ၂၉၄၃ | ၃၀၃၁ |
| HSD (10 ppm) | ၂၉၄၃ | ၃၀၃၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းသားများ နေပြည်တော် MRTV တွင် လေ့လာ

နေပြည်တော် စက်တင်ဘာ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်လျက်ရှိသော ဓာတ်ပုံရိုက်ကူးတည်းဖြတ်နည်းသင်တန်းမှ သင်တန်းသား ၂၀ တို့သည် ယနေ့နံနက်ပိုင်းက နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရုပ်သံထုတ်လွှင့်မှုဆိုင်ရာများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်တို့တွင် ကြည့်ရှု လေ့လာကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့ဝင်များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှုပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ စသည့် စုစုပေါင်းပြခန်း ၄၀ တွင် ခင်းကျင်းပြသထားမှုများအပြင် ပင်မအဆောက်အအုံအတွင်း ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများအား လှည့်လည်ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြား ကြသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စက်တင်ဘာ ၆ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်လျက်ရှိသော ဓာတ်ပုံရိုက်ကူး တည်းဖြတ်နည်းသင်တန်း (၁/၂၀၂၂)သို့သင်တန်းသား ၂၀ တက်ရောက်လျက်ရှိပြီး သက်ဆိုင်ရာဒေသအသီးသီးသို့ ပြန်လည်မထွက်ခွာမီ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ လာရောက်လေ့လာခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနက ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၀

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးကိုနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရွှေမြိုင်ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များ၊ စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ကြက်သွန်၊ အာလူးနှင့် ကြက်ဥများ ဆက်ကပ်လှူဒါန်းခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဝါတွင်းကာလတွင် ဝါဆိုသံဃာတော်များ ဆွမ်း၊ ကွမ်းအခက်အခဲမရှိစေရေး နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ စာသင်တိုက်များသို့လည်းကောင်း၊ ပရဟိတကျောင်းများသို့လည်းကောင်း၊ စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ဖျာပုံမြို့နယ်အတွင်း အော်ဂဲနစ် ဟင်းသီးဟင်းရွက်များ လိုက်လံရောင်းချပေး

ဖျာပုံ စက်တင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ အခြေခံပြည်သူများ သက်သာသောဈေးနှုန်းဖြင့် အော်ဂဲနစ် ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများ ဝယ်ယူအသုံးပြုနိုင်ရေး သတ်မှတ်ရက်နှင့် သတ်မှတ်နေရာအလိုက် စီစဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။



"ကျွန်မတို့ဌာနအနေနဲ့ မြို့နယ်အတွင်းမှာရှိတဲ့ အခြေခံပြည်သူတွေ သဘာဝနည်းနဲ့ စိုက်ပျိုးထုတ်လုပ်တဲ့ ဟင်းသီးဟင်းရွက်၊ အသီးအနှံတွေ စားသုံးနိုင်ဖို့နဲ့ သက်သာတဲ့ ဈေးနှုန်းနဲ့ အနီးဆုံးမှာ ဝယ်ယူစားသုံးနိုင်ဖို့ခုလိုအိမ်တိုင်ရာရောက် လှည့်လည် ရောင်းချပေးတာ ဖြစ်ပါတယ်။ ဒီနေ့မနက်မှာတော့ အမှတ်(၁၂)ရပ်ကွက်၊ အမှတ်(၁၆) ရပ်ကွက်နဲ့ ချောင်းတွင်းကျေးရွာမှာ သွားရောက်ရောင်းချပေးခဲ့တာ ဖြစ်ပါတယ်"ဟု စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးက ပြောသည်။ အဆိုပါ အစီအစဉ်အား ဖျာပုံခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးခိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး အပတ်စဉ် စနေနေ့တိုင်း သတ်မှတ်ရပ်ကွက်နှင့် ကျေးရွာများအလိုက် ချဉ်ပေါင်ရွက်၊ ပဲတောင့်ရှည်၊ ကြက်ဟင်းခါးသီး၊ ပုံလုံသီး၊ ဘူးသီး၊ ကန်စွန်းရွက်၊ ကုလားနံနံနှင့် သံပရာသီး စသည့် အော်ဂဲနစ် ဟင်းသီးဟင်းရွက်များ လှည့်လည်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၇

# ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ



မော်လမြိုင်မြို့၌ ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးစဉ်။



ဟားခါးမြို့၌ ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလအတွင်း ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့် ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ကျိုက်ထိုမြို့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများအား သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ပြီး ထိုသို့ ရောင်းချနေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ချင်းပြည်နယ် ဟားခါးမြို့ ဈေးသစ်ရပ်ကွက်ရှိ စုပေါင်းရုံးရှေ့၌ ချင်းပြည်နယ်အစိုးရအဖွဲ့၏ စီမံဦးဆောင်မှုဖြင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ စသည့် အခြေခံစားကုန်များကိုလည်းကောင်း၊ ဟားခါးတပ်နယ်မှ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသော အသား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များအပြင် ဆန်၊ ဆီ၊ စားသောက်ကုန်များ၊ ဟင်းသီးဟင်းရွက်များ၊ အခြေခံစားသောက်ကုန်များကို ဒေသပေါက်ဈေးထက် ၂၀ ရာခိုင်နှုန်းလျှော့၍ လည်းကောင်း ရောင်းချပေးခဲ့သည်။ ထိုသို့ ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့၊ မိုင်းတုံမြို့၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ထားဝယ်မြို့၊ တနင်္သာရီမြို့၊ ကော့သောင်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်၊ မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံတပ်မတော်သားများ၊ ဆန်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် တာဝန်ရှိသူများက ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ ရွှေဖီဦးလက်ဖက်ရည်ထုပ်၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွပ်ဘူးများ စသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## စစ်တွေမြို့၌ အခြေခံစားသောက်ကုန်များအား ဈေးနှုန်းသက်သာစွာ ရောင်းချ

**စစ်တွေ စက်တင်ဘာ ၁၀**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ စစ်တွေတပ်နယ်မှ အခြေခံစားကုန်နှင့် ဟင်းသီးဟင်းရွက်များအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုကြည့်ရှုအားပေးပြီး စစ်တွေမြို့ ဦးရဲကျော်သူ ကျောင်းတိုက်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ စစ်တွေတပ်နယ်မှ ကြက်သား၊ ဝက်သား၊ ဘဲသား၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များနှင့် စားသုံးဆီများအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုကာ ဝယ်ယူအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ လမ်းသစ်ရပ်ကွက်ရှိ ဦးရဲကျော်သူကျောင်းတိုက်အတွင်း သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းအမှိုက်ကောက်သန့်ရှင်းရေး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

အဆိုပါ စုပေါင်းအမှိုက်ကောက်သန့်ရှင်းရေး ဆောင်ရွက်ရာတွင် စစ်တွေတပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက ဦးရဲကျော်သူ ကျောင်းတိုက် အတွင်းအပြင် သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ၊ ပလတ်စတစ်အိတ်များ၊ ချုံနွယ်၊ ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ တူးဖော်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

## ၂၀၂၂ ခုနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၀**

၂၀၂၂ ခုနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ ညနေပိုင်းတွင် ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ကျင်းပသည်။ အဆိုပါ ဘောလုံးပြိုင်ပွဲကို ဧရာဝတီတိုင်းဒေသကြီး ခရိုင် ရှစ်ခရိုင်မှ ပြိုင်ပွဲဝင် အသင်း ရှစ်သင်းဖြင့် စက်တင်ဘာ ၁၂ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဖိတ်ကြားထားသူများနှင့်အတူ ၂၀၂၂ ခုနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်ဖြစ်သည့် မအူပင်ခရိုင်အသင်းနှင့် ကျုံပျော်ခရိုင်အသင်းတို့၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဖွင့်ပွဲစဉ်တွင် ကျုံပျော်ခရိုင်အသင်းက မအူပင်ခရိုင် အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်



**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# ရိုးရာအစဉ်အလာ ဂုဏ်ယူစွာဖြင့်

ကိုဇော်ဌေး(ယဉ်ကျေးမှု)

ထင်းတစ်ချောင်းချင်းကို စုစည်းချည်နှောင်ထားခြင်းဖြင့် ခိုင်မာတောင့်တင်းသော ထင်းစည်းဖြစ်လာသည်။ အင်အားပြည့်ဝသော စကားလုံးတစ်လုံးချင်းဖြင့် လှပသောစာတစ်ကြောင်းသည် ဖြစ်တည်လာသည်။ ထိုစာကြောင်းသည် ရေစီးကြောင်းအတွင်း ကန်သင်းနှယ်ရှိသည်။ ကန်သင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး အတီးပြိုင်ပွဲမည်စွာဖြင့် ရေစီးအတွင်းမှ တစ်ပါးသော ယဉ်ကျေးမှုများကို ကာဆီးပေးလျက်ရှိသည်။

စကားလုံးများ၏ အင်အားကို စိတ်ဖြာကြည့်မိသည်။

## မြန်မာ

မြန်မာဟူသည် ကိုယ့်မင်းကိုယ့်ချင်း ကိုယ့်ထီးကိုယ့်နန်း ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် ကမ္ဘာ့အလယ်၌ ထည်ဝါခံ့ညားစွာ ရပ်တည်ခဲ့သောနိုင်ငံဖြစ်သည်။ မြန်မာဟူသောစကားလုံး၏အဓိပ္ပာယ်ကပင် အနှစ်သာရရှိပြီးသားဖြစ်သည်။ “မြန်”ဟူသည် ရွှေ့လျားဆောင်ရွက်မှု သွက်လက်ခြင်း၊ “မာ”ဟူသည် ခိုင်မာတောင့်တင်း သိပ်သည်းခြင်းဟူ၍ အဓိပ္ပာယ်ရှိရာ အားမာန်အပြည့် စွမ်းဆောင်နိုင်သောလူမျိုးဟု ကောက်ယူရရှိသည်။

မြန်မာဟူသည် “မြန်မာနိုင်ငံတွင် အစဉ်အဆက်နေထိုင်ခဲ့ကြသော တိုင်းရင်းသားများကို ခြုံခေါ်သောအမည်” ဟု မြန်မာအဘိဓာန်က ဖွင့်ဆိုသည်။ မြန်မာဟူသည့်ဝေါဟာရကို အဦးအစ အစောဆုံးအနေဖြင့် သက္ကရာဇ် ၄၅၂ ခုနှစ် ပုဂံခေတ် (AD-၁၀၉၀) ပြည့်နှစ် အမတ်ကြီး သိင်္ဃသူ ရေးထိုးခဲ့သည့် ပုဂံမြို့တောင်ဂူနီကျောက်စာတွင် စတင်တွေ့ရှိရသည်ဟု သုတေသီတို့က ဖော်ပြကြသည်။ ၎င်းတောင်ဂူနီကျောက်စာကို ပုဂံမြို့ယဉ်ကျေးမှုပြတိုက်အတွင်း ထိန်းသိမ်းထားရှိပြီး မြန်မာဟူသည့်ဝေါဟာရကို အထင်အရှားရေးထိုးထားကြောင်း တွေ့ရသည်။ ၎င်းကျောက်စာထက် နှစ် ၉၀ လောက်စောသည့် ကျန်စစ်သားမင်းကြီး၏ နန်းတည်ကျောက်စာ (AD-၁၁၀၂)တွင် မြန်မာကို “မိရမာ” ဟု ရေးထိုးထားသည်ကိုတွေ့ရသည်။ AD-၁၃၂၄ တွင် ရေးထိုးထားသည့် ရှေးမြန်မာကျောက်စာတွင်မှ “မြံမာ” ဟု ရေးထိုးလာသည်ကို အစောဆုံးတွေ့ရပြီး နောက်ပိုင်းရေးထိုးကြသည့် ကျောက်စာ၊ မင်စာတို့တွင်မှ “မြံမာ” ဟုလည်းကောင်း၊ “မြမ္မာ” ဟုလည်းကောင်း၊ မြန်မာဟုလည်းကောင်း ခေါ်ဝေါ်ရေးထိုးလာကြသည်။

## ရိုးရာ

ရိုးရာကို “၁၊ မိဘစဉ်ဆက်။ ၂၊ မိဘစဉ်ဆက် ကိုးကွယ်ခဲ့သောနတ်။ ၃၊ မိဘစဉ်ဆက် ကျင့်သုံးခဲ့သော အလေ့အထ” ဟု မြန်မာအဘိဓာန်က ဖွင့်ဆိုသည်။ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုထွန်းကားသောနိုင်ငံဟု ဆိုဝံ့သည်။ ရှေးခေတ်မြန်မာတို့၏ ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ပညာရေး စသည်တို့ကို အခြေခံ၍ ပေါ်ပေါက်လာသော ဆယ့်နှစ်လရာသီ ရိုးရာပွဲတော်များသည်လည်း အခိုင်အမာတည်ရှိနေမြဲဖြစ်သည်။ အဆိုပါပွဲတော်များကို မြန်မာတို့သည် နှစ်ပေါင်းထောင်ချီ ထိန်းသိမ်းလာခဲ့ကြသည်။ တစ်ခါတစ်ရံဝယ် လေးနက်စွာဖြင့် ရိုးရာကိုပင် ရိုးရာယဉ်ကျေးမှုဟု တင်စားကြသည်။ သမိုင်းတည်လာသော ရိုးရာကို ခေတ်နှင့်လျော်ညီစွာ ထိန်းသိမ်းရသည်ရှိသလို စွန့်လွှတ်ရသည်လည်း ရှိနိုင်သည်။

## ယဉ်ကျေးမှု

ယဉ်ကျေးမှုဟူသည် “၁၊ သိမ်မွေ့ပြေပြစ်သော တတ်သိလိမ္မာမှု။ ၂၊ တိုးတက်ထွန်းကားလာသော လူမှုအဆင့်အတန်း။ ၃၊ အစဉ်အလာအားဖြင့် ထိန်းသိမ်းတည်ရှိလာသော ဓလေ့ထုံးတမ်း စသည်” ဟု မြန်မာအဘိဓာန်က ဖွင့်ဆိုသည်။ လူမျိုးတစ်မျိုး၏ မွေးဖွားချိန်မှ သေဆုံးချိန်အထိ ပြုလုပ်သုံးစွဲခဲ့သော ပစ္စည်းများ၊ ထိုလူမျိုးတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ပြောဆိုသည့် ဘာသာစကား၊ လူမှုဆက်ဆံရေးစနစ်၊ အတွေးအခေါ်အယူအဆ၊ ယုံကြည်ကိုးကွယ်မှု၊ အသက်မွေးဝမ်းကျောင်းမှု၊ ရိုးရာဓလေ့ထုံးစံများနှင့် လက်မှုပညာ၊ အနုသုခုမပညာတို့ကို ပေါင်းခြုံခေါ်စပ်ခြင်းပင်ဖြစ်သည်။ ယဉ်ကျေးမှုသည် သဘာဝပတ်ဝန်းကျင်မှ လူကိုယ်တိုင်ဖန်တီးယူသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ လူတစ်မျိုး၏ ဘဝတည်ဆောက်ပျိုးထောင်ပုံ နည်းနာများသာဖြစ်သည်။ လူ့ဘောင်အဖွဲ့အစည်းအတွင်း၌ လူတို့ဆက်ဆံနေထိုင်စားသောက် လှုပ်ရှားသည့်ပုံစံသည် လူတို့၏ ယဉ်ကျေးမှုစနစ်ဖြစ်သည်။ ယဉ်ကျေးမှုတွင် အလွန်ကောင်းမွန်သော အနုပညာလက်ရာများ၊ မြင့်မားသောလူနေမှုများ ပါဝင်နေသည်။ ထို့ပြင် လူသားမျိုးနွယ်တစ်ခု၏ အသိပညာ၊ ယုံကြည်မှု၊ အသုံးပြုသောအမှတ်အသားတို့၏ စိတ်ကူးအရည်အသွေးပေါ် မူတည်သည့် လူမှုရေးလေ့လာမှုများလည်းပါဝင်သည်။ ယဉ်ကျေးမှုသည် လူမှုအဖွဲ့အစည်းတစ်ခု၏ ရည်ရွယ်ချက်၊ သဘောထား၊ တန်ဖိုးများ၊ အစဉ်အလာများ၏ ထူးခြားဝိသေသလက္ခဏာများဖြင့် သတ်မှတ်ထားမှုတို့ ဖြစ်ကြသည်။

မြန်မာ့ယဉ်ကျေးမှုသည် မြန်မာ့သမိုင်းဖြစ်သည်။ စားရေး၊ ဝတ်ရေး၊ နေရေးသည် နိုင်ငံရေးဟု ဆိုပါလျှင် ယဉ်ကျေးမှုသည် စားဝတ်နေရေးအားလုံးနှင့် အကျုံးဝင်နေသည်။ ယဉ်ကျေးမှုသည် အမျိုးသားနိုင်ငံရေးဖြစ်၍ အမျိုးသားရေးစရိုက်လက္ခဏာတို့ပါဝင်သော ယဉ်ကျေးမှုပျောက်လျှင် လူမျိုးလည်း ပျောက်မည်သာဖြစ်သည်။ အမျိုးသားရေးစရိုက်လက္ခဏာသည် မွေးရာပါဗီဇမဟုတ်ဘဲ လူမှုရေးအရ မဖြစ်မနေတည်ဆောက်ယူရသောအရာဖြစ်သည်။ လူတစ်ဦး၏ အမျိုးသားရေးလက္ခဏာသည် နိုင်ငံတော်သင်္ကေတများ၊ ဘာသာစကားများ၊ အရောင်များ၊ နိုင်ငံ၏သမိုင်း၊ သွေးချင်းဆက်နွယ်မှုများ အစရှိသော လူတို့၏ နေ့စဉ်ဘဝရှိဘုံတူညီချက်များမှ တိုက်ရိုက်ဆင်းသက်လာခြင်းပင်ဖြစ်သည်။

## အဆို၊ အက၊ အရေး၊ အတီး

အဆို၊ အက၊ အရေး၊ အတီးသည် အနုပညာ ပုံသဏ္ဍာန်တစ်ခုဖြစ်သည်။ အနုပညာသည် စိတ်ကူးမှုပညာဖြစ်၍ တစ်ဖက်တွင် တီထွင်ဆန်းသစ်သည့် ပညာရပ်များလည်း ပါဝင်လာသည်။ တီထွင်ဆန်းသစ်မှုသည် စိတ်ကူးပေါ်၌ မှီသည်ဖြစ်၍ အနုပညာဖြစ်သည်။ အနုပညာတွင် ရသပါသည်။ ရသဟူသည်မှာ စိတ်လှုပ်ရှားခံစားမှုကို ဆိုလိုသည်။ အဆို၊ အက၊ အရေး၊ အတီး ပညာရပ်တိုင်းတွင် ရသရှိသည်။ ရသဟူသည် လွမ်းဆွေးခြင်း၊ ဝမ်းသာခြင်း၊ ထိတ်လန့်ခြင်း၊ ဒေါသဖြစ်ခြင်း၊ အံ့သြခြင်း၊ ကြည်နူးခြင်း၊ ရွံရှာဖွယ်ဖြစ်ခြင်း စသည့် လူတို့၏စိတ်လှုပ်ရှားမှု ခံစားချက်များပင်ဖြစ်သည်။ ရသပါအောင် ဖွဲ့နွဲ့ခြင်းသည် မြန်မာ့အနုပညာ၏ ပြောက်မွမ်းမှုပင်ဖြစ်သည်။ ထိုထိုသောပြောက်မွမ်းမှုများသည် မြန်မာ့ရေမြေ၊ တောတောင်ဓလေ့ထုံးစံများဖြင့် သင်းထုံနေကြသည်။ စည်းနှင့် ကမ်းနှင့် အကန့်အသတ်ဖြင့် စာပေအလင်္ကာဂုဏ်မြောက်စွာဖြင့် သီကုံးတန်ဆာဆင်ထားသည့် အရေးပညာ၊ ထိုပညာကို ရင်မှလာသောစေတနာဖြင့် ဖော်ပြသည့် အဆိုပညာ၊ အရေး၊ အဆို၊ အကတို့ကို ဂုဏ်တင်ချီးပသည့် အတီးပညာ၊ အဝန်းအဝိုင်းတို့ဖြင့် တြိဘင်္ဂဆန်သော အကပညာတို့သည် မြန်မာ့ယဉ်ကျေးမှုနှင့်လျော်ညီစွာ အနုပညာပုံသဏ္ဍာန်တစ်ရပ်အဖြစ် ရပ်တည်၊ တည်တံ့နေကြသည်။ တည်တံ့လာသည်မှာ နှစ်ပေါင်းထောင်ချီရှိပြီးဖြစ်သည်ကိုလည်း ပြောဆိုဝံ့သည်။ ဝင့်ထည်တင့်တယ်သည့် အဆို၊ အက၊ အရေး၊ အတီး ပညာရပ်တို့သည် မြန်မာ့ရိုးရာပင်ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုပင်ဖြစ်သည်။ မြန်မာ့သမိုင်းပင်ဖြစ်သည်။






## ပြိုင်ပွဲ

မြန်မာအဘိဓာန်က “ပြိုင်” ကို ၁၊ ဂုဏ်၊ စွမ်းရည် စသည်ချင်းယှဉ်သည်။ အသာလုသည်။ ၂၊ ယှဉ်လျက်တည်သည်ဟု ဖွင့်ဆိုပြထားပြီး “ပွဲ”ကို ၁၊ ပရိသတ်စုဝေးရာသဘင်။ လူအများ စုဝေးဆင်နွှဲသော ပျော်ရွှင်မှုအခမ်းအနား၊ ဖြေဖျော်မှုအခမ်းအနား စသည်။ ၂၊ ကန်တော့ပွဲ၊ အမျိုးအမည်စုံစုံပြင်ဆင်ခင်းကျင်းထားသောအရာ။ ၃၊ များသောအားဖြင့် ကျွဲနွား စသည်တို့ စုဝေးရောင်းဝယ်ရာဌာန။ စည်း- ကန်တော့ပွဲ၊ ဟင်းပွဲ စသည်ကို ရေတွက်ရာ၌သုံးသော စကားလုံးဟု တွေ့ရသည်။ ထို့ကြောင့် “ပြိုင်ပွဲ” ကို ယှဉ်လျက်တည်သည့် ပရိသတ်စုဝေးရာသဘင်ဟု လေးနက်စွာဖော်ကျူးမိသည်။ ယှဉ်လျက်တည်နေသူများသည် ပြည်ထောင်စုသား တိုင်းရင်းသားများပင်ဖြစ်သည်၊ စုဝေးနေသည့် ပရိသတ်တို့သည်လည်း ပြည်ထောင်စုသား တိုင်းရင်းသားများပင်ဖြစ်သည်။ “အတူလေးရယ်နဲ့ ယှဉ်ကာပြိုင်” ဆိုသည့် နတ်ချင်းတစ်ပုဒ်နှယ် အတူတကွ ပျော်ပျော်ပါးပါး ကခုန်ကြသည့် သဘင်ပွဲလမ်းကြီးပင်ဖြစ်သည်။

စကားလုံးများသည် မြန်မာနိုင်ငံအတွင်း စုစည်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ ယုံကြည်ကိုးကွယ်ရာဘာသာတရား၊ လိုက်နာကျင့်သုံးကြသည့် ရိုးရာဓလေ့စရိုက်၊ ပြုစုပျိုးထောင်ဖြစ်ထွန်းလာသည့် စာပေသုခုမအနုပညာတို့အပေါ် အခြေတည်ထားပြီး ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်မှုများဖြင့် ဖြစ်ထွန်းလာသည့် အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားရေးလက္ခဏာများကို အင်အားအဖြစ် ရည်ညွှန်းနေကြောင်း သိရှိနိုင်မည်ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်ဘဲ ရေရှည်တည်တံ့ခိုင်မြဲနေခြင်းဖြင့် မြန်မာလူမျိုးတို့၏ စိတ်ဓာတ်ကြံ့ခိုင်မှု၊ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန် ရင့်ကျက်ခိုင်မာမှု၊ လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝမှုစသည့် ဂုဏ်ဒြပ်တို့ကို ထင်ဟပ်ဖော်ပြနေမည်သာဖြစ်သည်။ လူမျိုးတစ်မျိုး၏ အမျိုးသားရေးလက္ခဏာ ပျောက်ပျက်ပြီး ယဉ်ကျေးမှုပျက်ပြားနေပါက ထိုလူမျိုးတို့၏ ကိုယ်ပိုင်အရည်အသွေး၊ ကိုယ်ပိုင်အတွေးအခေါ်နှင့် ရပ်တည်ချက်များ ပျောက်ဆုံးပြီး ထိုနိုင်ငံကို သွယ်ဝိုက်သောနည်းဖြင့် ဩဇာလွှမ်းမိုးထားသည့် လူမျိုးခြား တစ်ပါးနိုင်ငံ၏ လက်ပါးစေ လက်ဝေခံဘဝ၊ တစ်နည်းဆိုရပါက ဩဇာခံကျွန်ဘဝဖြင့် တစ်ပါးနိုင်ငံ လူမျိုးခြားပြောသမျှ လိုက်နာလုပ်ဆောင်နေကြရတော့မည်ဖြစ်သည်ကို သတိမူ၊ သတိချပ်သင့်သည်။

စာမျက်နှာ ၁၉ သို့ ★

“အဆို၊ အက၊ အရေး၊ အတီးသည် အနုပညာ ပုံသဏ္ဍာန်တစ်ခုဖြစ်သည်။ အနုပညာသည် စိတ်ကူးမှုပညာဖြစ်၍ တစ်ဖက်တွင် တီထွင်ဆန်းသစ်သည့် ပညာရပ်များလည်း ပါဝင်လာသည်။ တီထွင်ဆန်းသစ်မှုသည် စိတ်ကူးပေါ်၌မှီသည်ဖြစ်၍ အနုပညာဖြစ်သည်။ အနုပညာတွင် ရသပါသည်။ ရသဟူသည်မှာ စိတ်လှုပ်ရှားခံစားမှုကို ဆိုလိုသည်။ အဆို၊ အက၊ အရေး၊ အတီး ပညာရပ်တိုင်းတွင် ရသရှိသည်။ ရသဟူသည် လွမ်းဆွေးခြင်း၊ ဝမ်းသာခြင်း၊ ထိတ်လန့်ခြင်း၊ ဒေါသဖြစ်ခြင်း၊ အံ့သြခြင်း၊ ကြည်နူးခြင်း၊ ရွံရှာဖွယ်ဖြစ်ခြင်း စသည့် လူတို့၏စိတ်လှုပ်ရှားမှု ခံစားချက်များပင်ဖြစ်”

# မင်းကွန်းတောင်ရိုးရှိ ဘုန်းတော်ကြီးကျောင်းတိုက်များသို့ ဆွမ်းဆန်၊ ဆီ ဆက်ကပ်လှူဒါန်းပွဲနှင့် မင်းကွန်းဒေသခရီးစဉ် လှည့်လည်ပြသရေးဆိုင်ရာ ဧည့်လမ်းညွှန်မွမ်းမံသင်တန်းဖွင့်ပွဲ ကျင်းပ



**မုံရွာ စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မင်းကွန်းတောင်ရိုးရှိ ဘုန်းတော်ကြီးကျောင်းတိုက်များသို့ ဆွမ်းဆန်၊ ဆီ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မင်းကွန်းတောင်ရိုး တိပိဋက ဓမ္မနာဒ ပရိယတ္တိစာသင်တိုက်ကြီး၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနား ဖွင့်လှစ်ကြပြီး စစ်ကိုင်းမြို့ မင်းကွန်းတောင်ရိုး သီရိဓဇကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအဂ္ဂဓမ္မ ဆရာတော်ကြီးထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြပြီး အခမ်းအနားသို့ကြွရောက်လာကြသော ဆရာတော်ကြီးများနှင့် တာဝန်ရှိသူများက မင်းကွန်းဒေသ သာသနာရေးဆိုင်ရာကိစ္စများကို ဆွေးနွေးလျှောက်ထားကာ ဆရာတော်ကြီးများထံ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ၊ ဆွမ်းဆန်နှင့် ဆီများ ဆက်ကပ်လှူဒါန်းကြသည်။

စစ်ကိုင်းမြို့ မင်းကွန်းတောင်ရိုးရှိ ဘုန်းတော်ကြီးကျောင်းတိုက် ၁၅ ကျောင်းသို့ ဆွမ်းဆန် ၁၅ အိတ်၊ ဆီ ငါးပိဿာဝင် ၁၅ ပုံးတို့အား ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မင်းကွန်းတောင်ရိုး တိပိဋကနိကာယကျောင်းတိုက် ဓမ္မာရုံတော်တွင် ပြုလုပ်သည့် မင်းကွန်းဒေသခရီးစဉ် လှည့်လည်ပြသရေးဆိုင်ရာ ဧည့်လမ်းညွှန်မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်စိန်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မင်းကွန်းဒေသခရီးစဉ် လှည့်လည်ပြသရေးဆိုင်ရာ ဧည့်လမ်းညွှန်မွမ်းမံသင်တန်းသို့ ဒေသခံသင်တန်းသား သင်တန်းသူ ၃၄ ဦး တက်ရောက်ကြပြီး သင်တန်းကို စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စစ်ကိုင်းစက်မှုဇုန်အတွင်း မဟာနီလာ နှစ်ဘီး၊ သုံးဘီး ဆိုင်ကယ်နှင့် ဆက်စပ်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ စက်ရုံအုပ်ချုပ်မှု ဒါရိုက်တာ ဒေါ်နီလာအေးက စက်ရုံတည်ဆောက်ခြင်းနှင့် ထုတ်လုပ်ခြင်းဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က စက်ရုံဖွင့်လှစ်ခြင်း အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ စစ်ကိုင်းစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးကိုကိုမြင့်၊ ကုမ္ပဏီအုပ်ချုပ်မှု ဒါရိုက်တာ ဒေါ်နီလာအေးတို့က စက်ရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မဟာနီလာ နှစ်ဘီး၊ သုံးဘီး ဆိုင်ကယ်နှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နေမှု၊ တပ်ဆင်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

## ရွှေသောင်ယံမြို့တွင် မြို့အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တွေ့ဆုံ

**ရွှေသောင်ယံ စက်တင်ဘာ ၁၀**

ဧရာဝတီ တိုင်းဒေသကြီး ရွှေသောင်ယံမြို့ အမှတ်(၁) ရပ်ကွက်ရှိ ဝိဝေကာရာမကျောင်းတိုက် ဓမ္မာရုံ၌ ယနေ့ နံနက် ၁၀ နာရီခွဲတွင် မြို့အဆင့် ဌာနဆိုင်ရာများပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်းမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသလိုအပ်ချက်များကို ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

မြို့စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသိန်းထိုက် ဦးဆောင်သော အုပ်ချုပ်ရေးစစ်ကြောင်း၊ ခလရ (၃၆)၊ ရွှေသောင်ယံတပ်စခန်းမှ ဗိုလ်ကြီးရဲခိုင်၊ ရွှေသောင်ယံရှေ့တန်းစခန်းမှ ဒုလဝကမှူး ဦးကျော်ဝင်းခိုင် ဦးဆောင်သော နိုင်ငံရေးစစ်ကြောင်း၊ မြို့စည်ပင်အမှုဆောင်အရာရှိ ဦးတင်လှမိုး ဦးဆောင်သော ဖွံ့ဖြိုးတိုးတက်ရေး စစ်ကြောင်း၊ တိုက်နယ်ဆရာဝန် ဒေါက်တာ စည်သူ ဦးဆောင်သော လူမှုရေးစစ်ကြောင်း၊ နယ်မြေရဲစခန်းမှ ရဲအုပ်ကောင်းမြတ်ကျော် ဦးဆောင်သော စည်းရုံးရေးစစ်ကြောင်း စသည်ဖြင့် စစ်ကြောင်းငါးကြောင်းမှ ဒေသခံပြည်သူများနှင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးတို့အတွက် တွေ့ဆုံဆွေးနွေး၍ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။**ရွှေသောင်ယံ(ပြန်/ဆက်)**



---

## စဉ့်ကူးမြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ဆပ်/ထုတ်စနစ်ဖြင့် ထုတ်ပေးလျက်ရှိ

**စဉ့်ကူး စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်စီမံကိန်းကျေးရွာဖြစ်သော နေပူကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ဆပ်/ထုတ်စနစ် သတ္တမအကြိမ် ထုတ်ချေးပေးခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်အောင်စိုးက အမှာစကား ပြောကြားသည်။




ထို့နောက် မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ နေပူကုန်းကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၇ ဦးတို့အား ချေးငွေကျပ် ၂၉ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးအား ချေးငွေကျပ် ၁၃ ဒသမ ၈၅ သန်း၊ အရောင်းအဝယ်လုပ်ကိုင်သူ လေးဦးအား ချေးငွေကျပ် ၁ ဒသမ ၇၅ သန်း စုစုပေါင်း ၁၆၇ ဦးအား စီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၄၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**တင်ဇာလွင်(ပြန်/ဆက်)**

---

★ **စာမျက်နှာ ၁၈ မှ**

မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းသည် နှစ်ပေါင်းထောင်ချီခဲ့ပြီး နက်နဲသိမ်မွေ့သည့် အနုပညာ၊ ခိုင်မာနက်ရှိုင်းသည့် အမျိုးသားရေး အတွေးအခေါ်တို့ဖြင့် ဖြစ်ထွန်းတည်ရှိခဲ့ပြီး နိုင်ငံတကာနှင့် တန်းတူရည်တူဆက်ဆံနေသည့် နိုင်ငံတော်ဖြစ်သည်ကို ခရစ်နှစ် ၈၀၂ ခုနှစ်တွင် ပျူအနုပညာရှင် ၃၅ ဦးပါဝင်သော အကအဖွဲ့ တရုတ်နိုင်ငံ ချန်အန်းမြို့သို့ သွားရောက်ခဲ့သည့် မှတ်တမ်းအရ သိနိုင်သည်။ ထိုအဖွဲ့ကို တရုတ်တို့က လှိုက်လှဲစွာ ကြိုဆိုခဲ့သည်။ တရုတ်ဘုရင်ခံ "ဝေကောင်း" သည် ပျူဂီတကို သင်္ကေတဖြင့်လည်းကောင်း၊ ပျူတို့၏ ကဟန်ကကွက်နှင့် တူရိယာများကို ရုပ်ပုံများရေးဆွဲ၍လည်းကောင်း မှတ်တမ်းတင်ခဲ့သည်။ ယင်းအကြောင်းကို ထန်မင်းဆက် သမိုင်းသစ်တွင် ဖော်ပြခဲ့ကြသည်။

ပျူဂီတအဖွဲ့ ထန်မင်းဆက် ဧကရာဇ်ထံ သွားရောက်ခြင်းမှာ ရည်ရွယ်ချက်ရှိသည်။ ကြားမှ နန်းစောဘုရင် "ယိမိုယွန်"က မှာကြား၍ သွားရသည်မှန်သော်လည်း ပျူမင်း၏ဆန္ဒကပင် တရုတ်တို့နှင့် တွေ့လိုသည်။ ၎င်းနှင့် နန်းစောတို့ တစ်ခါတစ်ရံ မပြေလည်မှုများရှိသည်ကို အဆင်ပြေစေရန် နန်းစောတို့အပေါ်သြဇာရှိသော ထန်မင်းဆက် တရုတ်ဘုရင်အား ဖြေရှင်းပေးစေလိုသော သဘောလည်းရှိသည်။ ပျူနှင့် နန်းစောတို့ ဆက်ဆံရေး ပြေလည်မှသာ ဘုံရန်သူဖြစ်သော တိဗက်တို့ကို ခုခံနိုင်မည်ဖြစ်သည်။ ပျူနှင့်တရုတ်တို့ တရားဝင်ဆက်ဆံရေးရရှိလာသည့်နောက်တွင် ပျူတို့အကြောင်းကို တရုတ်တို့ကောင်းစွာနားလည်သွားခဲ့သည်။ အထက်ပါ အထောက်အထားကို လေ့လာကြည့်ခြင်းဖြင့် အနုပညာ တေးဂီတ၊ အဆို၊ အကပညာရပ်များသည် နိုင်ငံအချင်းချင်း ချစ်ကြည်ရေး ပေါင်းကူးရာ၌လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ကြရာတွင်လည်းကောင်း ယဉ်ကျေးမှုအခန်းကဏ္ဍမှ ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ခဲ့သည်ကို တွေ့ရသည်။ ထိုအချက်ကို သိနားလည်သည့်သူများက မြန်မာ့ယဉ်ကျေးမှုကို နှိမ့်ချဖိနှိပ်ပြီး မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ဖျက်ဆီးရန် တာစူခဲ့ကြသည်။ လှိုက်စားရန် ကြိုးပမ်းခဲ့ကြသည်။ မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်များကို သေးသိမ်အောင် ဖန်တီးခဲ့ကြသည်။ လုပ်ဆောင်မှုသည် အစီအစဉ်ရှိရှိသက်ရောက်ခဲ့သည်ကိုလည်း မငြင်းဆိုနိုင်သော သက်သေများက သမိုင်းတွင် အထင်အရှားရှိခဲ့သည်။ မျက်မှောက်ကာလတွင်လည်း လူ့အခွင့်အရေးအယူအဆများ သွတ်သွင်းကာ မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု မူဟန်တို့ကို ထိပါးပြောဆိုခြင်းများ ရှိနေဆဲဖြစ်သည်။ နားယောင်ခြင်း၊ ပြောစကားကို သက်ဝင်ခြင်းတို့သည် ရင်လေးစရာပင်ဖြစ်သည်။ နှစ်ပေါင်းထောင်ချီ ခိုင်ခိုင်မာမာ ရပ်တည်နိုင်ခဲ့သည့် မြန်မာ့ယဉ်ကျေးမှုအနုပညာသည် မိမိတို့လက်ထက်ဝယ် မပျောက်မပျက် ဆက်လက်ရှင်သန်ဝေဆာပြန့်ပွားနေရန်သည် ယနေ့ မြန်မာနိုင်ငံသားတိုင်း၊ အနုပညာရှင်တိုင်း၊ အနုပညာ ဝါသနာထုံမွမ်းသူတိုင်း ထမ်းရွက်ရမည့် အမျိုးသားရေးတာဝန်ပင်ဖြစ်တော့သည်။

စာပေအင်အား၊ အနုပညာဂုဏ်ဒြပ်တို့နှင့် ပြည့်စုံကုံလုံနေသည့် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နေပြည်တော်တွင် မိုးလေကင်းလွတ် သီတင်းကျွတ်အခါသမယ၌ ကျင်းပတော့မည်ဖြစ်သည်။

ခေတ်အဆက်ဆက် နိုင်ငံတကာနှင့် ကူးလူးဆက်ဆံရင်း မြန်မာ့မူ မြန်မာ့ဟန်ကို မပျက်မယွင်း ထိန်းသိမ်းကာ တီထွင်ကြံဆပြန့်ပွားအောင် ဆောင်ရွက်ခဲ့ကြသည့် အနုပညာရှင်ကြီးများကို စံနမူနာပြု ဦးညွှတ်ရင်း ယဉ်ကျေးမှုခံတပ်ကြီးကို ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်ကြမည်ဟူသော ကောင်းမြတ်သည့် ဆန္ဒမွန်ကို ပြုကာ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ကြိုဆိုလိုက်ရပါတော့သည်။ ။

**မှီငြမ်း**

၁။ မြန်မာအဘိဓာန်

၂။ မြန်မာ့ဇာတ်သဘင်တစ်ခေတ်ပြောင်းလဲရေး

■

ဝတ္ထုတို

## မမလေး

မှိန်ဖျော့ဖျော့မီးရောင်အောက် နှစ်ခြိုက်စွာအိပ်ပျော်နေသော သမီးလေးမျက်နှာက ဝင်းမွတ်ဖြူစင်နေသည်။ ပါးပြင်မို့မို့ ဖောင်းဖောင်းလေးကို ညင်သာစွာပွတ်သပ်၍ နမ်းရှိုက်မိသည်။ လပြည့်နေ့ မွေးသည့်အတွက် လပြည့်ဝန်းဟု အမည်ပေးခဲ့သည့် သမီးလေး၏ဖခင် ကိုသောင်းဖေသည် အိမ်ထရံတွင် ချိတ်ထားသော ဓာတ်ပုံထဲတွင် ခံ့ထည်စွာပြုံးနေသည်။

"လှရေ ကိုကတော့ သမီးလေးပဲ လိုချင်တာ၊ ဒါမှ လှအတွက် တီးတိုးတိုင်ပင်ဖော်ရတာပေါ့"

တင်လှ၏ ကိုယ်ဝန်ဆောင် ဗိုက်ပူပူလေးကို ပွတ်သပ်ပြောနေသော သူ့မျက်နှာမှာ ချစ်ခြင်းများလွှမ်းခြုံနေသည်။ သမီးလေး၏ ရှေ့ရေးနောက်ရေးတွေဖြင့် သူ့မှာ ပျာယာခတ်ကာ နေ့မနား ညမအိပ် အလုပ်ကို ကြိုးစားခဲ့သူဖြစ်သည်။

"ကိုသောင်းဖေ ဒီည ငါးပိုက်ချတာ နားပါ့လားတော်" မယားနှင့်သမီးအတွက် တာဝန်ကျေပွန်လွန်းသော ခင်ပွန်းကို သနားမိသည်။

"မနားချင်ပါဘူး လှရာ အခုက လဆုတ်ရက်လေး ငါးရတုန်း ပိုက်ချရတာကွ"

"လှ ဒီနေ့ စိတ်တွေလေးနေလို့ပါ ကိုသောင်းရယ် မသွားပါနဲ့"

"ဩော်…လှရယ် ဆေးသောက်ပြီး အနားယူလိုက်နော် ကိုယ်စောစောပြန်ခဲ့ပါ့မယ်"

အိမ်ပေါ်သို့ လှမ်းတက်၍ ပုခက်ထဲတွင် အိပ်ပျော်နေသော သမီးလေး၏ နဖူးကို နှစ်ခြိုက်စွာ နမ်းရှိုက်လိုက်သည်။ ပိုက်ကွန်ထမ်း၍ ထွက်သွားသော သူ့နောက်ကျောကို ငေးကြည့်ခြင်းသည် တင်လှအတွက် နောက်ဆုံးအခွင့်အရေးဖြစ်ခဲ့သည်။ လမိုက်ညလယ် ရေဝဲများ၏ အဓမ္မခေါ်ဆောင်ခြင်း ခံခဲ့ရသည့် ကိုသောင်းဖေတစ်ယောက် ဇနီးနှင့် အချစ်ဆုံးသမီးလေးထံ အသက်မဲ့ခန္ဓာဖြင့်သာ ပြန်လာနိုင်ခဲ့လေသည်။

တင်လှသည် ကိုသောင်းဖေနှင့် အကြောင်းပါ၍ သျှောင်နောက်ဆံထုံးပါ ကိုသောင်းဖေရွာလေးတွင် အခြေချနေထိုင်ခဲ့ကြသည်။ ကိုသောင်းဖေမရှိတော့သော်လည်း သူခေါင်းချခဲ့သည့်ရွာလေးဖြစ်သည့်အတွက် တင်လှ မခွာရက်နိုင်ခဲ့ပေ။ အရွယ်မရောက်သေးသော သမီးလေး၏လက်ကို ရဲရဲကြီးဆုပ်ကိုင်၍ လျှောက်လှမ်းရသော လောကခံသည် အဆန်ခရီးကြမ်း လှိုင်းထန်ခဲ့သည်။ အသက်ငယ်ငယ် မုဆိုးမအရွယ် သွေးတိုးစမ်းချင်သည့် ပုရိသအပေါင်းမှာလည်း အများသားပေ။

"တင်လှရယ် သွားလေသူကသွားပြီပဲ နင်တို့သားအမိ နောင်ရေးအတွက် အားကိုးရာသင့်ပါတယ်၊ တစ်ပင်လဲတော့ တစ်ပင်ထူပေါ့ဟယ်၊ လင်မရှိမယား မတင့်တယ်ဘူးဟဲ့"

စေတနာဟူသောစကားကို ရှေ့တန်းတင်၍ ဘေးပတ်ဝန်းကျင်၏ အကြံဉာဏ်များကို တင်လှ နားမယောင်ခဲ့ပါ။ ခင်ပွန်းဖြစ်သူ၏ နှလုံးသားလေးက တင်လှထံတွင် ကျန်ရစ်နေခဲ့သည်လေ။ သူ့ကိုယ်ပွားလေး တင်လှအနားတွင် ရှိနေသရွေ့ သူရှိသလို ခံစားမိပါသည်။ တင်လှအပေါ်




လင့်ဝတ္တရားအပြည့်ဖြင့် ချစ်ခင်ဂရုစိုက်ပေးခဲ့သော ခင်ပွန်းသည်ကို သူဖြစ်စေချင်သောဆန္ဒများ ဖြည့်ဆည်းပေးနိုင်မှသာ ခင်ပွန်းကို ကျေးဇူးဆပ်ရာရောက်ပေမည်။ ထို့ကြောင့်လည်း ခင်ပွန်းသည် လက်ထဲတွင် တင့်တောင်းတင့်တယ်နေခဲ့ရသော တင်လှတစ်ယောက် ဈေးတောင်းခေါင်းရွက်၍ လောကကို ခါးစောင်းတင်နိုင်ခဲ့သည်မှာ ဆယ်နှစ်ပင် ပြည့်တော့မည်။ ဖတဆိုးလေးဖြစ်သည့်အတွက် အရိပ်တကြည့်ကြည့် ပိုးမွေးသကဲ့သို့ ပြုစုပျိုးထောင်ပေးလာသော သမီးလေးမှာ နာမည်နှင့်လိုက်ဖက်၍ ဖြူဖြူဖွေးဖွေး ချစ်စဖွယ်ကောင်းလှပေသည်။

"သမီးလပြည့်ရေ မေမေ ဈေးရောင်းသွားတော့မယ်နော်"

အရွက်စုံထည့်ထားသော ဈေးတောင်းကိုခေါင်းပေါ်ရွက်တင်၍ အိမ်ထဲလှမ်းကြည့်၏။ သမီးလေး အရိပ်အယောင်ပင်မတွေ့။ အစောကပင် ဗိုလ်မရုပ်လေးနှင့်ဆော့ကစားနေသေးသည်။

"ဘယ်ရောက်သွားပါလိမ့်"

ဈေးတောင်း ခေါင်းရွက်ထားသော်လည်း နောက်ဆံတင်းသည့်အတွက် ဈေးတောင်းပြန်ချ၍ အိမ်ထဲဝင်ကြည့်မိသည်။

"သမီး လပြည့်ရေ..သမီး"

"ဝါး"

တံခါးနောက်ကွယ်မှ အသံစူးစူးလေးဖြင့် ထအော်လိုက်သော သမီးလေးအသံကြောင့် တင်လှ အမှန်ပင်လန့်သွားရ၏။

"မေမေ ဈေးရောင်းသွားတော့မယ်၊ သမီးလေးက အိမ်ရှေ့မှာပဲ ဆော့နော်၊ အပြင်တွေလည်း လျှောက်မသွားနဲ့ ကြားလား" တင်လှ တတွတ်တွတ်မှာကြားသမျှကို ခေါင်းလေးညိတ်၍ နားထောင်နေ၏။

"မေမေသွားတော့မယ် စိတ်ချမယ်နော် သမီး"

တင်လှ သမီးလေးကို ပွေ့ဖက်ထားသည်ကို လွှတ်လိုက်ပြီး လှည့်ထွက်မည်အပြု သမီးလေးက တင်လှ လက်ကို လှမ်းဆွဲ၏။

"မေမေ ဒီနေ့ ဘာနေ့လဲသိလား"

"သိတာပေါ့ သမီးရဲ့၊ သမီးလေး ဆယ်နှစ်ပြည့်မွေးနေ့လေ၊ ပြန်လာရင် မုန့်ဝယ်လာခဲ့မယ်"

သမီးလေးက ချစ်စဖွယ်အကောင်းဆုံး ပြုံးသည်။

"ဟဲ့ တင်လှ ဈေးရောင်းထွက်ပြီလား"

ပြည်တည်တည် မျက်နှာထားဖြင့် မေးသော ညိုမောင်ကို ကြည့်မရသော်လည်း ခေါင်းညိတ်ပြလိုက်သည်။ နှစ်အိမ်ကျော်ခြံတွင်နေထိုင်သော ညိုမောင်သည် မကြာသေးမီကာလမှ နယ်စပ်မှ အလုပ်လုပ်၍ ပြန်လာသူဖြစ်သည်။ အရွယ်တင်လှပသော တင်လှကို ချူချင်သူ ပုရိသထဲမှ တစ်ဦးဖြစ်သည်။ တင်လှ၏ အနေအထိုင်တည်ကြည်မှုကြောင့် ရှေ့တိုးရန် လမ်းပျောက်နေသူလည်းဖြစ်သည်။

ဒီနေ့ သမီးလေးမွေးနေ့ဖြစ်သောကြောင့် ကံကောင်းသည်လား မပြောနိုင်။ ဈေးရောင်းသွက်တာများ လက်မလည်ပေ။ သမီးလေးကြိုက်သော မုန့်များဝယ်၍ အိမ်သို့ သုတ်ခြေတင်ပြန်ခဲ့သည်။ လမ်းမှ လှမ်းကြည့်သောအခါ အိမ်ရှေ့တံခါးမှာ ပိတ်လျက်သား။ အမေကို စနောက်ချင်၍ တံခါးပိတ်၍ နောက်ကွယ်တွင် ပုန်းနေပေလိမ့်မည်။ သမီးလေး၏ဉာဏ်ကို ကြိုတင်တွက်ဆမိသည့်အတွက် ခြေသံလုံလုံဖြင့် အိမ်နားချဉ်းကပ်လာခဲ့သည်။ "ဟင်" အမှတ်မထင် ကြားလိုက်ရသော သမီးလေး၏ငိုသံသဲ့သဲ့သည် ရင်ဝသို့ မြွေပွေးပေါက်သည့်နှယ်။ အပြေးအလွှား တံခါးကို အားကုန်တွန်းပစ်လိုက်သည်။

"ဝုန်း"

အသံနှင့်အတူ ကြမ်းပြင်၌ သမီးလေး၏ကိုယ်ပေါ် ငုံ့မိုးနေသော ယောကျ်ား တစ်ဦးကို ကျားတစ်ကောင်ကဲ့သို့ ခုန်အုပ်ဆွဲဖယ်လိုက်သည်။ ရမ္မက်ခိုးဝေနေသော စက်ဆုပ်ဖွယ် အဆီတဝင်းဝင်းဖြင့် ညိုမောင်မျက်နှာကို အားကုန် နှစ်ချက်လွှဲရိုက်ချပစ်လိုက်သည်။

"ဖြောင်း ဖြောင်း"

အိမ်အပေါက်ဝအရောက် တွန်းကန်ပစ်လိုက်သောအရှိန်ကြောင့် ညိုမောင်တစ်ယောက် အိမ်ရှေ့တိုင်နှင့် ခေါင်းပစ်ဆောင့်ကာ သွေးသံရဲရဲဖြင့် ဒယီးဒယိုင်ထွက်ပြေးလေသည်။ အိမ်ထောင့်လေး၌ ရှိုက်ကြီးတငင ငိုနေသော သမီးလေးကို ကပျာကယာပွေ့ဖက်၍ တင်လှ မျက်ရည်မြစ် တာပေါင်ကျိုးခဲ့လေပြီ။ ဩော်… ဘဝခရီးရယ် ဖြူစင်နုနယ် အပြစ်ကင်းစင်သည့် သမီးလေး၏ဘဝကိုမှ မုန်တိုင်းထန်ရက်လေရော့သလား။

"တင်လှရယ် စိတ်အေးအေးထားပြီး ဆုံးဖြတ်ပါ၊ ညိုမောင်ကလည်း ကြံစည်မှုအထမြောက်တာလည်း မဟုတ်ဘူး၊ အခုလည်း သူ့အမှားအတွက် အပြစ်ကျေကြေး ငွေငါးသိန်းနဲ့ တောင်းပန်တယ်၊ ငါတို့ကတော့ ကြီးတဲ့အမှုငယ်အောင်၊ ငယ်တဲ့အမှုသေးအောင်၊ သေးတဲ့အမှု ပပျောက်အောင်ပဲ ဆောင်ရွက်ကြတာ၊ ပြီးတော့ အခုလိုကိစ္စဆိုတာ ရုံးရောက်ဂါတ်ရောက်ဆိုလည်း မကောင်းဘူး၊ အဲဒီတော့ ဦးတို့ကတော့ ဒီလောက်နဲ့ပဲ ပြီးစေချင်တယ်"

"ကျွန်မကတော့ အမှန်တရားအတိုင်းပဲ ဖြစ်စေချင်တယ်"

တင်လှစကားကြောင့် အုပ်ချုပ်ရေးမှူးက မျက်မှန်ပေါ်မှ မျက်လုံးစိမ်းများဖြင့် ပင့်ကြည့်၏။ မည်သို့ပင် ဖျောင်းဖျပြောဆိုသော်လည်း တင်လှ ဆုံးဖြတ်ချက်များ ပြင်ဆင်ခြင်း မရှိနိုင်တော့သည်ကို ကောင်းစွာနားလည်လိုက်သည်။

"အမှုတစ်ခုက မလွယ်ဘူး၊ တိုင်ချက်ဖွင့်ရင် လိုအပ်တဲ့ စာရွက်စာတမ်းကြေးတွေ၊ ရှေ့နေငှားခတွေနဲ့ တစ်သိန်းခွဲလောက်ကုန်ကျမှာ အဆင်ပြေရဲ့လား"

"မနက်ဖြန်လာပေးမယ်၊ အုပ်ချုပ်ရေးမှူးသာ လိုအပ်တာတွေ ပြင်ဆင်ပေးထားပါ"

မျက်ရည်များဖြင့် လှည့်ထွက်ရာလမ်းသည် နွေကန္တာထဲ ခြေဗလာလျှောက်သည့်နှယ် ပူလောင်လွန်းသည်။

"သေချာစဉ်းစားနော်၊ နင့်သမီးလေး အနာဂတ်အတွက် ပြစ်မှုလည်းမြောက်တာမဟုတ်ဘူး၊ အမှုဖြစ်ရင် ဟိုးလေးတကြော်ကြော်ဖြစ်ကုန်မှာ၊ အခုလို လျော်ကြေးပေးတာကို ယူလိုက်ရင် တိတ်တဆိတ်ပြီးသွားမှာ နင်တို့သားအမိလည်း ငွေငါးသိန်းဆို ရင်းနှီးစားသောက်ရတာပေါ့"

ပွဲတင်ထပ်ကာကြားယောင်လာသော စကားလုံးတို့သည် အသည်းစိုင်တစ်ခုလုံးကိုတိုက်ချေ၏။ သမီးလေးလို အပြစ်ကင်းစင်တဲ့ ပန်းလေးတွေကို ငွေအသပြာ ခုတုံးလုပ် ချိုးဖဲ့နေတဲ့ အောက်တန်းစားတွေကို အမေ တွန်းလှန်မယ်။ ဖြူစင်လှတဲ့ဘဝလေးတွေကို အရောင်ဆိုးတဲ့ တဏှာဘီလူးတွေကို နိုင်ငံတော်က ချမှတ်ထားတဲ့ ဥပဒေတွေနဲ့အညီဖြစ်စေရမယ်။ ငွေပေးတောင်းပန်ပြီး ကျေအေးရမယ့်အမှုထဲမှာ ဘဝတွေ အညွန့်ချိုးခံရတာမပါတဲ့ အကြောင်း အမေ စံနမူနာပြမယ် သမီးလေး။ မနက်ဖြန် ငွေတစ်သိန်းခွဲအတွက် နားမှ နားကပ်လေးကို စမ်းလိုက်မိသည်။

"လှရေ ဒီနားကပ်လေးက ကိုယ့်ချစ်သက်သေအတွက်နော်၊ လှအနားမှာ အမြဲကပ်နေမှာဆိုတဲ့ အဓိပ္ပာယ်လေးနဲ့ ပေးတာ၊ ဘယ်လိုအကြောင်းကြောင့် ဖြစ်ဖြစ် လုံးဝမချွတ်ပါနဲ့နော်"

သွားလေသူ ကိုသောင်းဖေ၏ စကားများကို ကြားယောင်မိသည်။ ကိုသောင်းဖေရယ် သမီးလေးအရေးအတွက် ပုဏ္ဏာတစ်ပုဒ်ကို ဖြေရှင်းရတော့မယ်။ ကျွန်မမှာ ဥပဒေဆိုတဲ့ အားကိုးစရာတစ်ခုပဲရှိပါတယ်။ အခြားသူတွေ ကျွန်မကို အမျိုးမျိုးဖျောင်းဖျကြပေမယ့် ကျွန်မရဲ့ ခံစားချက်တွေကို ရှင်တော့ နားလည်မယ်ထင်ပါတယ်။ ငါးသိန်းဆိုတဲ့ငွေကြေးဟာ ကျွန်မတို့သားအမိနှစ်ယောက် ရှေ့ရေးအတွက် လုပ်ငန်းတစ်ခု ထူထောင်နိုင်တယ်။ ဒါပေမဲ့လေ ကျွန်မ သဘောတူလက်ခံလိုက်ရင် ငွေရှိရင် ကိစ္စအားလုံးပြီးတယ်ထင်ပြီး သမီးလေးတို့လို ကလေးငယ်လေးတွေက တဏှာဘီလူးတွေရဲ့ သားကောင်ဖြစ်လာနိုင်တယ်လေ။ သမီးလေးကို ကောင်းကောင်းမွန်မွန် မစောင့်ရှောက်နိုင်လို့ ရှင်ပေးမယ့် အပြစ်ဒဏ်ကို တမလွန်မှ ကျွန်မခံယူပါရစေ။ သမီးလေးဘဝကို ရေတိမ်နစ်ခြင်းက လက်မတင်လေး ကယ်လိုက်နိုင်ခဲ့ပြီး သမီးလေးလို တခြားမိန်းကလေးတွေ နစ်မွန်းမခံရအောင် အမှန်တရားအတွက် သက်သေထူပါရစေ။ ကိုယ်ချင်းစာတရားများ ပျောက်ဆုံး အဝိဇ္ဇာ အမှောင်ဖုံးနေတဲ့ တဏှာဘီလူးများ၏ သားကောင်အဖြစ်မှ လွတ်မြောက်၍ ပွင့်သောပန်းတိုင်း အစွမ်းကုန်လှပစေချင်ပါသည်။ ။

## မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများ ပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များ အနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

## လမြတ်တော်သလင်း

* အင်ကြင်းရနံ့ သင်းထုံထုံ
ရင်းမာဖူးပွင့်စုံ၊
လေညင်းသုန်သုန် သင်ဖြူးခင်း
ကြည်လင် မြစ်ရေတွင်း။

* လတော်သလင်း သာသာယာ
မြူမှုန်ကင်းရှင်းတာ၊
မြန်မာ့ရိုးရာ လှေပြိုင်ပွဲ
အားလုံးပါဝင်နွဲ။

* စည်းလုံးခိုင်မြဲ ဖွဲ့ရှိစေ
အလံမလဲပေ၊
ပေါင်းစုညီလေ လှံ့လထား
ပန်းတိုင်ရောက်အောင်သွား။

* အိုးစည်ဒိုးဝါး ဆူဆူညံ
လင်းကွင်းမောင်းတီးသံ၊
ကခုန်ကြပြန် လွန်ပျော်မြူး
မြန်မာ့ အလှထူး။

* သီလကျေးဇူး ဂုဏ်ထင်ပေါ်
နေ့မြတ်အခါတော်၊
လေးနက်ပူဇော် စိတ်ချမ်းမြေ့
တော်သလင်းလပြည့်။
ဂရုဓမ္မ အခါတော်နေ့။ ။

အောင်သွေး( မြစ်သား)

## ပညာရဲရင့် ပွဲလယ်တင့်

လောကအလယ် ဂုဏ်မငယ်
အောင်ပွဲဆင်ဖို့ရယ်၊
ပညာကိုကွယ် အလေးထား
သင်ယူကြစို့လား။
ကြိုးစားပြီးတော့ လေ့လာပါ
အသိဉာဏ်ပညာ၊
ငယ်ရွယ်စဉ်ခါ ရှာဖွေကြ
ထူးချွန်ထက်မြက်ရ။
ပညာတတ်မှ ပြည်တစ်ခွင်
ပန်းများပွင့်မည်ပင်၊
ရနံ့စုံလင် ကြူကြူမွှေး
စိတ်ချမ်းမြေ့မယ်လေး။
နောင်ရေးကောင်းဖို့ အမြဲတစေ
ဖတ်၊ မှတ် သင်ယူနေ၊
ပန်းတိုင်ကိုလေ သတ်မှတ်လို့
အရောက်သွားကြစို့။
အနာဂတ်တွေ လှဖို့ရာ
လူတို့တာဝန်ပါ၊
စွမ်းဆောင်လို့သာ နေထိုင်ပေး
ပွဲလယ်တင့်မည်လေး။ ။

ဖိုးပြည့် (ပတ္တမြား)

ဆောင်းပါး

# ဝိရောဓိအမြင်တွေ ကင်းဝေးကြပါစေ

## ကိုငြိမ်းငယ်(ကျွန်းဒေါင့်)

ဆေးဝါးဆိုသော အသုံးအနှုန်းကို လေ့လာကြည့်ပါက ရောဂါများကိုပျောက်ကင်းစေရန် ကုသပေးနိုင်သည့် ပစ္စည်းတစ်ခုဖြစ်ကြောင်း တွေ့ရပေမည်။ သို့သော် ဆေးဝါးဆိုသော စကားလုံး၏ရှေ့တွင် မူးယစ်ဆိုသော စကားလုံးကို ထည့်လိုက်မည်ဆိုလျှင် "မူးယစ်ဆေးဝါး"ဟူ၍ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ ပစ္စည်းဖြစ်လာပေသည်။

မူးယစ်ဆေးဝါးဆိုသည်မှာ အဘယ်နည်း။ မူးယစ်ဆေးဝါးဆိုသည်မှာ လူသားတို့၏ အာရုံကြောစနစ်အဖွဲ့ကို ထုံထိုင်းစေခြင်းဖြင့် လူသားတို့အား မူးယစ်ထုံထိုင်း၍ အသိဉာဏ်မဲ့စေတတ်သော ဆေးဝါးများကို မူးယစ်ဆေးဝါးဟု နားလည်ရပေသည်။ ကျွန်ုပ်တို့ ပုထုဇဉ်လူသားများသည် မွေးဖွားလာချိန်မှစ၍ လောဘ၊ ဒေါသ၊ မောဟ၊ အတ္တ စသည်တို့မှာ အနည်းနှင့် အများဆိုသလို ပါလာကြသည်ပင်ဖြစ်သည်။ ဥပမာဆိုရသော် ကလေးအရွယ်ကဆိုလျှင် အထူးအဆန်း ကစားစရာများ၊ ချစ်စရာ အရုပ်ကလေးများ၊ ပစ္စည်းလှလှများဆိုလျှင် ချစ်ခင်တွယ်တာကြပါသည်။ မိမိတွင် မရှိသေးသော ပစ္စည်းများကို မြင်မိလျှင် ရရှိပိုင်ဆိုင်ချင်ကြသည်။ ထို့ကြောင့် မိဘအပေါ် ပူဆာတတ်ကြပါသည်။ ထိုလောဘတရားသည် မည်သူကမျှ သင်မပေးပါဘဲ စိတ်အစဉ်တွင် ကိန်းအောင်းတည်ရှိနေတတ်သည်။ မကျေနပ်ခြင်းဖြစ်ပေါ်သည့်အခါတွင်လည်း ကလေးအရွယ်ကဆိုလျှင် တစ်ခါတစ်ရံ ငိုတတ်သည်။ တစ်ခါတစ်ရံ စိတ်ဆိုးတတ်သည်။ တစ်ခါတစ်ရံ ကြမ်းကြမ်းတမ်းတမ်းပြုမူတတ်သည်။ ထိုဒေါသတရားများမှာလည်း သင်မပေးရဘဲရှိနေတတ်ပါသည်။

ပုထုဇဉ်လူသားတို့မှာ သာမန်အားဖြင့်ပင် မကောင်းမှုအမှောင်တည်းဟူသော အကုသိုလ်တရားကို ရှေးရှုတတ်သည့် လောဘ၊ ဒေါသ၊ မောဟ၊ အတ္တ စသည်တို့က ပိတ်ဖုံးနေတတ်ပါသည်။ ပုထုဇဉ်လူသားတို့သဘာဝ ထိုလောဘ၊ ဒေါသ၊ မောဟတရားတို့ကို သင့်တင့်ရုံရှိပါက အကြောင်းမဟုတ်သော်လည်း လွန်ကဲလာပါက ကျိုးကြောင်းဆင်ခြင်တုံတရားမှာ ပျောက်ကွယ်သွားတတ်ပါသည်။ ထိုအဝိဇ္ဇာ တရားများအပေါ် မူးယစ်ဆေးကို ထပ်လောင်း၍ ဖြည့်လိုက်မည်ဆိုလျှင် ပုထုဇဉ်လူသားတို့အဖို့ "မီးလောင်ရာလေပင့်" ဆိုသလို အမှားပေါင်းရာထောင်ကို ကျူးလွန်မိကြပေတော့မည်။

မူးယစ်ဆေးဝါး ဆိုသည့်အထဲတွင် ထန်းရည်၊ အရက်၊ ဆေးလိပ်မှအစပြု၍ ဘိန်းဖြူနှင့် ဘိန်းအနွယ်ဝင်ဆေးဝါးများ အားလုံးပါဝင်သည်။ မည်သည့် မူးယစ်ဆေးမဆို သုံးစွဲလိုက်သည်နှင့်တစ်ပြိုင်နက် ပုံမှန်စိတ်အနေအထားမှ ယိမ်းယိုင်သွေဖည်ပြီး ကျိုးကြောင်းဆင်ခြင်တုံတရားမှာ ပျောက်ကွယ်သွားတတ်လေသည်။ အချို့သော လူတို့ဆိုလျှင် မူးယစ်ဆေးဝါးများသုံးစွဲခြင်း၊ အရက်သေစာများ သောက်စားခြင်းကိုပင် "ရဲဆေးတင်သည်"ဟု ဂုဏ်ယူဝင့်ကြွားပြတတ်ကြသေးသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် "ရဲဆေးတင်သည်"ဟူသော စကားအမှားကို ရှေးယခင်ကလည်း ကြားဖူးခဲ့ကြသည်။ ယနေ့ခေတ်လူငယ်များအကြားတွင်လည်း မကြာခဏဆိုသလို ကြားနေရ၊ မြင်နေရသည်မှာ ထိတ်လန့်ဖွယ်ရာပင်ဖြစ်သည်။

ဥပမာဆိုရသော် ပုထုဇဉ်လူသားများအဖို့ အရက်ကလေး သောက်လိုက်ချိန်တွင် သာမန်အခြေအနေမျိုးထက် သွက်သွက်လက်လက်ဖြင့် ပြောရဲ၊ ဆိုရဲ၊ လုပ်ရဲ၊ ကိုင်ရဲဖြစ်လာသည်။ ဤအချက်ကလေးနှင့်ပင် အချို့သောလူတို့မှာ မူးယစ်ဆေးဝါးအနွယ်ဝင် အရက်သေစာများကို သုံးစွဲအပ်သောအရာတစ်ခုပမာ သဘောထားပြီးလျှင် "ရဲဆေးတင်သည်"ဟု ခေါင်းစဉ်လှလှတပ်၍ ဂုဏ်ယူဝင့်ကြွားခြင်း ဖြစ်လေသည်။ သေသေချာချာ ဝေဖန်ဆန်းစစ်ကြည့်ပါလျှင် "ရဲဆေးတင်သည်"ဟူ၍အရက်သေစာသောက်စားကြခြင်းမှာ အဓိပ္ပာယ်မရှိပေ။ အကြောင်းမှာ အရက်သေစာ သောက်စားပြီးချိန်တွင် သာမန်အခြေအနေမျိုးထက် ပြောရဲ၊ ဆိုရဲ၊ လုပ်ရဲ၊ ကိုင်ရဲ ဖြစ်လာသည်မှာ မှန်သော်လည်း ထိုသို့ဖြစ်လာရခြင်းမှာ ပုံမှန်စိတ်အနေအထားမှ ယိမ်းယိုင်သွေဖည်ပြီး ကျိုးကြောင်းဆင်ခြင်တုံတရား လျော့နည်းသွားခြင်းကြောင့် ဖြစ်လာသည်ကို သံသယဖြစ်ဖွယ်မလိုပေ။

အရက်သေစာ မသောက်စားမီ ပုံမှန်စိတ်အနေအထားရှိစဉ်တွင် ကျိုးကြောင်းဆင်ခြင်ဉာဏ်က ထိန်းကျောင်းပေးနေသောကြောင့် မပြောသင့်သည်များကို မပြောဘဲ၊ မလုပ်သင့်သည်များကို မလုပ်ဘဲ ဆင်ခြင်၍နေနိုင်ကြခြင်း ဖြစ်လေသည်။ အရက်သေစာ သောက်စားပြီးချိန်တွင်မူ ထိုသို့မဟုတ်တော့ပေ။ လူအများ၏ ကဲ့ရဲ့ဖွယ်ဖြစ်မည်ကိုလည်း မကြောက်တော့ပေ။ ပြအပ်သည်၊ မပြအပ်သည်တို့ကို သတိမမူမိတော့ဘဲ ကျိုးကြောင်းဆင်ခြင်တုံတရား ပျောက်ကွယ်၍ သာမန်အခြေအနေမျိုးထက် ပြောရဲ၊ ဆိုရဲ၊ လုပ်ရဲ၊ ကိုင်ရဲရှိလာခြင်းသာ ဖြစ်လေသည်။

ထို့ကြောင့် "ရဲဆေးတင်သည်"ဆိုသော စကားအမှားသည် အဓိပ္ပာယ်မရှိသောစကား၊ အနှစ်သာရမရှိသော စကားသာလျှင်ဖြစ်သည်။အမှန်တကယ် ရဲရင့်လာသည်မဟုတ်ဘဲ ဟီရိဩတ္တပ္ပတရားတည်းဟူသော အရှက်အကြောက်တရား ကင်းမဲ့သွားခြင်း၊ ကျိုးကြောင်းဆင်ခြင်တုံတရား ကင်းမဲ့သွားခြင်းသာ ဖြစ်လေသည်။

အထက်ပါ အရှက်အကြောက်တရားနှင့် ပတ်သက်၍ စာဖတ်သူများကို အနည်းငယ် တင်ပြလိုသည်မှာ အရာရာတိုင်းကို အရှက်အကြောက်တရား ထားရမည်ဟု ဆိုလိုရင်းမဟုတ်ပါ။ ဥပမာဆိုရသော် အရက်သေစာ သောက်စားခြင်းကို မကောင်းမှုတစ်ခုဟုသိရှိပြီး မကောင်းမှုပြုရမည်ကို ရှက်ခြင်း၊မကောင်းမှုပြုရမည်ကို ကြောက်ခြင်းရှိစေရန်ကိုသာ ဆိုလိုခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့လူသားအများစုသည် မူးယစ်ဆေးဝါးဟုဆိုလိုက်လျှင် အရက်သေစာအမျိုးမျိုး၊ ဘိန်းဖြူနှင့် ဘိန်းအနွယ်ဝင် ဆေးဝါးများကိုသာ ပြေးမြင်မိတတ်ကြသည်။အသေးအဖွဲလေးဟု မှတ်ယူနေကြသော ဆေးလိပ်သောက်ခြင်းကိုမူ မေ့လျော့နေတတ်ပါသည်။ ဆေးလိပ်သောက်ခြင်းကို အစပျိုးမိလျှင် နောက်ဆက်တွဲဖြစ်ပေါ်လာမည့် ဆိုးကျိုးတရားသည် မူးယစ်ဆေးဝါးသုံးစွဲခြင်းဆီကိုသာ ဦးတည်နေသောကြောင့် သတိပြုရှောင်ရှားသင့်ပါသည်။

ကမ္ဘာ့နိုင်ငံ အသီးသီးကလည်း မူးယစ်ဆေးဝါး၏ အန္တရာယ်ကို ကာကွယ်တားဆီးလျက်ရှိသည်။ မူးယစ်ဆေးဝါးများသည် သုံးစွဲသူတစ်ဦးတည်းကို ထိခိုက်စေသည် မဟုတ်ပေ။ သုံးစွဲသူ၏ မိသားစု၊ ဆွေမျိုး၊ ပတ်ဝန်းကျင်၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသောကဏ္ဍအသီးသီးကို ထိခိုက်ပျက်စီးစေပါသည်။ ထိုမှတစ်ဆင့် နိုင်ငံ၏ကာယစွမ်းအားနှင့် ဉာဏစွမ်းအားများ လျော့နည်းသွားစေသည်။ နိုင်ငံတိုင်းက ဤသို့ဖြစ်နေလျှင် ကမ္ဘာကြီးလည်း သာယာလှပနိုင်တော့မည်မဟုတ်ပေ။

ကျွန်ုပ်တို့ ပုထုဇဉ်လူသားများတွင် လောဘ၊ ဒေါသ၊ မောဟတရားများရှိနေပါသည်။ ထိုတရားများ အပေါ်တွင် မူးယစ်ဆေးများ ထပ်လောင်းဖြည့်စွက်၍ လောကကြီးကို အမှောင်ဖုံးစေခြင်း၊ လောကကြီးကို ဒုက္ခများ ရောက်စေခြင်းတို့မှ ကင်းဝေးကြစေရန် ကာကွယ်တားဆီးကြရမည်မှာ လူသားတိုင်းတွင် တာဝန်ရှိပါသည်။

မူးယစ်ဆေးဝါးများသည် သုံးစွဲမိသောအခါ လူသားတို့၏စိတ်ကို အမှန်တကယ် ရဲရင့်လာစေခြင်း မဟုတ်ဘဲ ကျိုးကြောင်းဆင်ခြင်တုံတရားများကို ပျောက်ကွယ်စေခြင်းသာ ဖြစ်လေသည်။ထို့ကြောင့် အရက်၊ ဘီယာ၊ ဆေးလိပ်များ အပါအဝင် မူးယစ်ဆေးများသည် ရဲဆေးမဟုတ်ပေ။ အရှက်တရား၊ အကြောက်တရားများ ပျောက်ကွယ်၍ ကျိုးကြောင်းဆင်ခြင်တုံတရား ကင်းမဲ့စေသော ဆေးများသာဖြစ်သည်။

ထို့ကြောင့် လူသားတို့အနေဖြင့် မူးယစ်ဆေးဝါးများကို ရဲဆေးဟု မြင်ကြရမည်လား။ဟီရိဩတ္တပ္ပ (အရှက်နှင့်အကြောက်)ကို ကင်းမဲ့စေသောဆေးဟု မြင်ကြရမည်လားဆိုသည်ကို ဝိရောဓိဖြစ်နေစရာမလိုပေ။ အမှားအမှန်၊ အကောင်းအဆိုးတို့ကို ယထာဘူတကျကျဖြင့် ပိုင်းခြားသိမြင်နိုင်ကြပါစေ။ လူသားတိုင်း ဝိရောဓိအမြင်များ ကင်းဝေးကြပြီး မှန်ကန်သောလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနိုင်ကြ၍ လောကကောင်းကျိုးများကို သယ်ပိုးဆောင်ရွက်နိုင်သော ပုဂ္ဂိုလ်များဖြစ်ကြပါစေဟု ဆန္ဒပြုရင်း ရေးသားလိုက်ပါသည်။ ။

## ကျေးလက်

နွားညီနောင် တူယှဉ်တွဲပါလို့
စိုက်ပျိုးနွံ လယ်ယာမြေ။
စပါးတွေ အထွက်တိုး
ကြိုးစားလို့နေ။
ရာသီအလှည့်သီးနှံတွေ
ဖြစ်ထွန်းပေ ကျေးလက်အား။
ကျေးဇူးရှင်တောင်သူအပေါင်းရဲ့
ကောင်းမြတ်စိတ်ထား။
ရွှေဝါရောင် လယ်စပါးတို့
ယိမ်းလှုပ်ရှား လေအလာ။
ကျေးငှက်တွေသံစုံမြူး
ထူးခြားသံသာ။
တောင်သူတို့ ရိတ်သိမ်းကာ
တေးဆိုရှာ ချိုသာအေး။
မိုးလင်းမှ နေအဝင်
လုပ်ငန်းခွင် ပျော်ရွှင်ကြတယ်
လှပယဉ်ကျေး။
စပါးပေါ်အလှူပေးလို့
ကျေးလက်ကလေး ဒါနဆင်။
ရွာကျောင်းမှာ သဒ္ဓါမိုး
သွန်ဖြိုးလို့ဝင်။
ရိုးသားလို့ ဖြူဖြူစင်
အရိပ်ထင် ကုသိုလ်နွဲ။
စည်ပြောသံ ဗျို့ဟစ်ထူးတယ်
ကြည်နူးအလှူပွဲ။
ဂုဏ်မပါ သဒ္ဓါတွဲ
အားခဲလို့ပျော်ကြသည်။
စပါးတွေ အထွက်ကောင်းဖို့
စုပေါင်းပြုညီ။
နွေစပါးနှင့် မိုးစပါးမီ
အပျော်တည်တဲ့ ကျေးလက်လေး။
ယဉ်ကျေးမှုကိုလ
အစဉ်တွေးရှု ရိုးရာမပျက်အောင်
ထမ်းရွက်လို့ပေး။ ။

ဖြိုးထက်(ရေစကြို)

# ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ရိုးရာလှေလှော်ပြိုင်ပွဲ ဆုချီးမြှင့်



**ဘားအံ စက်တင်ဘာ ၁၀**

တော်သလင်းလ လှေသဘင်ပွဲတော်ကို ပြန်လည်ဖော်ဆောင်သောအားဖြင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုဖြစ်သော ရိုးရာလှေလှော်ပြိုင်ပွဲကို ဘားအံမြို့ ကန်သာယာရေပြင်၌ ကျင်းပလျက်ရှိရာ စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက ဗိုလ်လုပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပသည်။

**ကြည့်ရှုအားပေး**

ဦးစွာ အမျိုးသား/အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ သုံးတက်လှော်ပြိုင်ပွဲနှင့် ငါးတက်လှော်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လှေလှော်အားကစားဝါသနာရှင်များနှင့် ဒေသခံပြည်သူများ ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါလှေလှော်ပြိုင်ပွဲကို အမျိုးသားအသင်း ၂၇ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်း စုစုပေါင်း လှေလှော်အားကစားသမား ၂၉၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ရေပြင်သက်ကယ်အဖွဲ့အား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးကျော်စိုး၊ ပြည်နယ်ဥပဒေချုပ် ဦးရဲလွင်တို့က အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကို၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ခင်ဇော်တို့က အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ဆုရရှိသူများကို လည်းကောင်း၊ ပြည်နယ် လူမှုရေးဝန်ကြီး ဦးစိုးလွင်နှင့် ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းတို့က အမျိုးသမီး သုံးတက်လှော်ပြိုင်ပွဲတွင် ဆုရအသင်းများကို လည်းကောင်း၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်နှင့် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်တို့က အမျိုးသား သုံးတက်လှော်ပြိုင်ပွဲ ဆုရအသင်းများကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းက အမျိုးသမီး ငါးတက်လှော်ပြိုင်ပွဲ ဆုရအသင်းများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမျိုးသား ငါးတက်လှော်ပြိုင်ပွဲ တတိယဆုရ မိကရင်အသင်း၊ ဒုတိယဆုရ ကော့ကရိတ်မြို့နယ်အသင်းနှင့် ပထမဆုရ မြဝတီမြို့နယ်အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကာ ရိုးရာလှေလှော်အားကစားသမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

❏

❂ ကျောဖုံးမှ

စွယ်တော်မြတ်စေတီ၊ ဗူးဘုရား၊ သဗ္ဗညုဘုရား၊ မဟာဗောဓိဘုရား၊ ကန်တော့ပလ္လင်၊ ရွှေဆံတော်ဘုရား၊ စူဠာမဏိ၊ ဓမ္မရံကြီးဘုရား၊ မနူဟာဘုရားနှင့် ပြဿကြီးဘုရားတို့ကို လာရောက်ဖူးမြော်သူများပြီး လူသိနည်းသည့် ဘုရားပုထိုး၊ စေတီ၊ သာသနိကအဆောက်အအုံများ၊ ရှေးအုတ်ကျောင်းကြီးများကို လူငယ်လူရွယ်များက E-Bike များ၊ မြင်းလှည်း၊ မီနီအိုးဝေများ ငှားရမ်းကာ အစုအဖွဲ့လိုက် လေ့လာဖူးမြော်ကြသည်။

**များပြားလျက်ရှိ**

ပုဂံဒေသရှိ ရှေးဟောင်းစေတီပုထိုးများတွင် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူ ၁၀၀၀၀ ကျော်အထိ လာရောက်ဖူးမြော်ကြခြင်းကြောင့် စားသောက်ဆိုင်များ၊ လက်အလှပန်းချီ(လက်ဆွဲပန်းချီ)ဆွဲသူများ၊ ရိုးရာသစ်ရွက်ပုံသနပ်ခါး လိမ်းပေးသူများ၊ ဘုရားပန်းရောင်းသူများနှင့် မြင်းလှည်း၊ E-Bike ငှားရမ်းသူများ အဆင်ပြေနေကြပြီး ယခုရက်ပိုင်းအတွင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်သူ များပြားလျက်ရှိကြောင်း သိရသည်။

ကိုထိန်

# ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ဒေသခံပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**နေပြည်တော် စက်တင်ဘာ ၁၀**

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အခြေခံအကျဆုံးမှာ နှာခေါင်းစည်းများ တပ်ဆင်အသုံးပြုခြင်းဖြစ်ရာ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလျှုဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့၊ မောက်မယ်မြို့နှင့် မိုင်းပန်မြို့၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့၊ ညောင်တုန်းမြို့၊ မအူပင်မြို့နှင့် ဖျာပုံမြို့များရှိ ဈေးများ၊ လမ်းများနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းတပ်ဆင်၍ သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက်ပေးဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေစဉ်။

# မန္တလေးတိုင်းဒေသကြီးအတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကို ကျေးရွာ ၇၄ ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်မည်

**မန္တလေး စက်တင်ဘာ ၁၀**

၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာနှစ်တွင် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး ကော်မတီ၏ လမ်းညွှန်မှုဖြင့် နေကြာအပါအဝင် ဆီထွက်သီးနှံများစိုက်ပျိုးသည့် ကျေးရွာများရှိ တောင်သူများအား တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၇၄ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါစီမံကိန်းကို တိုင်းဒေသကြီးအတွင်းရှိ ပြင်ဦးလွင်မြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ တံတားဦးမြို့နယ်၊ မလှိုင်မြို့နယ်၊ သာစည်မြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်နှင့် ရမည်းသင်းမြို့နယ် စသည့်မြို့နယ်ကိုးမြို့နယ်ရှိ ကျေးရွာ ၇၄ ရွာ၌ (ဆီထွက်သီးနှံ) အား တိုးချဲ့အကောင်အထည်ဖော်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းစီမံကိန်းဆောင်ရွက်ရာတွင် ကျေးရွာရှိ အိမ်ခြေနှင့် ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူ၊ စိုက်ပျိုးဧကများအပေါ်မူတည်၍ စီမံကိန်းထောက်ပံ့ရန်ပုံငွေများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကြည်စောက ပြောကြားသည်။

“မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ခရိုင်၊ မြို့နယ်များအတွင်း ဆီထွက်သီးနှံစိုက်ပျိုးတဲ့ ကျေးရွာတွေမှာ လမ်းညွှန်မှုများအတိုင်း ဆောင်ရွက်သွားမှာပါ။ စီမံကိန်းဆောင်ရွက်တဲ့အခါမှာ အိမ်ခြေ/တောင်သူ ၁၀၁ ဦးနဲ့ အထက်အား(Type-1) အနေနဲ့ စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ် သိန်း ၃၀၀ ထောက်ပံ့မှာဖြစ်ပါတယ်။ အိမ်ခြေ/တောင်သူ ၅၁ ဦးနဲ့ ၁၀၀ ကြားကို (Type-2) အနေနဲ့ စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ် သိန်း ၂၀၀ ထောက်ပံ့မှာဖြစ်ပါတယ်။ အိမ်ခြေ/တောင်သူ ၅၀ နဲ့အောက်ကို (Type-3) အနေနဲ့ စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၀၀ ထောက်ပံ့မှာဖြစ်ပါတယ်။ စီမံကိန်းကို စုစုပေါင်း အမျိုးအစားသုံးမျိုးနဲ့ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ အဲ့ဒီကျေးရွာတွေမှာ စီမံကိန်းမိတ်ဆက်ခြင်းနဲ့ ကျေးရွာစီမံကိန်းကော်မတီဝင် ဖွဲ့စည်းခြင်းများကို ဆောင်ရွက်ပြီးဖြစ်ပါတယ်"ဟု ၎င်းက ရှင်းပြသည်။

အဆိုပါကျေးရွာများ၌ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင် ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေများကို အမျိုးအစားအလိုက် ထောက်ပံ့ပေးသွားမည်ဖြစ်ရာ ချေးငွေအထောက်အပံ့ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအနက်မှ နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများကို ပထမဦးစားပေး၍ အခြားဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများကို ဒုတိယဦးစားပေး၊ အခြားသီးနှံစိုက်ပျိုးသည့် တောင်သူများကို တတိယဦးစားပေးနှင့် အခြား သက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်သူများအပါအဝင် ၎င်းတို့လိုအပ်မည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များအတွက် အတိုးနှုန်းသက်သာသော ချေးငွေများဖြင့် အရင်းမပျောက်မတည်ရန်ပုံငွေများ ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်
(မန်းကိုယ်ပွား)



# အမေရိကန်အိုးပင်းတင်းနစ် နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် အယ်လ်ကာရက်ဇ်နဲ့ ကက်စ်ပါရုဒ်တို့ ထိပ်တိုက်တွေ့ဆုံနေ

အမေရိကန်နိုင်ငံ နယူးယောက်မြို့မှာ ကျင်းပလျက်ရှိတဲ့ အမေရိကန် အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ စပိန်ဆယ်ကျော်သက် တင်းနစ်ကစားသမား ကားလို့စ် အယ်လ်ကာရက်ဇ်နဲ့ နော်ဝေတင်းနစ်ကစားသမား ကက်စ်ပါရုဒ်တို့ ထိပ်တိုက်တွေ့ဆုံနေပါတယ်။

**အနိုင်ရရှိခဲ့**

အသက် ၁၉ နှစ်အရွယ်ရှိ အယ်လ်ကာရက်ဇ်ဟာ အမေရိကန်အိုးပင်း ဆီမီးဖိုင်နယ်အဆင့်မှာ အမေရိကန် တင်းနစ်ကစားသမား တီယာဖိုးကို ၆-၇(၆-၈)၊ ၆-၃၊ ၆-၁၊ ၆-၇(၅-၇)၊ ၆-၃ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး နော်ဝေတင်းနစ်ကစားသမား ကက်စ်ပါရုဒ်ကတော့ ရုရှားတင်းနစ်ကစားသမား ကာရန်ခါချာနော့ဗ်ကို ၇-၆(၇-၅)၊ ၆-၂၊ ၅-၇၊ ၆-၂ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အယ်လ်ကာရက်ဇ်နဲ့ ကက်စ်ပါရုဒ်တို့ ယှဉ်ပြိုင်ကစားကြမယ့် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့


အယ်လ်ကာရက်ဇ်


ကက်စ်ပါရုဒ်

အမျိုးသားတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲစဉ်ကို စက်တင်ဘာ ၁၁ ရက်မှာ ကျင်းပသွားမှာဖြစ်ပြီး အဲဒီပြိုင်ပွဲမှာ အနိုင်ရရှိခဲ့တဲ့ တင်းနစ်ကစားသမားဟာ အမျိုးသားတင်းနစ်လောကရဲ့ ကမ္ဘာ့အဆင့်(၁)နေရာကို ပိုင်ဆိုင်ခွင့်ရရှိမှာလည်း ဖြစ်ပါတယ်။

ငွေကြယ်

❍ **MNL ပြိုင်ပွဲမှ**

ရန်ကုန်အသင်းမှာမူ မဖြစ်မနေအနိုင်ရရန် လိုအပ်နေသဖြင့် ပွဲစကတည်းက ဂိုးရရန် ကြိုးပမ်းခဲ့ပြီး အခွင့်အရေးအချို့ရသော်လည်း အသုံးမချနိုင်သဖြင့် ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်မြင့်လာပြီး ဂိုးရနိုင်သည့်အခွင့်အရေးများ ရခဲ့သော်လည်း အသုံးမချနိုင်သဖြင့် ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် ယခုပွဲသရေကျခဲ့သဖြင့် တတိယနေရာမှ မြဝတီ၊ အဆင့် ၄ နှင့် ၅ နေရာမှ ရတနာပုံ၊ ရှောဝတီအသင်းတို့၏ ဖိအားပေးခြင်းခံရလာနိုင်ပြီး နိုင်ပွဲရယူနိုင်သည့်အသင်းမှာ အမှတ်ကွာဟမှု လျှော့ချနိုင်မည်ဖြစ်သည်။

ပွဲစဉ် (၁၁) ဒုတိယနေ့ကို စက်တင်ဘာ ၁၁ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဟံသာဝတီအသင်းနှင့် ရခိုင်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - MNL

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

## အနုပညာ

### အင်စတာဂရမ်အကောင့် ဖွင့်လိုက်ပြီဖြစ်တဲ့ ဆိုဂျီဆပ်

တောင်ကိုရီးယားမင်းသား ဆိုဂျီဆပ်ဟာ အနုပညာလှုပ်ရှားမှုတွေ လုပ်ဆောင်လာခဲ့တာ အတော်ကြာခဲ့ပြီဖြစ်ပေမယ့် လတ်တလောမှာမှ သူ့ရဲ့ တရားဝင်အင်စတာဂရမ်အကောင့်ကို ဖွင့်လှစ်ခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

စက်တင်ဘာ ၅ ရက်မှာ မင်းသားရဲ့အင်စတာဂရမ်အကောင့် စတင်ဖွင့်လှစ်အသုံးပြုခဲ့တာပါ။ သူ့ရဲ့ အကောင့်အမည်ကို soganzi_51 လို့ ပေးထားပြီး ဒါဟာ သူ့ရဲ့နာမည်ပြောင်နဲ့ အေဂျင်စီအမည်ကို တွဲဖက်ကာ အကောင့်အမည်အဖြစ် ပေးထားတာလည်း ဖြစ်ပါတယ်။ အကောင့်ကိုစတင်အသုံးပြုချိန်မှာ ဆိုဂျီဆပ်က သူ့ရဲ့ဓာတ်ပုံနဲ့အတူ ဒါဟာအစဖြစ်တယ်လို့ အမိပ္ပာယ်ရတဲ့စာသားကိုလည်း ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။





### အိုင်ကျွန်းတေးဂီတဇယားအများဆုံးကို ဦးဆောင်နိုင်ခဲ့တဲ့ BLACKPINK ရဲ့ Pink Venom

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACKPINK ဟာ အဖွဲ့ရဲ့တေးသီချင်းသစ် Pink Venom နဲ့ စံချိန်သစ်တစ်ခု ထပ်မံတင်နိုင်ခဲ့ပြီဖြစ်ပါတယ်။ အဆိုပါတေးသီချင်းဟာ အမျိုးသမီးကေပေ့ါပ်တေးသံရှင်တွေရဲ့ တေးသီချင်းတွေအနက် အိုင်ကျွန်းတေးဂီတဇယားအများဆုံးမှာ နံပါတ်တစ်နေရာရယူထားနိုင်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါတေးသီချင်းဟာ ကမ္ဘာတစ်ဝန်းက အိုင်ကျွန်းတေးဂီတဇယား ၇၈ ခုမှာ နံပါတ်တစ်နေရာ ရယူထားနိုင်ခဲ့ပါတယ်။ အဆိုပါတေးသီချင်းဟာ အမေရိကန်၊ ကနေဒါ၊ ယူကေ၊ ပြင်သစ် အစရှိတဲ့ ကမ္ဘာ့တေးဂီတဈေးကွက် အကြီးဆုံးနေရာတွေမှာပင် ထိပ်ဆုံးက ဦးဆောင်ထားနိုင်တာလည်း ဖြစ်ပါတယ်။

Pink Venom ဟာ စက်တင်ဘာ ၁၆ ရက်မှာ စတင်ထုတ်လွှင့်မယ့် BLACKPINK ရဲ့ တေးအယ်လ်ဘမ်သစ် Born Pink မှာ ပါဝင်မယ့် တေးသီချင်းတစ်ပုဒ်လည်းဖြစ်ပါတယ်။

မကြာသေးမီက BLACKPINKရဲ့ တရားဝင် ယူကျူချန်နယ်ဟာ စခရိုက်ဘာ သန်း ၈၀ ပြည့်ခဲ့ပြီး ဒါဟာ တောင်ကိုရီးယားအနုပညာရှင်တွေအနက် ယူကျူမှာ စခရိုက်ဘာအများဆုံး ရရှိထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

### ဂရမ်မီဆုဆွတ်ခူးရရှိခဲ့တဲ့ အဒဲလ်

ဗြိတိန်ရဲ့ ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ အဒဲလ်ဟာ လတ်တလောပြုလုပ်ခဲ့တဲ့ ဂရမ်မီဆုပေးပွဲတစ်ခုရဲ့ အဖွင့်ညမှာ ထူးချွန်ဆုဆွတ်ခူးနိုင်ခဲ့တာကြောင့် ခြောက်နှစ်တာအတွင်း ပထမဆုံးအကြိမ်အဖြစ် တေးသီချင်းသစ် ပြန်လည်ထုတ်လွှင့်ပြီးနောက် ပထမဆုံးရရှိလာတဲ့ ဂရမ်မီဆုလည်းဖြစ်လာကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နိုင်ငံတကာတေးဂီတ ထူးချွန်ဆုပေးပွဲတစ်ခုဖြစ်တဲ့ Creative Arts Emmy Awards ကို စက်တင်ဘာ ၃ ရက်က လော့စ်အိန်ဂျလိစ်မှာ ပြုလုပ်ခဲ့တာပါ။ အဆိုပါဆုပေးပွဲမှာ အဒဲလ်ဖန်တီးထားတဲ့ Adele One Night Only ဗီဒီယိုဟာ Outstanding Variety Special (Pre-Recorded) ဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ အဒဲလ်ကိုယ်တိုင်ကတော့ အဆိုပါ ဆုပေးပွဲအခမ်းအနားကို တက်ရောက်ခဲ့ခြင်းမရှိဘူးလို့လည်း သိရပါတယ်။

အဆိုပါဗီဒီယိုကို ၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်း ထုတ်လွှင့်ခဲ့တာပါ။ ယင်းဗီဒီယိုမှာ အဒဲလ်ရဲ့ လွန်ခဲ့တဲ့ခြောက်နှစ်တာအတွင်း ဖန်တီးထားတဲ့ တေးသီချင်းသစ်သုံးပုဒ် ဖျော်ဖြေတင်ဆက်ထားမှုတွေလည်း ပါဝင်ပါတယ်။ ဒါ့အပြင် ကျော်ကြားတဲ့ အစီအစဉ်တင်ဆက်သူတစ်ဦးဖြစ်တဲ့ အော်ပရာဝင်းဖေးနဲ့ အင်တာဗျူးလည်း ပါဝင်နေတယ်လို့ သိရပါတယ်။

**အေး ပြည့် စု စည်း သည်**

### တရားဝင် Squid Game Day ထုတ်ပြန်ကြေညာ

တောင်ကိုရီးယားရဲ့ အောင်မြင်တဲ့ဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ Squid Game နဲ့ ပတ်သက်ပြီး Squid Game Day ကို လော့စ်အိန်ဂျလိစ်မှာ တရားဝင်သတ်မှတ်ထုတ်ပြန်ခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နှစ်စဉ်နှစ်တိုင်း စက်တင်ဘာ ၁၇ ရက်ကို Squid Game Day အဖြစ် သတ်မှတ်ကြောင်း လော့စ်အိန်ဂျလိစ်မြို့တော်ဝန်က ထုတ်ပြန်ကြေညာခဲ့တာပါ။ စက်တင်ဘာ ၉ ရက်မှာ Squid Game ရဲ့ ဒါရိုက်တာ ဟွမ်ဒေါင်ဟွတ်နဲ့ အဓိကသရုပ်ဆောင်မင်းသား လီဂျန်ဂျယ်တို့က လော့စ်အိန်ဂျလိစ်မြို့တော်ဝန်နဲ့ ကောင်စီအဖွဲ့ဝင်တို့ကို တွေ့ဆုံပြီး လော့စ်အိန်ဂျလိစ်မြို့တော်ခန်းမမှာ Squid Game Day ကြေညာခြင်းအခမ်းအနား ပြုလုပ်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။





# ဘုရားကြီး-မော်လမြိုင်-ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီး အဆင့်မြှင့်တင်

ခရမ်းစိုးမြင့်

ပြည်ထောင်စုလမ်းမကြီး (NH1)ဖြစ်သော ဘုရားကြီး-မော်လမြိုင်-ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်းကားလမ်းသည် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ကို ဆက်သွယ်ထားသောလမ်းမကြီးဖြစ်ပြီး ကုန်စည်များ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းအတွက် အဓိကကျသော လမ်းမကြီးဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ ၄၉၅ မိုင် ၄ ဖာလုံအရှည်ရှိပြီး မလွှဲတောင်-ထားဝယ် အပိုင်း၊ ထားဝယ်-ပလောက် အပိုင်း၊ ပလောက်-ပုလော-မြိတ်အပိုင်း၊ မြိတ်-တနင်္သာရီ-ထုံခါ အပိုင်း၊ ထုံခါ-ဘုတ်ပြင်း အပိုင်းနှင့် ဘုတ်ပြင်း-ကော့သောင်း အပိုင်းများအဖြစ် သတ်မှတ်ထားရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တနင်္သာရီတိုင်းလမ်းဦးစီးဌာနက တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**ကုန်စည်နှင့် ခရီးသွားလုပ်ငန်းများ**

မလွှဲတောင်-ထားဝယ်လမ်းအပိုင်းသည် ၂၄၅ မိုင် ၆ ဒသမ ၅ ဖာလုံမှ ၃၂၈ မိုင် ၃ ဒသမ ၅ ဖာလုံအထိ ၈၂ မိုင် ၅ ဖာလုံရှိပြီး မွန်ပြည်နယ်မှ တနင်္သာရီတိုင်းဒေသကြီးသို့ အဓိကဝင်ပေါက်လမ်းမကြီးဖြစ်သည်။ တောင်ကုန်းတောင်တန်းနှင့် မြေပြန့်ပိုင်းတို့၌ ဖောက်လုပ်ထားသည့်လမ်းဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်ဝန်းကျင်ခန့်တွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ထားဝယ်မှ ရေးသို့ တစ်နေကုန်ခရီးဖြင့် သွားလာခဲ့ရသည်။ တနင်္သာရီတိုင်းဒေသကြီးသို့ ဝင်ရောက်လာမည့် ကုန်စည်နှင့် ခရီးသွားလုပ်ငန်းများ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် အရေးကြီးသော လမ်းမကြီးတစ်ခုဖြစ်သည့်အတွက် လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၂၃)မှ နှစ်စဉ် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်၌ ၁၈ ပေ အကျယ်ကတ္တရာလမ်း မိုင် ၈၀၊ ၆ ဒသမ ၅ ဖာလုံ၊ ၂၄ ပေ အကျယ် ကတ္တရာလမ်း သုညမိုင် ၇ ဒသမ ၅ ဖာလုံရှိပြီး ယာဉ်မောင်းကြာချိန် လေးနာရီခွဲခန့် ကြာမြင့်ခဲ့သော်လည်း ယခုအခါတွင် ၂၄ ပေ အကျယ်ကတ္တရာကွန်ကရစ် (AC)လမ်း မိုင် ၅၀၊ ၄ ဒသမ ၈ ဖာလုံ၊ ၂၄ ပေအကျယ် ကတ္တရာလမ်း ၃၂ မိုင် သုည ဒသမ ၂၅ ဖာလုံအထိ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပြီးနောက် ယာဉ်မောင်းကြာချိန် နှစ်နာရီ မိနစ် ၂၀ ခန့်ဖြင့် အချိန်တိုတောင်းစွာသွားလာနိုင်ပြီ ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်ခရိုင်သည် မြန်မာနိုင်ငံ၏ တောင်ဘက်ပိုင်း၊ တနင်္သာရီကမ်းမြောင်ဒေသ၏ အလယ်ပိုင်းတွင်တည်ရှိပြီး ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော နယ်ခြားဒေသတစ်ခုလည်း ဖြစ်သည်။ ခရစ်နှစ် ၁၈၃၄ ခုနှစ်အထိ ကျိုက္ခမီ၊ ရေး၊ ထားဝယ်၊ မြိတ်ဟုလေးခရိုင်ထားရှိပြီး အိန္ဒိယဘုရင်ခံ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ရှိခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် မြိတ်ခရိုင်ကို ခြောက်မြို့နယ် ခွဲခြားသတ်မှတ်၍ မြိတ်၊ ကျွန်းစု၊ ပုလော၊ တနင်္သာရီလေးမြို့နယ်မှာ မြိတ်ခရိုင်အတွင်းပါဝင်ပြီး ဘုတ်ပြင်းနှင့် ကော့သောင်းမြို့နယ်တို့သည် ကော့သောင်းခရိုင်အဖြစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် သီးခြားပေါ်လွင်လာခဲ့သည်။

ကော့သောင်းခရိုင်သည် ယခင် မြိတ်ခရိုင်တွင်ပါဝင်ပြီး ၆-၁-၁၉၉၂ ရက်နေ့တွင် ကော့သောင်းနှင့် ဘုတ်ပြင်း နှစ်မြို့နယ်ပါဝင်သည့် ကော့သောင်းခရိုင်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာန၏အမိန့်ကြော်ငြာစာအမှတ်(၅၁)အရ ဖွဲ့စည်းခဲ့သည်။ ၁-၁-၂၀၀၃ ရက်နေ့တွင် ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်တွင် ခမောက်ကြီးမြို့ကိုလည်းကောင်း၊ ဘုတ်ပြင်းမြို့နယ်တွင် ၁-၄-၂၀၀၄ ရက်နေ့၌ ကရသူရီမြို့နှင့် ၁-၁-၂၀၀၃ ရက်နေ့တွင် ပြည်ကြီးမဏ္ဍိုင်မြို့ကိုလည်းကောင်း ထည့်သွင်းဖွဲ့စည်းခဲ့သည်။



ထားဝယ်-မြိတ်-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးပေါ်မှ တနင်္သာရီတံတားကြီးကိုတွေ့ရစဉ်။

**ဒေသခံ တိုင်းရင်းသားပြည်သူများအတွက် အထောက်အကူပြုခဲ့သောလမ်း**

ထားဝယ်-ပလောက်လမ်း အပိုင်းသည် ၃၂၈ မိုင် ၃ ဒသမ ၅ ဖာလုံမှ ၃၉၅ မိုင် ၃ ဒသမ ၅ ဖာလုံအထိ ၆၇ မိုင် သုညဖာလုံရှိပြီး တနင်္သာရီတိုင်းဒေသကြီး၏မြို့ကြီးနှစ်မြို့ဖြစ်သော ထားဝယ်မြို့နှင့် မြိတ်မြို့တို့ကို ဆက်သွယ်သည့် တစ်ခုတည်းသော လမ်းမကြီးလည်း ဖြစ်သည်။ ၎င်းလမ်းပိုင်းမှာ ယခင်က ဘုတ်တောင်ကြောနှင့် မြေပြန့်ပိုင်းတို့ကို ဖောက်လုပ်ထားသည့် လမ်းဖြစ်သောကြောင့် အကွေ့အကောက်နှင့် မျက်ကွယ်ကုန်းများစွာရှိပြီး ၂၀၀၀ ပြည့်နှစ်ခန့်တွင် သွားရေးလာရေးခက်ခဲပြီး ထားဝယ်မှ ပလောက်သို့ တစ်နေကုန်ခရီးဖြင့် သွားလာခဲ့ရသည်။ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန်နှင့် ကုန်စည်စီးဆင်းမှု လျင်မြန်စေရန်အတွက် ရည်ရွယ်ဖောက်လုပ်ခဲ့ခြင်းဖြစ်ရာ လမ်းတစ်လျှောက်ရှိ မြို့၊ ရွာများတွင် နေထိုင်သော ဒေသခံ တိုင်းရင်းသားပြည်သူများအတွက် အထောက်အကူပြုခဲ့သောလမ်းဖြစ်သည်။ လမ်းဦးစီးဌာနထားဝယ်ခရိုင်က နှစ်စဉ်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်၌ (AC)လမ်း သုည မိုင် ၅ ဖာလုံ၊ ၁၈ ပေအကျယ် ကတ္တရာလမ်း ၄၃ မိုင် သုည ဖာလုံ၊ ၂၄ ပေအကျယ် ကတ္တရာလမ်း ၁ မိုင် ၃ ဖာလုံရှိပြီး ယာဉ်မောင်းကြာချိန် သုံးနာရီ မိနစ် ၂၀ ခန့် ကြာမြင့်ခဲ့သော်လည်း ယခုအခါတွင် ကတ္တရာ ကွန်ကရစ်(AC)လမ်း ၂၈ မိုင် ၇ ဖာလုံ၊ ၁၈ ပေအကျယ် ကတ္တရာလမ်း ၄ မိုင် ၅ ဖာလုံ၊ ၂၄ ပေအကျယ် ကတ္တရာလမ်း ၃၃မိုင်၄ ဖာလုံအထိ အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပြီးနောက် ယာဉ်မောင်းကြာချိန် တစ်နာရီ မိနစ် ၅၀ ခန့်ဖြင့် အချိန်တိုတောင်းစွာ သွားလာနိုင်ပြီဖြစ်သည်။

၎င်းအပြင် ပလောက်-ပုလော-မြိတ်လမ်းအပိုင်းသည် ၃၉၅ မိုင် ၃ ဒသမ ၅ ဖာလုံမှ ၄၇၅ မိုင် သုည ဒသမ ၅ ဖာလုံအထိ ၇၉ မိုင်၅ ဖာလုံရှိပြီး ထားဝယ်မြို့နှင့် မြိတ်မြို့တို့ကို ဆက်သွယ်ထားသော လမ်းမကြီးလည်းဖြစ်သည်။ ယခင်က လမ်းအကျယ် ၁၂ ပေအကျယ် ကတ္တရာလမ်း၊ အမာခံလမ်းအဆင့်သာရှိပြီး လမ်းအကွေ့အကောက်များဖြင့် သွားလာရခက်ခဲခဲ့သည်။ သမုတ်-လွတ်လွတ်တံတား မတည်ဆောက်မီက သမုတ်ဘက်ကမ်းနှင့် လွတ်လွတ်ဘက်ကမ်းအား ဇက်၊ လှေတို့ဖြင့် ဖြတ်ကူးရသည်။ ရေလမ်းခရီးဖြင့် မသွားလိုပါက ဘုတ်-ဒေါ-မဇောပြင်ကြီးလမ်း(ဘုတ်-ဒေါ)အပိုင်းနှင့် ဒေါ-ကဘင်းလမ်းတို့မှ သွားလာရသဖြင့် အချိန်ကြန့်ကြာမှုများ ဖြစ်ခဲ့ရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် သမုတ်-လွတ်လွတ်တံတားအား တံတားတည်ဆောက်ရေးအထူးအဖွဲ့(၄)က စတင်တည်ဆောက်ခဲ့ပြီး တံတားနှင့် ဆက်စပ်နေသော ဘုတ်-သမုတ်-ကဘင်း လမ်းအပိုင်းကိုလည်း လမ်းအဆင့်မြှင့်တင်ခြင်း၊ လမ်းကွေ့ဖြောင့်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် သမုတ်-လွတ်လွတ်တံတားအား ဖွင့်လှစ်ပြီးဖြစ်သောကြောင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူလျင်မြန်လာခဲ့သည်။ လမ်းဦးစီးဌာနမြိတ်ခရိုင်မှ နှစ်စဉ် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်၌ ကွန်ကရစ်လမ်း သုည မိုင် ၁ ဖာလုံ၊ ၁၂ ပေအကျယ် ကတ္တရာလမ်း ၄၂ မိုင် ၂ ဒသမ ၅ ဖာလုံ၊ ၁၈ ပေ အကျယ် ကတ္တရာလမ်း ၄ မိုင် ၆ ဒသမ ၅ ဖာလုံ၊ ၂၂ ပေအကျယ် ကတ္တရာလမ်း သုညမိုင် ၆ ဖာလုံ၊ ၂၄ ပေအကျယ် ကတ္တရာလမ်း ၃ မိုင် ၆ ဖာလုံနှင့် ရေလမ်း သုညမိုင် ၁ ဖာလုံ ရှိပြီး ယာဉ်မောင်းကြာချိန် လေးနာရီခန့် ကြာမြင့်ခဲ့သော်လည်း ယခုအခါတွင် ၂၄ ပေအကျယ် ကွန်ကရစ်လမ်း ၁ မိုင် သုည ဒသမ ၅ ဖာလုံ၊ ၂၄ ပေအကျယ် ကတ္တရာကွန်ကရစ်(AC) လမ်း ၁၆ မိုင် ၂ ဖာလုံ၊ ၁၈ ပေအကျယ် ကတ္တရာလမ်း ၁၉ မိုင် ၃ ဖာလုံ၊ ၂၄ ပေအကျယ် ကတ္တရာလမ်း ၄၂ မိုင် ၇ ဒသမ ၅ ဖာလုံအထိ အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပြီးနောက် ယာဉ်မောင်းကြာချိန် နှစ်နာရီ ၁၅ မိနစ်ခန့်ဖြင့် အချိန်တိုတောင်းစွာ သွားလာနိုင်ခဲ့သည်။

**နယ်စပ်ကုန်သွယ်ရေးဂိတ်ဖြစ်သော မောတောင်နှင့် ဆင်ခွန်း**

မြိတ်-တနင်္သာရီ-ထုံခါလမ်းအပိုင်းသည် ၄၇၅ မိုင် သုည ဒသမ ၅ ဖာလုံမှ ၅၃၁ မိုင် ၆ ဒသမ ၅ ဖာလုံအထိ ၅၆ မိုင် ၆ ဖာလုံရှိပြီး မြိတ်မှ ကော့သောင်းသို့သွားရာ အဓိကလမ်းမကြီးဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်ဝန်းကျင်အထိ ၁၂ ပေအကျယ် အမာခံလမ်းအဆင့်သာရှိသောကြောင့် သွားလာရခက်ခဲခဲ့သည်။ စာမျက်နှာ ၂၅ သို့ ❐



ထားဝယ်-မြိတ်-ကော့သောင်း ပြည်ထောင်စုလမ်းမကြီး (ပလော-ပလောက်-မြိတ်အပိုင်း)ကို တွေ့ရစဉ်။

> **“ တနင်္သာရီတိုင်းဒေသကြီးသည် မြစ်ချောင်းများပေါများသည့်ဒေသဖြစ်ပြီး ခေတ်အဆက်ဆက် ကြိုးပမ်းခဲ့မှုကြောင့် ထားဝယ်မှ ကော့သောင်းအထိ လမ်းအပိုင်းအား ဆက်သွယ်ဖောက်လုပ်နိုင်ခဲ့သည်။ ယခင် ဆယ်စုနှစ်များက ရေလမ်းခရီးရှပ်ပြေးယာဉ်ကိုသာ အားထားခဲ့ရာမှ ယခုအချိန်၌ လမ်းမကြီးအား အချိန်တိုတောင်းစွာဖြင့် အသုံးပြုနိုင်ပြီဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးသည် သဘာဝသယံဇာတပေါကြွယ်ဝသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး ထိုင်းနိုင်ငံနှင့်နယ်နိမိတ်ချင်း ရှည်လျားစွာထိစပ်နေသဖြင့် ဒေသတွင်းနှင့် နယ်စပ်ဂိတ်များမှတစ်ဆင့် ကုန်စည်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်သော ဒေသတစ်ခုဖြစ်ခြင်းကြောင့် အဓိကအသုံးပြုလျက်ရှိသည့် ၎င်းသွေးကြောလမ်းမကြီး(မလွှဲတောင်မှ ကော့သောင်းအထိ)နှင့် အခြားဆက်စပ်လမ်းများအား ဘဏ္ဍာနှစ်အလိုက် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ် ”**

❒ စာမျက်နှာ ၂၄ မှ

နှစ်အလိုက် မျက်ကွယ်ကုန်းဖြတ်ခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြိတ်-တနင်္သာရီ -ထုံခါ လမ်းအပိုင်းရှိ တနင်္သာရီတံတား (ဘေလီတံတား) အဟောင်းနေရာတွင် သံမဏိသံပေါင်၊ သံကူကွန်ကရစ်တံတားကြီးအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ခဲ့ရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တနင်္သာရီတံတားအသစ်ကို ဖွင့်လှစ်နိုင်ခဲ့ပြီး ကုန်စည်ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူလျင်မြန်ခဲ့သည်။ မြိတ်-တနင်္သာရီ-ထုံခါ လမ်းအပိုင်းမှ ထိုင်းနိုင်ငံသို့ ဆက်သွယ်သော ထုံခါ-သဲဖြူ-မော်တောင်လမ်းကို ဆက်သွယ်ဖောက်လုပ်ထားပြီးဖြစ်ရာ မြိတ်မြို့၏ ရေထွက်ကုန်များကို နယ်စပ်ကုန်သွယ်ရေးဂိတ်ဖြစ်သော မော်တောင်နှင့် ဆင်ခွန်းတို့မှတစ်ဆင့် ကုန်သွယ်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ပြီဖြစ်သည်။

ၤင်းအပြင် ထုံခါ-ဘုတ်ပြင်းလမ်းအပိုင်းသည် ၅၃ မိုင် ၆ ဒသမ ၅ ဖာလုံမှ ၆ ၁၁ မိုင် ၃ ဒသမ ၅ ဖာလုံအထိ ၇၉ မိုင် ၅ ဖာလုံ ရှိသည်။ ထုံခါ-ဘုတ်ပြင်းလမ်းအပိုင်းကို တနင်္သာရီ (ထုံခါ) လမ်းခွဲမှ ဘုတ်ပြင်းမြို့သို့ ရောက်ရှိစေရန် ရင်ကွဲတောင်နှင့် ပွိုင့် ၁၀၂၀ တောင်ကုန်းတို့ကို ဖြတ်သန်းဖောက်လုပ်ထားပြီး ၁၉၉၀ ပြည့်နှစ်ကျော်ကာလများတွင် တစ်နေကုန်အထိသွားလာခဲ့ရသည်။ လမ်းအဆင့်မြှင့်တင်ရာတွင် လမ်းကွေ့ဖြောင့်ခြင်း၊ မျက်ကွယ်ကုန်းများအား(Gradient)နှိမ့်ချခြင်း၊ လမ်းအူကြောင်း အသစ်ဖောက်လုပ်ခြင်းများ အဆင့်ဆင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခင်လမ်းမိုင်အရှည် ၈၁ မိုင် ၆ ဖာလုံမှ ယခုအခါ ၇၉ မိုင် ၅ ဖာလုံသာ ကျန်ရှိခဲ့သည်။

ၤင်းအပြင် ဘုတ်ပြင်း-ကော့သောင်းလမ်းအပိုင်းသည် ၆၁၁ မိုင် ၃ ဒသမ ၅ ဖာလုံမှ ၇၄၁ မိုင် ၂ ဒသမ ၅ ဖာလုံအထိ ၁၂၉ မိုင် ၇ ဖာလုံ ရှိသည်။ ဒေသအခေါ် ကုန်း ၁၀ ကုန်းအား ဖြတ်သန်းသွားလာရပြီး ၁၉၉၀ ပြည့်နှစ်ကျော်ကာလများတွင် နှစ်ညအိပ်ခန့်သွားလာခဲ့ရသည်။ ယခင်က ကော့သောင်းမြို့မှ တခြားမြို့များသို့ သွားလာရန် လေကြောင်းနှင့် ရေကြောင်းလမ်းများကိုသာ အသုံးပြု၍ သွားလာခဲ့ရသော်လည်း ၂၀၀၈ ခုနှစ်တွင် VES Group ကုမ္ပဏီကို ကတ္တရာကွန်ကရစ် (AC)လမ်း ၄၈ မိုင် ၁ ဒသမ ၆ ဖာလုံ ဖောက်လုပ်ရန် တာဝန်ပေးခဲ့ပြီး ယုဇနကုမ္ပဏီက B.O.T စနစ်ဖြင့် လမ်းထိန်းသိမ်းရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်မှစ၍ ယခုအခါ မြိတ်မြို့၊ တနင်္သာရီမြို့နှင့် ဘုတ်ပြင်းမြို့တို့မှ ကော့သောင်းမြို့သို့ ရာသီမရွေး၊ အချိန်မရွေး ကားလမ်းဖြင့် ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။

ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်းလမ်းအား အပိုင်းလိုက်၊ နှစ်အလိုက် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယခုအခါ မလွှဲတောင်-ထားဝယ်အပိုင်းတွင် ကတ္တရာကွန်ကရစ် (AC)လမ်း၂၄ ပေအကျယ် မိုင် ၅၀၊ ၄ ဒသမ ၈ ဖာလုံ၊ ထားဝယ်-ပလောက်အပိုင်းတွင်ကတ္တရာကွန်ကရစ် (AC)လမ်း၂၄ ပေအကျယ်၂၈ မိုင် ၇ ဖာလုံ၊ ပလောက်-ပုလော-မြိတ်အပိုင်းတွင် ကတ္တရာကွန်ကရစ်(AC) လမ်း၂၄ ပေအကျယ် ၁၆ မိုင်၂ ဖာလုံ၊ မြိတ်-တနင်္သာရီ-ထုံခါအပိုင်းတွင် ကတ္တရာကွန်ကရစ် (AC)လမ်း၂၄ ပေအကျယ် ၅ မိုင် ၅ ဒသမ ၅ ဖာလုံနှင့် ဘုတ်ပြင်း-ကော့သောင်း အပိုင်းတွင် ကတ္တရာကွန်ကရစ်(AC)လမ်း ၁၈ ပေအကျယ် ၄၈ မိုင်၂ ဒသမ ၃ ဖာလုံ စုစုပေါင်း ကတ္တရာကွန်ကရစ်(AC)လမ်း ၁၄၉ မိုင်၅ ဒသမ ၆ ဖာလုံအထိ ဆောင်ရွက်ပြီးစီးခဲ့ပြီး တစ်လမ်းလုံး၏ ၃၀ ရာခိုင်နှုန်းကို ကတ္တရာကွန်ကရစ်(AC)လမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။ ထို့အပြင် ကတ္တရာ ကွန်ကရစ် (AC)လမ်း ဆောင်ရွက်ပြီး လမ်းအပိုင်းများအား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရန်အတွက် Road Furniture များကိုလည်း အာဆီယံလမ်းမကြီးများ၏ အဆင့်အတန်းနှင့်လျော်ညီစွာ တပ်ဆင်ဆောင်ရွက်ပေးထားပြီးဖြစ်သည်ဟု သိရသည်။

တနင်္သာရီတိုင်းဒေသကြီးသည် မြစ်ချောင်းများပေါများသည့်ဒေသဖြစ်ပြီး ခေတ်အဆက်ဆက်ကြိုးပမ်းခဲ့မှုကြောင့် ထားဝယ်မှ ကော့သောင်းအထိ လမ်းအပိုင်းအား ဆက်သွယ်ဖောက်လုပ်နိုင်ခဲ့သည်။ ယခင် ဆယ်စုနှစ်များက ရေလမ်းခရီးရှပ်ပြေးယာဉ်ကိုသာ အားထားခဲ့ရာမှ ယခုအချိန်၌ လမ်းမကြီးအား အချိန်တိုတောင်းစွာဖြင့် အသုံးပြုနိုင်ပြီဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးသည် သဘာဝသယံဇာတပေါကြွယ်ဝသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး ထိုင်းနိုင်ငံနှင့်နယ်နိမိတ်ချင်း ရှည်လျားစွာ ထိစပ်နေသဖြင့် ဒေသတွင်းနှင့် နယ်စပ်ဂိတ်များမှတစ်ဆင့် ကုန်စည်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်သော ဒေသတစ်ခုဖြစ်ခြင်းကြောင့် အဓိက အသုံးပြုလျက်ရှိသည့် ၎င်းသွေးကြောလမ်းမကြီး(မလွှဲတောင်မှ ကော့သောင်းအထိ)နှင့် အခြားဆက်စပ်လမ်းများအား ဘဏ္ဍာနှစ်အလိုက် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် မလွှဲတောင်မှ ကော့သောင်းသို့ ယာဉ်မောင်းကြာချိန် ၂၄ နာရီခန့်ကြာမြင့်သော်လည်း ယခုအခါ၁၄ နာရီခန့်သာ ကြာမြင့်ခြင်းကြောင့် ၁၀ နာရီခန့် အချိန်ကုန်သက်သာလာခြင်း၊ လမ်းအဆင့်မြှင့်တင်ထားခြင်းကြောင့် ယာဉ်များပျက်စီးမှုလျော့နည်းလာခြင်း၊ ယာဉ်တိုက်မှုများ လျော့ကျလာခြင်း၊ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့လာခြင်းကြောင့် သယ်ယူပို့ဆောင်ရေးစရိတ်များ လျှော့ချနိုင်ခြင်း၊ ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာပြီး ဒေသစေတီပုထိုးများနှင့် ထင်ပေါ်ကျော်ကြားသည့် ကမ်းခြေများ၊ ကျွန်းများသို့ လာရောက်လည်ပတ်ကြခြင်းဖြင့် ဒေသခံများအတွက် လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေခဲ့သည်။ ၎င်းလမ်းအပိုင်းသည် အာဆီယံလမ်း အမှတ်(၁၁၂)တွင် ပါဝင်သည့်အတွက် အနိမ့်ဆုံး အာဆီယံ (Class III)အဆင့် လမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယာဉ်အန္တရာယ် ဖြစ်စေနိုင်သော မျက်ကွယ်ကွေ့/မျက်ကွယ်ကုန်းများအား ဖြတ်ထုတ်၍ လမ်းဖြောင့်ခြင်းလုပ်ငန်းများကို အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသဖြင့် ယာဉ်ကြောင့် မတော်တဆ အန္တရာယ်ဖြစ်ပွားမှုမှလွဲ၍ လမ်းအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၀ ရက်က ဟင်္သာတခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး ကျော်မြသန်း ဦးဆောင်မှုဖြင့် ခရိုင်နှင့်မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ရထားရဲတပ်ဖွဲ့များနှင့် စာရေးဝန်ထမ်းများက ဟင်္သာတခရိုင်ဆေးရုံကြီးဝင်းအတွင်း၊ အပြင်အား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ ကိုဇော်(ဟင်္သာတ)



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၀ ရက်က သဃ်န်းကျွန်းမြို့နယ်ရဲတပ်ဖွဲ့ သုဝဏ္ဏနယ်မြေရဲစခန်းမှူး ရဲအုပ်စန်းဦးနှင့် တပ်ဖွဲ့ဝင်များက ဓမ္မဝိဟာရကျောင်းတိုက်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

ကြေးမုံ





(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် မိုးညိုတန်းရပ်ကွက်ချမ်းမြသာမြေ အခြေခံပညာအလယ်တန်းကျောင်းတွင် စက်တင်ဘာ ၁၀ ရက် နံနက် ၇ နာရီက ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဦးအေးမင်းစိုး၏ ဦးဆောင်မှုဖြင့် အုတ်ဖိုမြို့မရဲစခန်းမှူး ဒုတိယရဲမှူးဝင်းဇော်နှင့် တပ်ဖွဲ့ဝင် ၃၉ ဦး၊ မိသားစုစည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

အောင်သူ(ပြန်/ဆက်)



(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရွှေဆံတော်ရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင်ရွှေဆံတော်စေတီ၌ စက်တင်ဘာ ၁၀ ရက် နံနက် ၇ နာရီက ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမျိုးသန့်နှင့် ခရိုင်ဒုတိယရဲမှူး အောင်နိုင်ဝင်း၊ တွံတေးမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးမျိုးဦးတို့၏ ဦးဆောင်မှုဖြင့် ရဲအရာရှိနှင့်အခြားအဆင့် ၆၀ တို့က ရွှေဆံတော်စေတီခြေတော်ရင်းပတ်ဝန်းကျင်အား သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

တွံတေးသား



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ်(၅)ရပ်ကွက် (၉) လမ်းနှင့် အောင်ဇေယျလမ်း လမ်းမကြီးတစ်လျှောက်တွင် စက်တင်ဘာ ၁၀ ရက် နံနက် ၇ နာရီက မအူပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီထွေး၏ဦးဆောင်လမ်းညွှန်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့များနှင့် ပြည်သူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

ခရိုင်(ပြန်/ဆက်)

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးစောမောင်

**(လ/ ၅၈၈၅၆ ဒုရဲမှူး–ငြိမ်း)**

**အသက် (၈၆) နှစ်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ (ဦးထွန်းဖြူ–ဒေါ်ဆင်)တို့၏သား၊ (ဒေါ်ရီရီ)၏ခင်ပွန်း၊ ဦးစန်းဝင်း–ဒေါ်ယဉ်ယဉ်သီ၊ ဦးမျိုးထွန်း–ဒေါ်ရွှေမာ၊ ဦးစိုးပိုင်မြင့်–ဒေါ်သီတာချို တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ငါး ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၉–၉–၂၀၂၂ (သောကြာနေ့) ည (၀၉:၀၀)နာရီတွင် နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀–၉–၂၀၂၂ (စနေနေ့)မွန်းလွဲ (၀၁:၀၀)နာရီတွင် ကျွဲကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးမောင်မောင်တင့် (RSE–3768)

**စီမံကိန်းအင်ဂျင်နီယာ**

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပ၊ (၁၃)ရပ်ကွက်နေ (ဦးမျိုးတင့်–ဒေါ်ယဉ်မြ)တို့၏သား၊ ဒေါ်ဆွေဆွေလတ်၏ ချစ်လှစွာသောခင်ပွန်း ဦးမောင်မောင်တင့်သည် ၈–၉–၂၀၂၂ ရက်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**Moon Rays Co.,Ltd မိသားစု**

---

## ဦးထွန်းရှိန်

**အလုပ်ရုံစုမှူး(စီမံရေး)(ငြိမ်း)**

**ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း)**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၂)လမ်း၊ တိုက် အမှတ်(၅၁)၊ ပထမထပ်နေ (ဦးအေးမောင်–ဒေါ်နှင်းစိန်)တို့၏သား၊ (ဦးဖိုးသောင်–ဒေါ်အေးခင်)တို့၏သားသမက်၊ ဒေါ်တင်လှိုင်၏ ခင်ပွန်း၊ ဦးညွန့်ဟန်(အဲသံလွင်လေကြောင်းလိုင်း)–ဒေါ်မော်မော်စီ၊ ဒေါ်ဝင်းဝင်းမော်၊ ဦးမျိုးဆန်းအောင်–ဒေါ်စန်းစန်းဝင်း(အလပြ)၊ ဦးကျော်ထွန်းအောင်(ဝင်းသင်နှင့်အဖွဲ့ စာရင်းစစ်များ)၊ ဦးစိန်ဝင်းထွန်း–ဒေါ်မျိုးမျိုးထွေးတို့၏ ချစ်လှစွာသောမွေးသဖခင်၊ ကိုစိုးထိုက်အောင်(WIN Consulting Ltd)၊ ကိုဖြိုးမင်းမြတ်၊ (ကိုမျိုးမင်းသူ)၊ မဖြူစင်သန့်(ဝင်းသင်နှင့်အဖွဲ့ စာရင်းစစ်များ)၊ မအင်ကြင်းမွှေး၊ ကိုအောင်မျိုးမြင့်၊ မောင်ရဲမင်းဇော် တို့၏ ချစ်လှစွာသော အဘိုး ဦးထွန်းရှိန် သည် ၉–၉–၂၀၂၂ ရက်(သောကြာနေ့) ညနေ ၅ နာရီတွင် သုခကမ္ဘာဆေးရုံ၌ (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၁–၉–၂၀၂၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅–၉–၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာမည် ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြို့သစ်(၃)လမ်း၊ သမိုင်း(၁)ရပ်ကွက်၊ မြေကွက်အမှတ်(၇၆)၊ အဆောက်အအုံအမှတ်(၇၆)၊ ၂–ခန်းတွဲ၊ (၆)ထပ်တိုက်ရှိ (၅)လွှာ၊ ခြေရင်းခန်း၊ တိုက်ခန်းကို လက်ရှိပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်စပါယ်လေး [၁၂/မရက(နိုင်)၁၂၆၉၂၈]ထံမှ ကျွန်ုပ်ဦးအောင်မြင့်[၁/မမန(နိုင်)၀၀၂၈၇၄]မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးအောင်မြင့်**

**ဖုန်း–၀၉–၇၅၅၇၀၇၀၂၄၊ ၀၉–၈၉၇၆၃၈၅၇၀**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–သကတ–၁၁၊ မြေကွက်အမှတ်–၂၀၆၊ ဂေါက်ကွင်းပတ်လမ်း၊ ညောင်ရွာရပ်ကွက်၊ မြေအကျယ် (အလျား၄၀ပေxအနံ၆၀ပေ) ရှိဒါနုနုရင်အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စုမြတ်ချယ် [၁၂/လသယ(နိုင်)၀၇၂၂၅၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဒေါ်ခင်နှင်းဝေ [၁၄/ဝခမ(နိုင်)၂၉၀၉၆၅]နှင့် ဒေါ်ချစ်နှင်းဝေ [၁၄/ဝခမ(နိုင်)၂၉၈၉၆၅]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်သည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံလာရောက်၍ ဂရန်(မူရင်း)ပြသကန့်ကွက်နိုင်သည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးနန္ဒာအောင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၄၄၃)**

**Ph:09–774409168**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၆)၊ မြေကွက်အမှတ်(၃၆၀)၊ ဧရိယာ(၄၀'x၆၀') အကျယ်အဝန်းရှိသော ဦးဂိုပါလ် အမည်ပေါက် ပါမစ်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးတင်ဦး [၁၂/လမတ(နိုင်)၀၀၆၈၀၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်တင်မိုးဝေ [၁၂/မဂဒ(နိုင်)၁၂၃၈၀၁]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေကွက် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ–**

| | |
|---|---|
| **ဒေါ်စန်းစန်းထွေး (LL.B)** | **ဒေါ်ခင်အေးဝင်း (LL.B)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၃၇၈၉၂)** | **(စဉ်–၅၂၅၈၂/၂၇–၄–၂၀၂၀)** |
| **အမှတ်(၁၁၁၄)၊ ဗန္ဓုလလမ်း၊** | **အမှတ် (၇၃၇/ခ)၊ မြေညီထပ်၊ မာဃလမ်းမ၊** |
| **(၅၅)ရပ်ကွက်၊** | **(၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊** |
| **ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊** | **ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၆၇၆၄၈၉၈** |
| **ရန်ကုန်မြို့။ဖုန်း–၀၉–၄၅၅၆၂၄၀၈၀** | |

အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း
(MASK) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ




---

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၄၄၁/ခ)၊ မင်းကြီးလမ်း၊ ညောင်ကျေးရွာအုပ်စု၊ ဦးခင်ဝင်း အမည်ပါ မြေချပါမစ်၊ မြေကွက်အမှတ်/သကတ ၁၁/၄၄၁(ခ)၊ မြေတိုင်းရပ်ကွက်လှိုင်သာယာ/သကတ–၁၁ ဟု ခေါ်တွင်သော (အလျား ၂၀ပေ x အနံ ၆၀ပေ) မြေပေါ်ရှိ ပျဉ်ကာ၊ သွပ်မိုး အဆောက်အအုံပါ မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ညိုတင် [ISN–၅၇၀၄၉၈၊ ၁၂/လသယ(နိုင်)၀၀၅၆၃၁]ထံမှ ဦးသိန်းဦး [၁၄/မမက(နိုင်) ၀၅၂၇၄၂] က ငွေအပြေအကျေပေးချေလွှဲပြောင်းဝယ်ယူလက်ရောက်ရရှိပြီး ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်အေးနန္ဒာအောင်(LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၄၄၃)**

**ဖုန်း–၀၉–၇၇၄၄၀၉၁၆၈**

---

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ကျွန်တော် ဦးဗချီ[၁၂/ဥကတ(နိုင်)၀၁၈၄၂၂]သည် ဒေါ်ခင်ခင်သိန်း[၁၂/သကတ(နိုင်)၀၂၇၅၉၇]နှင့် ဦးဝင်းမြင့်အေး[၁၂/သကတ (နိုင်) ၀၉၇၂၁၀]တို့အား ၇–၁–၂၀၁၀ ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် ၂၃၁/၂၀၂၀ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ပါသည်။ အဆိုပါ ကိုယ်စားလှယ်လွှဲစာကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဗချီ[၁၂/ဥကတ(နိုင်)၀၁၈၄၂၂]**

**အမှတ်၄၁၊ ဗြဟ္မစိုရ်လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉–၄၄၈၀၁၉၆၀၆**

---

## "အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမှတ်ပုံတင်စာချုပ်စာတမ်းရုံး၌ ဒေါ်ကြည်ကြည်မေ(ဘ)ဦးတင်အေး[၁၂/အစန(နိုင်)၁၇၅၂၃၈]သည် ဦးမင်းသန့်နောင်(ဘ)ဦးတင်အေး[၁၂/အစန(နိုင်)၁၇၃၂၅၀]ကိုင်ဆောင်သူအား (၁၅–၈–၂၀၂၂)ရက်နေ့တွင် အထွေထွေကိုယ်စားလှယ် လွှဲစာ အမှတ်(၁၄၃၅၀)ဖြင့် လွှဲအပ်ပေးထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီးဖြစ်ပါကြောင်း ဦးမင်းသန့်နောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ကြည်မေ၏ တင်ပြလွှဲအပ်ချက်အရ–**

**ဒေါ်အိရွှေဇင်ကိုကို(LL.B)**

**အထက်တန်းရှေ့နေ(စဉ်–၄၉၈၄၇)**

**အမှတ်(၆)၊ ရောဝဏ်လမ်း၊ ၇/အနောက်၊**

**မြခွာညိုအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉–၅၀၉၆၄၃၈**

---

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ ပိတောက်ရွှေဝါလမ်း၊ မြေကွက်အမှတ် (၆၇၆/ခ)၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ) ရှိ ဦးကျင်ထွေးအမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူများဖြစ်သော ဦးမျိုးအောင် [၁၂/သကတ(နိုင်)၁၅၈၄၄၉]+ ဒေါ်အေးသီတာဝင်းမြင့် [၁၄/ဝခမ(နိုင်)၁၅၇၂၂၉]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ အပြီး အပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသူရဝင်း**

**(B.A, B.Sc (Hons), DBL (Credit), PGDL, LLB(Q), LLM (1st year)**

**(Commercial Law), (WIPO) (Switzerland) အထက်တန်းရှေ့နေ(စဉ်–၄၉၄၂၅)**

**အမှတ်(၂၇)၊ အောင်သပြေအရှေ့(၁)လမ်း၊ ၇ (အရှေ့) ရပ်ကွက်၊ သာကေတမြို့နယ်။**

**ဖုန်း–၀၉–၄၂၁၀၁၈၄၆၅၊ ၀၉–၇၇၇၇၇၉၄၀၉**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ အမှတ်(၅၇၈)၊ ပေ(၄၀ x ၆၀) မြေပေါ် တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ၏ မြေညီထပ် အပေါ် မှန်ခန်း၊ (တိုက်ရှေ့မျက်နှာမူလျှင်– လက်ဝဲဘက်)၊ (၁၈x၅၅)ပေ အကျယ်အဝန်းရှိသော တိုက်ခန်းနှင့် အဆိုပါတိုက်ခန်းတွင် တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံး** တို့ကို **လက်ဝယ်ပိုင်ဆိုင်သူ ဦးမြင့်ဦး (ဘ) ဦးတင်ဝင်း [၁၂/မဂတ(နိုင်)၀၇၀၇၅၂]**မှ မိမိတစ်ဦးတည်းသာ တရားဝင်လက်ရှိပိုင်ဆိုင်ပါကြောင်း၊ လွှဲပြောင်းရောင်းချနိုင်သူဖြစ်ကြောင်း ဝန်ခံပြောဆိုပြီး ရောင်းချလိုကြောင်း ကမ်းလှမ်းပြောဆိုလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အဆိုပါတိုက်ခန်းကို အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့် ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နီလာဝင်း (စဉ်–၁၁၈၄၁)**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(၉၆၉)၊ ဝေဇယန္တာ(၁၃)လမ်း၊ (၆)ရပ်ကွက်၊**

**သာကေတမြို့နယ်၊ ရန်ကုန်မြို့။**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးထွန်းရှိန်

**အသက်(၈၂)နှစ်**

ဝင်းသင်နှင့်အဖွဲ့ စာရင်းစစ်များမှ Audit Partner ဦးကျော်ထွန်းအောင်၏ ကျေးဇူးရှင်ဖခင်ကြီး ဦးထွန်းရှိန်သည် ၉–၉–၂၀၂၂ရက်(သောကြာနေ့) ညနေ ၅ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုဝင်များနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Chairman၊ Vice– Chairman၊**

**ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ**

**ဝင်းသင်နှင့်အဖွဲ့လီမိတက်**

---

သင့်
သွေးဖြင့်
အသက်
ကယ်ပါ

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးမြောက်ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၃၃၂/ခ)၊ ပထမထပ်၊ အကျယ်အဝန်း (၁၈ပေx ၅၄ပေ)ရှိ တိုက်ခန်းနှင့် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ဝသုန်ဖြိုး[၁၄/ပသန(နိုင်)၂၀၇၇၃၈]မှ အရှုပ်အရှင်းကင်းရှင်း၍ တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ်(ရောင်းဖိုးငွေ၏တစ်စိတ် တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံ သောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်မွန်မွန်ချို(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈) ဖုန်း–၀၉–၂၅၀၆၈၅၇၁၇**

**စွမ်းမဟာအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီလီမိတက်**

**အမှတ်(၂၇၉)၊ သုမင်္ဂလာလမ်းမ၊ တတိယထပ်၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉–၇၇၃၂၂၁၀၂၂၊ ၀၉–၇၇၇၇၂၀၁၆၆**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁)၊ ပညာရေး(၁)လမ်း၊ မြေကွက်အမှတ်(၄၅၆)၊ မြေအကျယ်အဝန်း(၁၀ပေx၆၀ပေ)၊ ခေါင်းရင်းခြမ်း၊ မြေကွက်အမှတ်(၄၅၀)နှင့် ကပ်လျက်ဘက်အခြမ်းရှိ မြေချပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်မိုင်တီဂျမ်း (BSN–၀၉၄၆၀၈)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဒေါ်ဝင်းဝင်းထွေး[၁၂/တမန(နိုင်)၁၂၅၁၆၂]သည် နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်ကေကေနိုင်(LL.B)** |
| **(စဉ်–၁၁၄၀၆)** | **(စဉ်–၅၃၃၄၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄–ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဃ) ၊ နှယ်နီ(၁)လမ်း၊ မြေကွက်အမှတ်(၄၅၃/ခ+၄၅၄/ခ) မြေအကျယ်အဝန်းပေ(၄၀x၆၀)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦမှ (ဒုတိယထပ်) (၃)လွှာ၊ ခေါင်းရင်းခြမ်း၊ အကျယ်အဝန်း (၁၈ပေx ၅၄ပေ) အမြင့် (၈ ပေခွဲ) ရှိ တိုက်ခန်း (၁) ခန်းနှင့် ယင်းတိုက်ခန်းတွင် အခိုင်အမာ တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများနှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် မြေပိုင်ရှင် ဦးကျင်ဦး [၁၂/ဥကမ(နိုင်)၀၃၁၇၃၄] မှ ရပိုင်ခွင့်/ခံစားပိုင်ခွင့် ရှိသော တိုက်ခန်းဖြစ်ပြီး မြေပိုင်ရှင် ဦးကျင်ဦး ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏ မိတ်ဆွေထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်ကေကေနိုင်(LL.B)** |
| **(စဉ်–၁၁၄၀၆)** | **(စဉ်–၅၃၃၄၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄–ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ဟာ ကျွန်တော်တို့နိုင်ငံရဲ့ စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းစေဖို့အတွက် ဆက်လက် အလေးထားဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားရှိခဲ့တာနဲ့အညီ ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ဖို့ လိုအပ်တဲ့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေကို ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။ တွေ့ဆုံဆွေးနွေးမှုတွေမှာ ဒေသနဲ့တိုင်းပြည်အတွက် ကောင်းမွန်တဲ့ရလဒ်ကောင်းတွေရရှိခဲ့တဲ့အတွက် ကျန်ရှိနေသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ပါဝင်လာပါက နိုင်ငံရဲ့အနာဂတ်နိုင်ငံရေးဟာ ပြည့်စုံကောင်းမွန်လာမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်) ၁-၈-၂၀၂၂

**ယနေ့ ဖတ်စရာ**


**ချားလ်စ်ဘုရင်(၃) က ဘုရင်မကြီး၏ အတုယူဖွယ် စံနမူနာများကို လိုက်နာရန် ကြိုးပမ်းသွားမည်ဟု ပထမဆုံး အကြိမ်မိန့်ခွန်းတွင် ပြောကြား**

စာမျက်နှာ » ၁၃

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ**

စာမျက်နှာ » ၁၅



**ဘုရားကြီး-မော်လမြိုင်-ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စု လမ်းမကြီး အဆင့်မြှင့်တင်**

စာမျက်နှာ » ၂၄


## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်သူ တစ်ရက်လျှင် ၁၀၀၀၀ ကျော်ရှိ

ညောင်ဦး စက်တင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများမှာ စက်တင်ဘာ ၁၀ ရက် တစ်ရက်တည်းတွင်ပင် လူဦးရေ ၁၀၀၀၀ ကျော်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံ)ရုံးခွဲထံမှ သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်ကြသည့် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးများသည် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ် အဘအောင်မင်းခေါင်ထွက်ပွဲ လာရောက်ကြရာမှ ပုဂံဒေသရှိ သမိုင်းဝင် အထင်ကရဘုရားများဖြစ်သည့် ရွှေစည်းခုံစေတီတော်၊ အာနန္ဒာဘုရား၊ ထီးလိုမင်းလိုစေတီတော်၊ မဟာဋ္ဌက်ပစ်တောင်ဘုရား၊ တုရင်တောင်စွယ်တော်မြတ်စေတီ၊ လောကနန္ဒာ

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❂



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်ကြသူများကို တွေ့ရစဉ်။



ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## MNL ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် ရန်ကုန် သရေကျ

ရန်ကုန် စက်တင်ဘာ ၁၀

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၁) ပထမနေ့အဖြစ် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းတို့ စက်တင်ဘာ ၁၀ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ဂိုးမရှိသရေကျခဲ့သည်။

**သရေရလဒ်ဖြင့် အဆုံးသတ်ခဲ့**

ဇယားထိပ်ဆုံးမှ ရှမ်းယူနိုက်တက်နှင့် ဒုတိယနေရာမှ ရန်ကုန်အသင်းတို့ပွဲမှာ ချန်ပီယံဆုအတွက် အရေးပါသဖြင့် အနိုင်ရရှိရေး ကြိုးပမ်းခဲ့သော်လည်း သရေရလဒ်ဖြင့် အဆုံးသတ်ခဲ့သည်။ ရန်ကုန်အသင်းသည် ယခုပွဲအနိုင်ရပါက ရှမ်းယူနိုက်တက်နှင့် အမှတ်ကွာဟမှုကို လျှော့ချနိုင်မည်ဖြစ်သော်လည်း သရေကျခဲ့သဖြင့် ခြောက်မှတ်အကွာတွင်ဆက်ရှိနေပြီး ချန်ပီယံမျှော်လင့်ချက်တွင် ဆက်လက်ရုန်းကန်ရတော့မည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပထမပိုင်းတွင် ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားနိုင်သော်လည်း ရန်ကုန်အသင်း၏ ခံစစ်ကစားပုံကို မကျော်နိုင်သဖြင့် ထိရောက်သည့် ဂိုးသွင်းခွင့်မရခဲ့ပေ။

စာမျက်နှာ ၂၃ ကော်လံ ၅ သို့ ❍